
# သမိုင်း နှင့် သမိုင်းကို ဖန်တီးသူများ

## ဘဒ္ဒန္တကောသလ္လ






လူတစ်ယောက်သည် သူဖြတ်သန်းကျော်လွှားနေသည့်ခေတ်ကြီးကို
သူ့ပခုံးပေါ် တင်ပေးလိုက်လျှင် ထိုသမိုင်းတာဝန်ကို
သူဘယ်လောက် သည်ပိုးထမ်းရွက်နိုင်သည်ဆိုသောပေတံနှင့်တိုင်းတာရန်မမေ့သင့်ပေ။
ထိုကဲ့သို့ သမိုင်းတာဝန်ထမ်းဆောင်ရစကောင်းမှန်းမသိသောလူမျိုးသည်
အတိတ်က မိမိကျူးလွန်ခဲ့ပြီးသော အမှားအယွင်းကို ထပ်မံကျူးလွန်မှုပြုရန်
ကြမ္မာငင်နေခြင်းသာဖြစ်သည်။



ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နယ်စပ်ကြားရှိ ဓမ္မရာဇိကစေတီတော် တက္ကသီလာ

# သမိုင်း နှင့် သမိုင်းကို ဖန်တီးသူများ

တဒ္ဒနာကောသလ္လ



# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ✳ ပထမအကြိမ်၊ အုပ်ရေ(၂၀၀၀)

ထုတ်ဝေခြင်း ✳ အောက်တိုဘာ၊ ၂၀၁၃

တန်ဖိုး ✳ ၈၀၀-ကျပ်

အတွင်းဖလင် ✳ ဦးမြင့်သူ(ဖိုးစီ)၊ အောင်ဖြိုး(မိုးစီ)

စာအုပ်ချုပ် ✳ လောကသရဖူ စာအုပ်တိုက်

ထုတ်ဝေသူ ✳ မမျိုးမျိုးလတ်(ရွှေခေတ်စာပေ)
အမှတ်(၂၁)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ✳ တော်ဝင်ထွန်းပုံနှိပ်တိုက်(မြဲ-၁၀၉၈၁)
အမှတ်(၁၇)၊ (၅၂)လမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး ✳ **မွေရောင်ခြည်မွေဒါနလုပ်ငန်း**
သိမ်ကြီးဈေး(စီ)ရုံ၊ အဆောင်(၄)၊ ပထမထပ်၊
ရွှေတိဂုံဘုရားလမ်း။
ဖုန်း-၃၈၀၉၃၅၊ ၃၇၁၈၀၀လိုင်းခွဲ(၃၆၄)၊၀၉၅၀၇၉၆၇၄

ဘဒ္ဒန္တကောသလက္ခ ၁၀၀
သမိုင်းနှင့်သမိုင်းကိုဖန်တီးသူများ
ဘဒ္ဒန္တကောသလက္ခ ။ – ရန်ကုန်၊
ရွှေခေတ်စာပေ၊ ၂၀၁၃။
စာ ၁၁၀၊ 18.5 x 24 စင်တီ။
(၁) သမိုင်းနှင့်သမိုင်းကိုဖန်တီးသူများ

ဘဒ္ဒန္တ ကောသလ္လ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# သမိုင်းနှင့် သမိုင်းကိုဖန်တီးသူများ

ဓမ္မဒါနပြုလိုသူများဆက်သွယ်ရန်-
စံပြသာသနာပြုကျောင်းတိုက်
တံတားလေးလမ်းဆုံ၊ စွယ်တော်မုခ်ဦးရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၃၀၉၂၊ ၆၅၂၄၇၇

# မာတိကာ


စာမျက်နှာ

၁။ စာအုပ်မိတ်ဆက် - ၁
၂။ ကျေးဇူးစကား - ၅
၃။ စာရေးသူ၏ ထေရုပ္ပတ္တိ - ၈

၄။ ရှေးဟောင်းခေတ်အိန္ဒိယနိုင်ငံ၏နိုင်ငံရေးနှင့်ဘာသာရေးကိုလေ့လာခြင်း။

(၁) ရှေးဟောင်းခေတ်အိန္ဒိယသို့ ဝင်လာသော လူမျိုးနွယ်များ - ၁၁
(၂) အိန္ဒိယနိုင်ငံမှပေါ်ထွက်လာသောဘာသာများ - ၁၂
(၃) ဂေါတမဗုဒ္ဓလက်ထက်တွင်သာသနာ ရောက်ရာဒေသများ - ၁၄
(၄) မဇ္ဈိမဒေသ အပြောင်းအလဲနှင့် ဘာသာရေးအခြေအနေ - ၁၅
(၅) အဇာတသတ်မင်းနှင့် ရာဇဂြိုဟ်နန်းတွင်းရေး - ၁၆
(၆) ဝေသာလီမင်းဆက်နှင့် နန္ဒမင်းဆက်တို့အခြေအနေ - ၁၇
(၇) မောရိယမင်းဆက်နှင့်ဘာသာရေး - ၁၉
(၈) အသောကမင်းကြီးနှင့်ဗုဒ္ဓဘာသာ - ၂၀
(၉) အိန္ဒိယပြည်တွင်းသို့ သာသနာပြုအဖွဲ့တို့ကြွရောက်ရာဒေသများ - ၂၂
(၁၀) အိန္ဒိယအပြင်ဘက်သို့သာသနာပြုအဖွဲ့တို့ကြွရောက်ရာဒေသများ - ၂၃
(၁၁) အသောကမင်းကြီးနှင့်နန်းတွင်းရေး - ၂၄
(၁၂) အသောကမင်း၏မိသားစုစာရင်း - ၂၅
(၁၃) မဇ္ဈိမဒေသတွင်ဗုဒ္ဓသာသနာကျဆုံးခြင်း - ၂၆
(၁၄) မိလိန္ဒမင်းနှင့် အရှင်နာဂသေန - ၂၇
(၁၅) အိန္ဒိယတောင်ပိုင်းနှင့်ဗုဒ္ဓဘာသာ - ၂၈
(၁၆) အိန္ဒိယမြောက်ပိုင်းနှင့်ဗုဒ္ဓဘာသာ - ၂၉

စာမျက်နှာ

(၁၇) ဘင်္ဂါဒေသနှင့်ဗုဒ္ဓဘာသာ - ၃၀
(၁၈) ကျမ်းကိုးစာရင်း - ၃၂
(၁၉) လေ့ကျင့်ရန်မေးခွန်း - ၃၄

၅။ ပုဂံခေတ် အနော်ရထာမတိုင်မီ ဝင်ရောက်လာသော
လူမျိုးနွယ်များနှင့်မြို့ ပြနိုင်ငံများကိုလေ့လာခြင်း
(၁) တကောင်းခေတ်မတိုင်မီရှေးဟောင်း လူမျိုးနွယ်ပုံရိပ် - ၃၅
(၂) တကောင်းခေတ်အကြိုပုံရိပ် - ၃၆
(၃) တကောင်းခေတ်ပျူပုံရိပ် - ၃၆
(၄) ဗိဿနိုးခေတ် ပျူပုံရိပ် - ၃၉
(၅) သရေခေတ္တရာခေတ် ပျူပုံရိပ် - ၄၀
(၆) ပုဂံခေတ်မြန်မာပုံရိပ် - ၄၂
(၇) သုဝဏ္ဏဘူမိခေတ် မွန်ပုံရိပ် - ၄၄
(၈) ဓညဝတီခေတ်ရခိုင်ပုံရိပ် - ၄၆
(၉) မွတ်ဆလင်ဘွဲ့ခံယူထားသောရခိုင်မင်းများ - ၄၇
(၁၀) ကျမ်းကိုးစာအုပ်များ - ၄၈
(၁၁) လေ့ကျင့်ရန်မေးခွန်းများ - ၄၉

၆။ မြန်မာနိုင်ငံသမိုင်းနှင့်သမိုင်းကိုဖန်တီးသူများ
(၁) မြန်မာနိုင်ငံနှင့်ဗုဒ္ဓဘာသာ - ၅၀
(၂) ပျူခေတ်နှင့် ဗုဒ္ဓဘာသာ - ၅၁
(၃) သရေခေတ္တရာခေတ်နှင့်ဗုဒ္ဓဘာသာ - ၅၂
(၄) ပုဂံခေတ်နှင့်ဗုဒ္ဓဘာသာ - ၅၄
(၅) ဗုဒ္ဓဘာသာနှင့်မြန်မာစာပေအက္ခရာ - ၅၆

စာမျက်နှာ

(၆) ဗုဒ္ဓဘာသာနှင့်ပုဂံအင်ပါယာ - ၅၇
(၇) မြန်မာစာပေနှင့်စာဆိုရှင်များ - ၅၈
(၈) ဗျတ်ဝိ ဗျတ္တာဟူသည် - ၆၁
(၉) မြန်မာနိုင်ငံသို့ဝင်ရောက်လာသော လူမျိုးခြားများ - ၆၂
(၁၀) မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ဘာသာခြားများ - ၆၃
(၁၁) ခရစ်ယာန်တို့၏ သာသနာပြုနည်းများ - ၆၅
(၁၂) ခရစ်ယာန်ဆရာဖြစ်ကျောင်း - ၆၆
(၁၃) ကျမ်းကိုးစာအုပ်များ - ၆၈
(၁၄) လေ့ကျင့်ရန်မေးခွန်း - ၆၉

## ၇။ သမိုင်းစာမျက်နှာပေါ်ကမြန်မာနိုင်ငံ

(၁) နယ်ချဲ့နှင့်မြန်မာနိုင်ငံ - ၇၁
(၂) အမျိုးသားရေးစိတ်ချိုးနှိမ်ခံခဲ့ရခြင်း - ၇၂
(၃) ကျွန်ပညာရေးစနစ် - ၇၃
(၄) နယ်ချဲ့အမွေ - ၇၄
(၅) မတူညီသူများယှဉ်တွဲနေထိုင်ခြင်း - ၇၅
(၆) ၈၂-နှစ်အတွင်း တိုးပွားလာသောလူဦးရေ - ၇၆
(၇) ဘုန်းတော်ကြီးကျောင်းနှင့်လုပ်ငန်းအမျိုးအစားများ - ၇၇
(၈) ဆုံးရှုံးနစ်နာနေရသောလုပ်အားများ - ၇၈
(၉) ခေတ်သစ်သာသနာပြုနည်း - ၈၀
(၁၀) ပေါင်းကူးတံတားသဖွယ် - ၈၁
(၁၁) ကျမ်းကိုးစာအုပ်များ - ၈၃
(၁၂) လေ့ကျင့်ရန်မေးခွန်းများ - ၈၄

# စာအုပ်မိတ်ဆက်

## ရာဇဝင်နှင့်သမိုင်း

ရှေးဟောင်းခေတ် ဘုရင်တို့၏ အမည်များ၊ မင်းစဉ်မင်းဆက်များ၊ ခုနှစ်သက္ကရာဇ်များ၊ နန်းတွင်းရေး အဖြစ်အပျက်များ၊ ဆွေစဉ်မျိုးဆက်များနှင့် သူတို့တိုက်ခိုက်သော စစ်ပွဲများအကြောင်းတို့ကို ရေးသားသည့်စာကို ရာဇဝင်ဟုခေါ်ဆိုသည်။ ရာဇ-မင်းဘုရင်များ၊ ***ဝံသ***-အနွယ်အဆက်၊ ***ရာဇဝံသ***-မင်းဘုရင်တို့၏ အနွယ်အဆက်များဟုခေါ်၏။ ထို့ကြောင့် အဆိုပါ**ရာဇနှင့်ဝံသ**ကို ပေါင်းစပ်၍ မြန်မာမှုပြုသောအခါ ***ရာဇဝင်*** ဟူ၍သုံးနှုန်းခေါ်ဝေါ် ခဲ့ခြင်းဖြစ်ခဲ့ပါသည်။

ဤစာအုပ်သည်မြန်မာနိုင်ငံ၏လူမျိုးနွယ်များ၊ ထိုလူမျိုးနွယ်များဆင်းသက်လာပုံများ၊ နေထိုင်ရာ မြို့ပြများ၊ ယုံကြည်ရာဘာသာများနှင့် သဘာဝပတ်ဝန်းကျင်များအကြောင်းနှင့်အိမ်နီးချင်းနိုင်ငံများ အကြောင်းကိုရေးသားခြင်းဖြစ်သောကြောင့် သမိုင်းဟု ခေါ်ဆိုသည်။

## စာမျက်နှာ


### ၈။ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံတို့၏ဆက်ဆံရေးသမိုင်း

(၁) အိမ်နီးချင်းဟူသည် - ၈၅
(၂) ထိုင်းနိုင်ငံ - ၈၆
(၃) လာအိုနိုင်ငံ - ၈၇
(၄) တရုတ်နိုင်ငံ - ၈၈
(၅) အိန္ဒိယနိုင်ငံ - ၈၉
(၆) ဘင်္ဂလားဒေ့ရှ်နိုင်ငံ - ၉၁
(၇) ကျမ်းကိုးစာအုပ် - ၉၄
(၈) လေ့ကျင့်ရန်မေးခွန်း - ၉၅

### ၉။ နောက်ဆက်တွဲ

(၁) ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့တို့ ကြွရောက်ရာဒေသများ - ၉၆
(၂) ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများတွင်ရှိသောဗုဒ္ဓဘာသာဝင်ဦးရေဇယား ၉၇
(၃) ဘာသာပေါင်းစုံကိန်းဂဏန်းစာရင်းဇယား - ၉၇
(၄) ၁၉၆၈-ခုမှ ယခု၂၀၁၃-ခုအတွင်း သာသနာပြုမှတ်တမ်း - ၉၈
(၅) ထုတ်ဝေပြီးစာအုပ်များ - ၁၀၂

### ၁၀။ မြေပုံများ

ကမ္ဘာလူသားမျိုးနွယ်များ ဆင်းသက်ပုံ - ၃၇
မြန်မာနိုင်ငံတွင်းသို့ လူမျိုးများ ဝင်ရောက်လာပုံ - ၅၃
ရှေးဟောင်းယူခေတ်ကုန်သွယ်ရေး လမ်းကြောင်းများ - ၆၀


*   *   *

## သမိုင်းနှင့်သမိုင်းကိုဖန်တီးသူများ

စားဝတ်နေရေး၊ လူမှုရေးတို့ဖြင့် နပန်းလုံးနေရသော မြန်မာလူမျိုးတို့သည် မြန်မာနိုင်ငံသမိုင်း ကိုလေ့လာမှုအားနည်း နေသည်မှာကြာပါပြီ။ ကိုယ်နေထိုင်သည့်နိုင်ငံကို ဘယ်တုန်းကပေါ်လာမှန်း ပင်သိကြ တော့မည်မထင်ပါ။ ထို့အတူနိုင်ငံတည်ထောင်ဖက်ဖြစ်သော တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် အပြင်မှ တိုးဝင်လာသော သူစိမ်းတို့ကိုခွဲခြားသိတော့မည်မဟုတ်သဖြင့် နောင်အခါတွင် ရောထွေးသွားနိုင်ပေသည်။

ထိုအတိုင်းသာ သမိုင်းနှင့် ကင်းကွာနေဦးမည်ဆိုလျှင် နောင်အနာဂတ်ကာလတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်းပင် သူစိမ်းပြင်ပြင်ဖြစ်သွားနိုင်သည်။ ထို့နောက် သူစိမ်းကို ဆွေမျိုးယောင် ထင်မှတ်သွားနိုင်ပေသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ထောင်ဖက် တိုင်းရင်းသားညီအစ်ကို မောင်နှမ အချင်းချင်း ရှေးကထက် ချစ်ခင်ရင်းနှီးလိုစိတ်မွေးမြူကြဖို့၊ ရိုင်းပင်းကူညီလိုစိတ်မွေးမြူကြဖို့၊ ရှေးခေတ်ဟောင်းအဘိုးအဘွားတို့ပေးအပ်သွားခဲ့သော နိုင်ငံတော်ကြီးကိုအတူတကွ လက်တွဲထိန်းသိမ်းစောင့်ရှောက်ကြဖို့ကို မေ့မသွားစေရန် သတင်းစကားပြောလိုသဖြင့် ဤစာအုပ်ကိုရေးသားခြင်းဖြစ်သည်။

ဤစာအုပ်ကိုအခန်းကြီး(၅)ခန်းခွဲ၍ရေးသား၏။ အခန်းကြီးတစ်ခုစီတွင် ခေါင်းစီးငယ်များပေး၍ စာဖတ်သူငြီးငွေ့မသွားစေရန် သမိုင်းကိုသိရုံမျှ အကျဉ်းချုံးရေးသားထားပေသည်။ လူအမည်နှင့်

သက္ကရာဇ်တို့ကို မထည့်လျှင် သမိုင်းအရသာ ပေါ်မည်မဟုတ်သဖြင့် ထည့်သွင်းရေးသားရခြင်းဖြစ်ရာ ကြိုးစားဖတ်ရှုရန် တိုက်တွန်းခဲ့ပါသည်။

ဤစာအုပ်တွင်အိန္ဒိယသမိုင်းကိုထည့်သွင်းရေးသားခြင်းမှာ မြန်မာနှင့် နိုင်ငံနယ်နမိတ်ချင်း ဆက်စပ်နေခြင်း၊ လူမျိုးနွယ်ချင်း ဆက်သွယ်မှုရှိခြင်း၊ ယဉ်ကျေးမှုအရ ဆက်သွယ်မှုရှိခြင်း၊ အိန္ဒိယတွင် ဗုဒ္ဓသာသနာကျဆုံးသွားရခြင်း စသည့်အကြောင်းရင်းတို့ကို သိရန် လိုအပ်၍ဖြစ်ပါသည်။ ထို့အပြင်မြန်မာနှင့် အိမ်နီးချင်းနိုင်ငံတို့၏ ဆက်ဆံရေးကြောင့် မြန်မာနိုင်ငံတွင် ကောင်းကျိုးနှင့်ဆိုးပြစ်နစ်ခု အနက် ဘယ်သင်းဘယ်ဟာဖြစ်စေခဲ့သလဲ၊ သို့မဟုတ်ဖြစ်စေနိုင်သလဲဟူ၍ မှန်းဆသိစေရန်လည်းရည်ရွယ်လျက်ရေးသားခြင်းဖြစ်ပါသည်။

သမိုင်းကိုစိတ်ဝင်စားသဖြင့် အကျယ်ကိုဖတ်ရှုလိုသူများ အတွက်ရှာဖွေ၍လွယ်ကူစေရန် ကိုးကားကျမ်းစာအုပ်များကိုအခန်းလိုက် ဖော်ပြထားသကဲ့သို့ **သမိုင်းဉာဏ်ရွှင်လိုသူများ** လေ့ကျင့်ရန် **မေးခွန်းများ**လည်း ထည့်သွင်းပေးထားပါသည်။ လေ့ကျင့်ခန်းမေးခွန်းများကို ကိုယ်ပိုင်ဉာဏ်ဖြင့် အဖြေရှာကြည့်မည် ဆိုလျှင်စာရှုသူအတွက် တစ်စုံတစ်ရာ အထောက်အကူဖြစ်လိမ့်မည်ဟုမျှော်လင့်ပါသည်။

**သမိုင်းကိုသစ္စာဖောက်သူမဖြစ်စေသင့်**

***"မိမိနိုင်ငံ၏ သမိုင်းကို ဖတ်ရှုလေ့လာရကောင်းမှန်း မသိသော လူမျိုးသည်အတိတ်က မိမိကျူးလွန်ခဲ့သည့်အမှားအယွင်း***

*ကို ထပ်မံကျူးလွန်ရန်အတွက် ကြံရွယ်နေခြင်းသာဖြစ်သည်*" ဟု အဘိဓမ္မာပညာရှင်ဂျောစန္တယန၏ အဆိုအမိန့်ကိုသဘောကျခဲ့သည်။

သမိုင်းကို ဖတ်ရှုလေ့လာ၍ အတိတ်အကြောင်း အခြင်းအရာကို သိမြင်လာသောအခါ ထိုအတိတ် အမှားအယွင်းမျိုး ထပ်မံကျူးလွန်ရာမရောက်မိစေရန်နှင့်ညီအစ်ကိုမောင်နှမတိုင်းရင်းသားတို့အတူလက်တွဲ၍အမိမြန်မာနိုင်ငံတော်ကိုထိန်းသိမ်းစောင့်ရှောက်သွားလိုစိတ်ဖြစ်ပေါ်လာစေရန်မျှော်လင့်ပါသည်။

# ကျေးဇူးစကား

ပေါင်းကူးစာအုပ်

သမိုင်းနှင့် သမိုင်းကို ဖန်တီးသူများစာအုပ်သည် သမိုင်းစစ်စစ် စာအုပ်မဟုတ်ပါ။ စာဖတ်ပရိသတ်နှင့် သမိုင်းကို ဆက်သွယ်ပေးသည့်ပေါင်းကူးစာအုပ်သာဖြစ်သည်။ သမိုင်းနယ်ထဲသို့ဝင်ရောက်လိုသူများ ဖြတ်သန်းရာတွင် ခိုင်ခန့်မှုရှိစေရန် ပေါင်းကူးတံတားသဖွယ်ဖြစ်သော ဤစာအုပ်ကို ပုံနှိပ်ခြင်းမပြုလုပ်မီ စာမူအဆင့်၌ အကြိမ်ပေါင်းများစွာ ဖတ်ရှုတည်းဖြတ်ခဲ့သည်။

ယင်းသို့ ဖတ်ရှုတည်းဖြတ်သော်လည်း အားရတင်းတိမ်ခြင်းမရှိသေးသဖြင့် အလွှာစုံရှိပညာရှင်များ၊ စာဖတ်ပရိသတ်များထံသို့ စာမူကြမ်း(စာအုပ်)များကိုပေးပို့၍ ဖတ်ရှုတည်းဖြတ်စေခဲ့သည်။ အဆိုပါ ပညာရှင်များ၊ စာဖတ်ပရိသတ်များ၏တည်းဖြတ်မှု၊ ဝေဖန်အကြံပေးမှုတို့ကို အခြေခံ၍ အမှားအယွင်း အနည်းဆုံးဟု ယူဆလျက် ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

## ကျေးဇူးတင်ထိုက်သူများ

| | | |
|---|---|---|
| (၁) | ဦးအောင်သိန်းညွန့် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) သာထွန်းပြန့်ဦးစီးဌာန |
| (၂) | ဦးတင်အောင်ထွန်း | ညွှန်ကြားရေးမှူး၊ သာထွန်းပြန့်ဦးစီးဌာန |
| (၃) | ဦးကိုကိုမြင့် (တက္ကသိုလ်သျှင်သီရိ) | ဒုတိယညွှန်ကြားရေးမှူးငြိမ်း၊ သာထွန်းပြန့်ဦးစီးဌာန |
| (၄) | ဦးလှမျိုး | ဥက္ကဋ္ဌ၊ ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း |
| (၅) | ဦးလှသိန်းထွန်း | ဘာသာပြန်အဖွဲ့၊ သာသနာရေးဝန်ကြီးဌာန |
| (၆) | ဦးသိန်းဦး | အယ်ဒီတာ၊ အပ္ပမာဒမဂ္ဂဇင်း |
| (၇) | ဦးကျော်စိုး (မောင်ကျေးဇူး) | အယ်ဒီတာ၊ ပညာတန်ဆောင်မဂ္ဂဇင်း |
| (၈) | ဦးသူရဇော် (ဦးစိန်လှိုင် - မဟာဝိဇ္ဇာ) | အယ်ဒီတာချုပ်၊ ဓမ္မဒူတမဂ္ဂဇင်း |
| (၉) | မောင်သွေးချွန် | အယ်ဒီတာချုပ်၊ ဘာသာသွေးဂျာနယ် |
| (၁၀) | ဦးသန်းထိုက်အောင် | လက်ထောက်ကထိက၊ သမိုင်းဌာန၊ အရှေ့ပိုင်းတက္ကသိုလ် |

| | | |
|---|---|---|
| (၁၁) | ဒေါက်တာအာကာမိုးသူ | လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ် |
| (၁၂) | ဦးပဒုမသာရ | ပါမောက္ခဌာနမှူး၊ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန |
| (၁၃) | ဦးဝိစိတ္တာဘိဝံသ (ဝီရသူ) | မဝွသဟာယကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မန္တလေး |
| (၁၄) | ဦးဝိစိတ္တ (လေးအိမ်စု) | ကရင်ပရိယတ္တိစာသင်တိုက်၊ ဖဟန်း။ |

အထက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များသည် သမိုင်းနှင့် သမိုင်းကိုဖန်တည်းသူများစာမူကို ဖတ်ရှုခြင်း၊ တည်းဖြတ်ခြင်း၊ အကြံပေးခြင်းတို့ကြောင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များဖြစ်၍ မှတ်တမ်းတင်အပ်ပါသည်။



## စာရေးသူ၏ ထေရုပ္ပတ္တိ

စာရေးသူ အရှင်ကောသလ္လသည် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ လှေဝန်းကျေးရွာတွင် ဖွားမြင်သူဖြစ်သည်။

အသက်(၁၃)နှစ်သားအရွယ်တွင် သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ပြီး အောင်လံ၊ ပြည်၊ ရန်ကုန်မြို့တို့၌ ပရိယတ္တိစာပေကို (၁၀)နှစ်ခန့် သင်ယူခဲ့သည်။

စာသင်တိုက်မှ အနားယူသောနှစ်မှာပင် မှတ်ပုံတင်ဘုန်းတော်ကြီး မူလတန်းကျောင်း၌ ပညာရေးဖြင့် သာသနာပြုလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ရာ ယင်းသာသနာပြုလုပ်ငန်းများကို သိရှိမှုအောက်ပါအတိုင်း ဖော်ပြပါသည်။

(၁) မှတ်ပုံတင်ဘုန်းတော်ကြီးမူလတန်းကျောင်းဖွင့်၍
သင်ကြားရေး၊ အုပ်ချုပ်ရေးတာဝန် ၃၀ နှစ်

(၂) ရပ်ကွက်၊ မြို့နယ်၊
တိုင်းသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏တာဝန် ၃၀ နှစ်

(၃) ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲတို့၏
ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးတာဝန် ၂၀ နှစ်

(၄) အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်
သင်ကြားမှုတာဝန် ၃၀ နှစ်

(၅) လုံးချင်းစာအုပ်များရေးသားထုတ်ဝေရာတွင် ၃၁ အုပ်

ယင်းသာသနာပြုလုပ်ငန်းများအပြင် လောကတ္ထစရိယဖောင်ဒေးရှင်း အဖွဲ့ကို ဖွဲ့စည်းတည်ထောင်၍ ရန်ကုန်၊ ရောဝတီ၊ မကွေး နှင့် တရင်ပြည်နယ် အသီးသီးတို့တွင် အောက်ဖော်ပြပါလူထုအကျိုးပြုလုပ်ငန်းများကိုလည်း လုပ်ကိုင် ဆောင်ရွက်ခဲ့သည်။

(၁) လူမှုဖွံ့ဖြိုးရေးအမြင်ဖွင့်သင်တန်းမျိုးစုံ (၆၅) ကြိမ်ဖွင့်လှစ်သင်ကြားခြင်း

(၂) မြန်မာ့ယဉ်ကျေးမှုကိုအခြေခံသော လူမှုဖွံ့ဖြိုးရေးအမြင်ဖွင့် မင်္ဂလာ တရားသင်တန်း (၁၅) ကြိမ်

(၃) ပထဝီဘာသာရေးသမိုင်းအလုပ်ရုံဆွေးနွေးပွဲသင်တန်း (၂) ကြိမ်

(၄) ကျေးလက်စာကြည့်တိုက် (၉) လုံးတည်ထောင်ဖွင့်လှစ်ခြင်း

(၅) ကရင်ပြည်နယ်တွင်သံကူတွန်းကရစ်တစ်ထပ်တိုက်ဆောက်၍ကျေးလက် ဆေးပေးခန်းဖွင့်လှစ်ခြင်း

(၆) ကရင်ပြည်နယ်တွင်ပေ (၈၅၀) အကျယ် ချောင်းကူးတံတားကိုသံကူတွန်း ကရစ်ဖြင့် ဆောက်လုပ်ခြင်း

(၇) ၂၀၀၆–ခုနှစ်ကရင်ပြည်နယ်တောင်သရောဒေသရေဘေးသင့်သူတို့အား ဆန်၊ဆီ၊ဆား စသည့် စားသုံးပစ္စည်းများ ထောက်ပံ့ခြင်း

(၈) ၂၀၀၈–ခုနှစ်တွင်နာဂစ်ဒေသ၌သံကူကွန်ကရစ်တစ်ထပ်တိုက်မူလတန်း စာသင် ကျောင်း ဆောင်(၄)လုံး ဆောက်လုပ်ခြင်း

(၉) ၂၀၀၈–ခုနှစ်၊ နာဂစ်မုန်တိုင်းဒဏ် ခံရသူတို့အား ကယ်ဆယ်ရေးပစ္စည်း များ ထောက်ပံ့ခြင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို (၁) နှစ်ကျော်ကြာ တာဝန်ယူဆောင်ရွက်ခြင်း၊

(၁၀) ကျေးလက်ဒေသ လူမှုရေးအဖွဲ့(၁၄)ဖွဲ့တို့ကို အသေးစားစီးပွားရေး လုပ်ငန်း လုပ်ဆောင်နိုင်စေရန် ဘတ်ဂျက်ငွေသိန်း(၃၀၀) ခန့် ထောက်ပံ့ခြင်း

(၁၁) မကွေးတိုင်းတွင်ကျေးလက်သုံး ၄–လက်မ အဝီစိတွင်း(၂)တွင်းနှင့် ရေစက်၊ ရေစင်တို့တူးဖော်ပေးခြင်း

(၁၂) မကွေးတိုင်းတွင် တောင်သူသုံး မွေးနွားမအကောင်ရေ (၄၀)ထောက် ပံ့ခြင်း

(၁၃) ပညာထူးချွန်သူ (၁၀)ယောက်တို့အား တက္ကသိုလ် ပညာသင်စရိတ် ထောက်ပံ့ခြင်းစသည့် လူမှုရေးအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင် ပေးခဲ့သည်။

# ရှေးဟောင်းခေတ် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးနှင့် ဘာသာရေးကိုလေ့လာခြင်း

## ရှေးဟောင်းခေတ်အိန္ဒိယသို့ဝင်လာသောလူမျိုးနွယ်များ

***အာရိယန်***တို့သည် ပါရှန် (ယခု အီရန်) ဒေသကို ဖြတ်၍ အနောက်မြောက်ဘက်မှ အိန္ဒိယနိုင်ငံတွင်း သို့ဝင်ရောက်လာကြသည်။ သူတို့သည် အိန္ဒုမြစ်ဝှမ်းမှ တောင်ဘက်သို့ ဆင်းလာသောအခါ ဒေသခံ***ဒရာဗီဒီယန်*** တို့နှင့် ဆုံတွေ့သဖြင့် အရှေ့ဘက်သို့ ဦးလှည့်သွားရာ ဂင်္ဂါမြစ်ဝှမ်းသို့ ရောက်ကြသည်။ ထိုအရပ်တွင် သာဝတ္ထိ၊ ဗာရာဏသီ၊ ကောသမ္ဗီ၊ ရာဇဂြိုဟ်စသည့် တိုင်း နိုင်ငံများ တည်ထောင်လျက် အခြေချနေထိုင်ကြသည်။

ဒရာဗီဒီယန်တို့ကလည်း **ဒက္ခိဏကုန်းမြေ**ကို ဖြတ်ကျော်ကာ အိန္ဒိယတောင်ပိုင်းသို့တိမ်းရှောင်သွားပြီး ထိုဒေသတွင်မင်းနိုင်ငံငယ်များ တည်ထောင်စိုးစံကြလေသည်။ သူတို့ကို အိန္ဒိယ တောင်ပိုင်းသား *တမီးလ်လူမျိုး*ဟုခေါ်ပြီးအများစုမှာ ဟိန္ဒူဘာသာကိုးကွယ်

ကြသည်။ ထိုအချိန်ကသူတို့နှင့်လိုက်ပါမသွား သူတို့မှာ အာရိယန်တို့နှင့် သွေးနှောသွားခဲ့ကြသည်။

ထိုကာလနှင့် မရှေးနှောင်းတွင် – တိဗက်ကုန်းမြေ အနောက်ဘက်မှဆင်းလာသူ ***မွန်ဂိုလွိုက်*** မျိုးနွယ်ဝင် ***တိဗက်တိုဘာမင်*** ခေါ် တိဗက်မြန်မာ လူမျိုးတို့သည် အိန္ဒိယအရှေ့ဘက်သို့ ဝင်ရောက်သွားခဲ့ကြသည်။သူတို့သည် ဟိမဝန္တာတောင်၏ တောင်ဘက်မြေပြန့်အရပ်တွင် ***ဝေသာလီ၊ ကောလိယ၊ ဒေဝဒဟ၊ ကပိလဝတ်*** စသည့် တိုင်းနိုင်ငံများ တည်ထောင်နေထိုင်ကြသည်။ အဆိုပါ **တိဗက်တိုဘာမင်**ခေါ် တိဗက်မြန်မာလူမျိုး တို့မှာ ခတ္တိယ လူမျိုး၊ **သာကီဝင်**များပင်ဖြစ်သည်။ ထို ***သကျသာကီဝင်လူမျိုး***တို့ သည် အနောက်ဘက်အရပ်မှ ရောက်လာသော အာရိယန်တို့ နှင့် ရောနှောနေထိုင်၍ အာရိယန်စကားကိုပြောဆိုခဲ့ကြသည်။

## အိန္ဒိယနိုင်ငံမှပေါ် ထွက်လာသောဘာသာများ

ကမ္ဘာပေါ်တွင် လူအများစုကိုးကွယ်သော ဘာသာကြီး(၄) ခုတွင် ***ဟိန္ဒူဘာသာ နှင့် ဗုဒ္ဓဘာသာ*** တို့မှာ အိန္ဒိယနိုင်ငံ၌ ပေါ်ထွန်းလာသောဘာသာများ ဖြစ်ကြသည်။ ဟိန္ဒူဘာသာ တည်ထောင်သူ အာရိယန်တို့သည် ရှေးအခါက နတ်အမျိုးမျိုးတို့ကို ကိုးကွယ်သူများဖြစ်သော်လည်း နောက်ပိုင်းတွင် နတ်တို့ထက်တန်ခိုးကြီးသည်ဟု ယူဆသော ***ဗြဟ္မာ***ကိုပြောင်း၍ ကိုးကွယ်လာခဲ့သူများဖြစ်သည်။

ထိုကဲ့သို့ဗြဟ္မာကို ကိုးကွယ်လာသောအခါ ဇာတ်စနစ်ကိုလည်း ကျင့်သုံးခဲ့ကြသည်။ ယင်းစနစ်မှာ ဗြဟ္မာနှင့် ကိုးကွယ်သူတို့

အကြားတွင် ပေါင်းကူးဆက်သွယ်ပေးသော ဘာသာရေး ခေါင်းဆောင်တို့ကို ***ပုဏ္ဏား***ဟု လည်းကောင်း၊ တိုင်းပြည်ကာကွယ်ရေး၊ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်သူ စစ်သည်တော်နှင့်ဘုရင်တို့ကို ***ခတ္တိယ***ဟုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်နှင့် လက်မှုအတတ်ပညာရှင်တို့ကို ***ဝေသ***ဟုလည်းကောင်း၊ ထိုခတ္တိယ၊ ဝေသ တို့၏ အမှုကိစ္စကို ထမ်းဆောင်သူတို့ကို ***သုဒ္ဒ***ဟုလည်းကောင်း သတ်မှတ်၍ လူတန်းစား (၄)မျိုးခွဲခြား ကျင့်သုံးလာခဲ့သည်။ ဤသို့ကျင့်သုံးခြင်းမှာ လူမျိုးရေးစိတ်ဓာတ်ပြင်းထန်သော အာရိယန်တို့က ဒေသခံဒရာဗီဒီယန်တို့နှင့် ရောယှက်မသွားစေရန် ကာကွယ်လို၍ ဖြစ်သည်။ အဆိုပါ ***ဗြဟ္မဏဘာသာ*** ကို ကိုးကွယ်သူတို့အား *ဟိန္ဒူဘာသာဝင်များ*ဟုလည်းခေါ်ကြသည်။

ဗြဟ္မဏအယူဝါဒကိုလက်မခံလိုသူများကလည်းထိုအချိန်နှင့်တပြိုင်တည်း ပေါ်ပေါက်လာခဲ့၏။ သူတို့သည် သူတို့၏ ကိုယ်ပိုင်အယူဝါဒကို တည်ထောင်ခဲ့ကြသည်။ ယင်းမှာ ဝေသာလီပြည်သား လိစ္ဆဝီလူမျိုး *မဟာဝီရ* ဆိုသူသည် ***ဂျိန်းအယူဝါဒ*** ကိုလည်းကောင်း၊ အာဇီဝက တက္ကဒွန်းတို့သည် ကိုယ်ဝတ်မပါ ဗလာနတ္ထိ အကျင့် ***တိတ္ထိအယူဝါဒ*** ကိုလည်းကောင်း တီထွင်ကျင့်သုံးလာခဲ့ကြသည်။ ထိုအချိန်မှာပင် အခြားအယူဝါဒတို့နှင့် မတူကွဲပြားသော အယူဝါဒကို သကျသာကီဝင် ဂေါတမဗုဒ္ဓက ဟောကြားခဲ့သည်။ ယင်းမှာ အစွန်းနှစ်ပါးလွတ်သော ***မဇ္ဈိမပဋိပဒါ***လမ်းစဉ်ဖြစ်သည်။

## ဂေါတမဗုဒ္ဓလက်ထက်တွင် သာသနာရောက်ရာဒေသများ

ဂေါတမဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်အခါက ဝါကပ်ဝါဆိုရာဌာန (၁၇)ခုကိုတွေ့ရ၏။ ထိုဌာနတို့တွင် သတ္တမမြောက်ဝါဆိုရာ တာဝတိံသာနတ်ပြည်ဌာနမှ တစ်ပါး ကျန်(၁၆)ဌာနတို့သည် မဇ္ဈိမဒေသခေါ် ဂင်္ဂါမြစ်ဝှမ်း အတွင်း၌သာတည်ရှိလေသည်။

အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန၏ အဆိုအရ ဂေါတမဗုဒ္ဓ(၄၅)နှစ်ပတ်လုံး လှည့်လည် သာသနာပြုရာ တိုင်း၊ နိုင်ငံ၊ မြို့ရွာတို့မှာ အိန္ဒိယနိုင်ငံ၊ **ဗိဟာပြည်နယ်၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်နှင့် နီပေါနိုင်ငံ** ပတ်ဝန်းကျင်တို့မှတစ်ပါး အခြားဒေသသို့ ရောက်သည်ဟူသော အထောက်အထားရှာမတွေ့ဟုဆိုသည်။

ရှေးဟောင်းမြန်မာရာဇဝင်စာအုပ်များ၊ ဘုရားသမိုင်းစာအုပ်များတွင် မြန်မာနိုင်ငံသို့ ဂေါတမဗုဒ္ဓကြွရောက်လာကြောင်း ကြည်ညိုဖွယ်ဖြစ်အောင် ဖော်ပြရေးသားကြသည်။ ထိုသို့ရေးသားခြင်းမှာ ဂေါတမဗုဒ္ဓကို အကြည်ညိုလွန်၍ ရေးသားခြင်းဖြစ်သည်မှတစ်ပါး အတည်ပြုနိုင်လောက်သောအချက်အလက်၊ အထောက်အထားဟူ၍ ပိဋကတ်တော်တွင် ရှာမတွေ့ကြောင်း သမိုင်းဆရာတို့က ဆိုလေသည်။ သို့ရာတွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လထုတ် "ဗျာဒိတ် ရမြန်မာမင်းနေပြည်များ" စာအုပ်တွင် သမိုင်းပညာရှင်ဒေါက်တာထွန်းထွန်းဦးက မြန်မာပြည်သို့ဂေါတမဗုဒ္ဓ ကြွတော်မူကြောင်း ရေးသားထားပြန်ရာ ယင်းမှုကွဲနှစ်ရပ်မှာ ပညာရှင်တို့သာ လေ့လာသုံးသပ်၍ အဖြေရှာရမည့်ကိစ္စဟုယူဆပေသည်။

## မဇ္ဈိမဒေသအပြောင်းအလဲနှင့်ဘာသာရေးအခြေအနေ

ဟိမဝန္တာတောင်၏ တောင်ဘက် မြေပြန့်လွင်ပြင်တွင် အရှေ့မှအနောက်သို့ဖြာဆင်းသော *ဂင်္ဂါမြစ်*ဟူ၍ရှိ၏။ ထိုမြစ်ဝှမ်းတစ်လျှောက် မြေပြန့်လွင်ပြင်အရပ်ကို ဗုဒ္ဓဘာသာတို့က *မဇ္ဈိမဒေသ* ဟုခေါ်ဆိုခြင်းဖြစ်သည်။

ဂေါတမဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံရန် (၈) နှစ်ခန့်အလို (ဘီစီ-၅၅၁) ၌ အဆိုပါ မဇ္ဈိမဒေသအရှေ့ပိုင်းတွင် ရာဇဂြိုဟ်ဘုရင် *ဗိမ္ဗိသာရမင်းကြီး*အားလုပ်ကြံ၍ သားတော် ***အဇာတသတ်မင်းသား***က ထီးနန်းကို လုယူလိုက်သည်။ ထိုမှနောက်ပိုင်း အိမ်နီးချင်း စမ္ပာနဂိုရ်ပြည်၊ ဝေသာလီပြည်တို့ကိုလည်း တိုက်ခိုက်သိမ်းယူလိုက်ပြီး မဂဓတိုင်းထဲသို့သွတ်သွင်းခဲ့သည်။

မဇ္ဈိမဒေသ၏ အနောက်ပိုင်းတွင်လည်း သာဝတ္ထိဘုရင် *ပသေနဒီကောသလမင်း*ကြီးအား လုပ်ကြံ၍ သားတော် ***ဝိဋူဍဘမင်းသား***က ထီးနန်းကိုလုယူလိုက်ပြန်သည်။ ထို့နောက် မိခင်ဝဿဘခတ္တိယ၏ မွေးရပ်မြေ ကပိလဝတ်ပြည်ကို တိုက်ခိုက်သိမ်းယူပြီး သာကီဝင်လူမျိုးတို့အား ရက်စက်စွာသတ်ပစ်လိုက်သည်။ အဆိုပါ နန်းကျဘုရင် ဗိမ္ဗိသာရမင်းကြီးနှင့် ပသေနဒီကောသလမင်းကြီးတို့မှာ သမီးယောက်ဖ တော်စပ်ကြသည်။ ထို့အတူ သူတို့၏သား အဇာတသတ်မင်းနှင့် ဝိဋူဍဘမင်း နှစ်ပါးတို့မှာလည်း ညီအစ်ကို ဝမ်းကွဲတော်စပ်သူများဖြစ်ကြသည်။ ယင်းသို့သွေးသားတော်စပ်သူများဖြစ်သော်လည်း နယ်ချဲ့စိတ်ဝင်နေသူ အဇာတသတ် မင်းသည်

ဝိဋ္ဋူပပိုင်သော မင်းနိုင်ငံအားလုံးကိုသိမ်းယူလိုက်သည်။ ဤသို့ဖြင့် အဇာတသတ်မင်း၏ *မဂဓအင်ပါယာ*မှာကျယ်ပြန့်သွားခဲ့သည်။

အဇာတသတ်မင်းသည် ဂေါတမဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံချိန်က ပထမသင်္ဂါယနာတင် မထေရ်တို့အား ထောက်ပံ့အားပေးခဲ့သူ ဖြစ်သည်။ ထိုမှ နောက်ပိုင်းကာလတွင် အိန္ဒိယနိုင်ငံ၌ နယ်ချဲ့စစ်ပွဲကို သာစဉ်ဆက်မပြတ်ဆင်နွှဲနေသဖြင့် ဗုဒ္ဓသာသနာမှာ သာသနာပြုမင်းနှင့် စတင်ကင်းကွာသွားခဲ့လေသည်။

## အဇာတသတ်မင်းနှင့် ရာဇဂြိုဟ်နန်းတွင်းရေး

အိန္ဒိယ အနောက်မြောက်ဘက် ကပ်လျက်တွင် ***ပါရှန်အင်ပါယာကြီး***တည်ရှိ၏။ ထိုအင်ပါယာဘုရင် ***ဒရိုင်းယာဒ်မင်းကြီး***ကို အားကျနေသူမှာ အဇာတသတ်မင်း ဖြစ်သည်။ သူသည် မဂဓ အင်ပါယာတည်ထောင်လို၍ နယ်ချဲ့စစ်ပွဲဆင်နွှဲရန်စိတ်ကူးလာခဲ့သူ ဖြစ်သည်။ ထိုနယ်ချဲ့ဘုရင် *အဇာတသတ်မင်း*ကို သူ၏သားတော် ***ဥဒယဘဒ္ဒ****မင်းသား*က လုပ်ကြံ၍ ထီးနန်းကို လုယူလိုက်သည်။ ထိုမှ နောက်ပိုင်း *ဥဒယဘဒ္ဒမင်း*ကို သားတော် ***မဟာမုဏ္ဍိက****မင်းသား*က လည်းကောင်း၊ *မဟာမုဏ္ဍိကမင်း*ကို သားတော် ***အနုရုဒ္ဓ****မင်းသား*ကလည်းကောင်း၊ ***အနုရုဒ္ဓမင်း***ကို သားတော် ***နာဂဒါသ****မင်းသား*က လည်းကောင်း အသီးအသီးလုပ်ကြံ၍ ရာဇဂြိုဟ်တွင် နန်းလုပွဲများ ဆင်နွှဲလာခဲ့ကြသည်။ ထိုမင်းဆက်သည် ယင်းသို့ နန်းလုပွဲအပြင် နယ်ချဲ့စစ်ပွဲကိုလည်း ဆင်နွှဲသူများဖြစ်ကြသည်။

ယင်းသို့ ထီးနန်းလုပွဲများ၊ နယ်ချဲ့စစ်ပွဲများကို ဆင်နွှဲလာခဲ့သော အဇာတသတ်မင်းနှင့် သူ၏ သားစဉ်မြေးဆက်မင်းတို့သည် နှစ်ပေါင်း (၈၀)ကြာ စိုးစံသွားခဲ့ကြသည်။ ထိုအချိန် ကာလနှင့်အမျှ ဗုဒ္ဓသာသနာတော်မှာ (ဘီစီ - ၅၄၃ မှ ဘီစီ - ၄၆၃အထိ) အားပေးသူမင်းနှင့် ကင်းကွာသွားခဲ့သည်ဟု ယူဆနိုင်ပေသည်။

## ဝေသာလီမင်းဆက်နှင့်နန္ဒမင်းဆက်တို့အခြေအနေ

ထိုအဖသတ်မဂဓမင်းဆက်ကို တိုင်းသူပြည်သားတို့က အလိုမရှိတော့သဖြင့် နောက်ဆုံးဘုရင် ***နာဂဒါသမင်း***ကို ဖြုတ်ချ၍ ဝေသာလီမင်းမျိုးမှ ဆင်းသက်လာသော *သုသုနာဂအမတ်ကြီး*ကို နန်းတင်လိုက်ကြသည်။

မဂဓထီးနန်းကိုရလာသော သုသုနာဂမင်းသည် နေပြည်တော်ကို ရာဇဂြိုဟ်မှ *ပါဋလီပုတ်*သို့ ပြောင်းရွှေ့စိုးစံသည်။ ထိုမင်း၏ နိုင်ငံရေးဆောင်ရွက်ချက်ကို အထူးပြောစရာဟူ၍ ရှာမတွေ့သော်လည်း ဘာသာရေးတွင် ဝေသာလီရဟန်း၊ ဂျိန်းရဟန်းတော်တို့အားကိုးကွယ်သည်ဟု သိရ၏။ သူ့ကို ဆက်ခံသူ *ကာလာသောက*မင်းလက်ထက်ရောက်လာသောအခါ ဂေါတမဗုဒ္ဓ၏ သာသနာတော်မှာ နှစ်ပေါင်း (၁၀၀)သို့ပင် ဆိုက်ရောက်လာခဲ့သည်။ ထိုကာလအတောအတွင်း မဇ္ဈိမဒေသ၏ နိုင်ငံရေးမှာ တည်ငြိမ်မှုမရှိခဲ့သည့်အတွက် ထိုဒေသကို အမှီပြုနေသော ရဟန်းတော်တို့၏ ရပ်တည်မှုမှာလည်း တည်ငြိမ်မှုမရှိခဲ့ချေ။ ယင်းကာလမှာပင် ***(ဝဇ္ဇီတိုင်း)*** ဝေသာလီပြည်သား ရဟန်းတော်များသည် ကာလာသောကဘုရင်

၏ အားပေးမှုကို အခွင့်ကောင်းယူ၍ ဝိနည်းသိက္ခာပုဒ် (၁၀)ချက်ကို ပြင်ဆင်ကျင့်သုံးကြသည်။ ယင်းသို့ကျင့်သုံးသူ ဝေသာလီရဟန်းတော်များနှင့် ဂင်္ဂါမြစ်ဝှမ်းအနောက်ဘက် ဒေသတွင်ရှိသော ရဟန်းတော်တို့မှာသဘောကွဲလွဲမှုဖြစ်ပွားလာခဲ့ကြသည်။

ထိုအချိန်ကကာလာသောကမင်းသည်နှစ်ဖက်ရဟန်းတော်တို့အားပင့်၍ စေ့စပ်ညှိနှိုင်းပေးလိုက်လျှင် ဤသို့သံဃာဂိုဏ်းကွဲလာစရာ အကြောင်းမရှိဟု ထောက်ပြဝေဖန်သံများ ကြားဖူး၏။ အဆိုပါသုံးသပ်ချက်အရ သာသနာတော်တည်တံ့ပြန့်ပွားရေးနှင့် ပတ်သက်လျှင်သာသနာပြုမင်းတို့၏ အခန်းကဏ္ဍမှာအရေးပါကြောင်း သိနိုင်လေသည်။ ထိုပဋိပက္ခတွင် ဂင်္ဂါမြစ်ဝှမ်းအနောက်ပိုင်းမှကြွလာသော *အရှင်မဟာယသထေရ်*၏ မေတ္တာရပ်ချက်အရကာလာသောကမင်းသည် *ဒုတိယသံဂါယနာတင်ပွဲ* ကျင်းပနိုင်ရန် အားပေးထောက်ပံ့ခဲ့သည်။ ထိုဝေသာလီမင်းဆက်သည် ***သုသုနာဂမင်းမှ ပဉ္စမကမင်း***အထိ မင်း (၁၀) ဆက်တိုင် စိုးစံသွားခဲ့သည်။ ထိုမင်းဆက်၏ နောက်ဆုံးဘုရင် ပဉ္စမကမင်းကို သူ၏ *စစ်သူကြီးငနန္ဒ*က လုပ်ကြံပြီး *နန္ဒမင်းဆက်*ဟူ၍တည်ထောင်စိုးစံသည်။

မဂဓမင်းဆက်တွင် ထီးနန်းလုပ်ပွဲများ၊ နယ်ချဲ့စစ်ပွဲများကို သာဆင်နွှဲလာခဲ့ခြင်းကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားသွားသလို၊ စီးပွားရေးမှာလည်း ဆုတ်ယုတ် ကျဆင်းသွားခဲ့သည်။ ထိုကဲ့သို့ဆုတ်ယုတ် ကျဆင်းနေသော နိုင်ငံကို ဝေသာလီမင်းဆက်တို့ကလည်း ဟန့်တားထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် နန္ဒမင်းဆက်တို့လက်ထက် ရောက်လာသောအခါ နယ်စား၊ မြို့စားတို့ အုပ်ချုပ်

သည့်အဆင့်သို့ နိမ့်ကျသွားခဲ့လေသည်။ ထိုနန္ဒမင်းဆက်တွင် ***နေနန္ဒ မင်းမှဓနနန္ဒမင်း*** အထိ မင်း(၈)ဆက်တို့ စိုးစံသွားခဲ့သည်။ အဆိုပါ မင်းဆက်(၂)ဆက်ကို ပေါင်းလိုက်သော်မင်း (၁၈)ပါးတို့ စိုးစံသွား သောကာလမှာ (ဘီစီ-၄၆၂ မှ ၃၂၃အထိ)နှစ်ပေါင်း (၁၄၀)မျှရှိခဲ့ သည်။

ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံချိန်မှ နန္ဒမင်းဆက်စိုးစံချိန် (ဘီစီ-၅၄၃-မှ ၃၂၃ထိ) အထိ သာသနာတော်မှာနှစ်ပေါင်း (၂၂၀) သို့ပင်ရောက်လာခဲ့ပြီးဖြစ်သည်။

## မောရိယမင်းဆက်နှင့်ဘာသာရေး

အဆိုပါ နန္ဒမင်းဆက်၏ နောက်ဆုံးဘုရင် *ဓနနန္ဒမင်း* လက်ထက် (ဘီစီ-၃၂၇)တွင် အိန္ဒိယအနောက်မြောက်ဘက်မှ *အလက်ဇန္ဒား*ဦးဆောင်သော ဂရိစစ်တပ်ကြီး ဝင်ရောက်လာသော အခါ ရင်ဆိုင်တွန်းလှန်နိုင်သော အင်အားမရှိတော့ချေ။ ထိုအချိန် တွင် နန္ဒမင်းမျိုးမှဆင်းသက်လာသူ ***စန္ဒဂုတ္တမင်းသား*** သည် ပညာရှိ ပုဏ္ဏား စာဏကျ အကူအညီဖြင့် လူသူလက်နက်စုရုံးပြီး ပြန်လည် တွန်းလှန်တိုက်ခိုက်ရာ အောင်မြင်သွားခဲ့သည်။ အဆိုပါ ***စန္ဒဂုတ္တ (စန္ဒဂုတ်)မင်းသား*** သည် (ဘီစီ-၃၂၃)တွင် ***မောရိယမင်းဆက်*** တည်ထောင်၍ပါဋ္ဌလိပုတ်ထီးနန်းတွင်စိုးစံသည်။ သူ့ပိုင်နယ်မြေမှာ ဗီဟာပြည်မှ အာဖဂန်နစ္စတန်နိုင်ငံအထိဟုဆို၏။

အဆိုပါ မောရိယမင်းဆက် မတိုင်မီ ရှေ့ပိုင်းကာလတွင် စိုးစံသွားသော ***မဂဓမင်းဆက်၊ ဝေသာလီမင်းဆက်***နှင့် ***နန္ဒမင်းဆက်***

တို့အားလုံးသည် အထက်တွင် ဖော်ပြသကဲ့သို့ ထီးနန်းလုပွဲများ၊ နယ်မြေလုစစ်ပွဲများကိုသာ ဆင်နွှဲသွားခဲ့ကြသည်။ ထိုစဉ်အခါက မဇ္ဈိမဒေသ၏နိုင်ငံရေးမှာ တည်ငြိမ်အေးချမ်းမှုမရှိသလို သာသနာမှာလည်း အခြေခိုင်တည်ငြိမ်မှုမရှိတော့ပါ။ ထိုအချိန်တွင် *မောရိယမင်း* ဆက်တက်လာသောအခါ ထိုဒေသ၏ ဘာသာရေးတွင် ဗုဒ္ဓဘာသာ၌ ဂိုဏ်းကွဲများပေါ်ပေါက်လာသကဲ့သို့ အခြားဘာသာများ ပေါ်ပေါက်လာ ပြီး ရှုပ်ထွေးလျက်ရှိနေပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စန္ဒဂုတ္တမင်းကိုယ်တိုင်ပင် ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ ဂျိန်းဘာသာဝင် ဖြစ်သွားခြင်းကသက်သေခံလျက်ရှိလေသည်။

## အသောကမင်းကြီးနှင့်ဗုဒ္ဓသာသနာ

စန္ဒဂုတ္တမင်းကြီးသည် နန်းသက်(၂၄)နှစ်မျှ စိုးစံပြီးနောက် ဂျိန်းဘုန်းကြီးအဖြစ် ခံယူလျက် ဘာသာရေးအလုပ်ကို ဆက်လက် လုပ်ဆောင်သွားသည်။ သူ၏အရိုက်အရာကို သားတော်ကြီး *ဗိန္ဒု သာရမင်းသား*ကဆက်ခံသည်။ ***ဗိန္ဒုသာရမင်း***၌ မိဖုရား(၁၆)ပါးရှိ၍ သားတော်(၁၀၁)ပါး ထွန်းကားရာ သားတော်အကြီးဆုံး *သုမန၊ အသောကနှင့်တိဿ*တို့သုံးပါးအမည်သာထင်ရှားသည်။ *အသောက နှင့်တိဿ* တို့၏ မယ်တော်မှာ စမ္ပာမြို့မှ ပြဟ္မဏသမီး ***သုဘဒ္ဒါနဂီ*** ဖြစ်သည်။

အသောကမင်းအရွယ်ရောက်သောအခါအဝန္တိတိုင်း၊ဥဇ္ဇေနီ ပြည်၏ ဘုရင်ခံဖြစ်လာသည်။ ဘုရင်ခံဘဝတွင် ဝေဒိသကမြို့သူဌေး သမီးဝေဒိသကဒေဝီကို သိမ်းပိုက်ရာ *သားတော်****မဟိန္ဒနှင့်သမီးတော်***

***သင်္ဃမိတ္တာ***တို့ကို ဖွားမြင်သည်။ ဖခမည်းတော် ဗိန္ဒုသာရမင်း နတ်ရွာစံသောအခါ ပါဋလိပုတ်နေပြည်တော်သို့ပြန်လာပြီး နန်းလုဖက် အဖေတူ အမေကွဲညီနောင်(၉၉)ယောက်တို့အားသုတ်သင်လိုက်သည်။ ထို့နောက် သူ၏ ညီတော် *တိဿ* ကို အိမ်ရှေ့အရာအပ်နှင်းလျက် ပါဋလိပုတ်နန်းစံမြန်းလေသည်။

အသောကမင်းသည် ဘိုးတော်စန္ဒဂုတ္တမင်းနှင့် ဖခမည်းတော်ဗိန္ဒုသာရမင်းတို့ကဲ့သို့ ဂျိန်းဘာသာကို လက်ခံကိုးကွယ်သူ ဖြစ်သည်။ ပါဋလိပုတ်၏ အရှေ့တောင်ဘက်တွင်ရှိသော *ကလိင်္ဂစစ်ပွဲ*၌ လူပေါင်းတစ်သိန်းခန့်ကို သတ်လိုက်ပြီး တစ်သိန်းခန့်ရှိသော သုံ့ပန်းများကို ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ အသောကမင်းသည် အဆိုပါစစ်ပွဲ၏အနိဋ္ဌာရုံမြင်ကွင်းကြောင့် သံဝေဂဖြစ်ပွားနေချိန်တွင် *နိဂြောဓသာမဏေ*နှင့် ဆုံတွေ့ပြီး ထိုသာမဏေဟောကြားသော "*အပ္ပမာဒတရား*" ကို နာကြားခွင့် ရလိုက်သဖြင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့သူဖြစ်သည်။

အဆိုပါနိဂြောဓသာမဏေဟူသည် အသောကမင်းကြီး လုပ်ကြံလိုက်သော ညီနောင်(၉၉)ယောက်တွင် အကြီးဆုံး နောင်တော် သုမနမင်းသားမှ ဖွားမြင်လာသူဖြစ်၍ တူတော်စပ်သည်။ အသောကမင်းကြီး ယင်းသို့ ဗုဒ္ဓဘာသာဝင် ဖြစ်လာသောအခါ သာသနာတော်အတွက် အရေးပါအရာရောက်သည့် လုပ်ငန်းကြီး သုံးရပ်ကို လုပ်ဆောင်ခဲ့သည်။ ယင်းမှာ -

(က) ရဟန်းတု၊ ရဟန်းယောင်တို့အား ဖယ်ထုတ်၍ သာသနာတော် သန့်ရှင်းရေးကို လုပ်ဆောင်သည်။

(ခ) ဒုတိယ သံဂါယနာတင်ပွဲပြီးချိန်မှစ၍ နှစ်ပေါင်း (၁၃၅)နှစ်ကြာမျှ နှုတ်ငုံဆောင်လာခဲ့သောပါဠိတော်များသန့်ရှင်းရေးအတွက် တတိယ သံဂါယနာတင်ပွဲကို လုပ်ဆောင်သည်။

(ဂ) ဗုဒ္ဓသာသနာတော်တွင် ဂိုဏ်းပေါင်း(၃၀)ခန့်ကွဲနေသည့်အပြင် အခြားဘာသာပေါင်းစုံကလည်း ရောထွေးလျက်ရှိနေ၏။ ထိုအခြေအနေကိုထောက်ရှုလျက် နောင်အနာဂတ်ကာလတွင် မဇ္ဈိမဒေသ၌ သာသနာတော် ဆက်လက်တည်တံ့နိုင်လိမ့်မည် မဟုတ်ဟု ယူဆသည်။ ထို့ကြောင့် သာသနာပြုအဖွဲ့(၉)ဖွဲ့ကိုဖွဲ့စည်းပြီးအရပ်ဒေသအသီးသီးသို့ စေလွှတ်ရေးလုပ်ဆောင်ခြင်းဖြစ်သည်။

## အိန္ဒိယပြည်တွင်းသို့ သာသနာပြုအဖွဲ့တို့ ကြွရောက်ရာဒေသများ

အိန္ဒိယပြည်တွင်း၌ သာသနာပြုရန် တာဝန်ကျသော အဖွဲ့(၅)ဖွဲ့တို့တွင် (၁) ***မဇ္ဈန္တိကထေရ်*** ဦးဆောင်သောအဖွဲ့သည် အိန္ဒိယမြောက်ပိုင်းဂန္ဓာရတိုင်း၊ ကက်ရှမီယသို့လည်းကောင်း။ (၂) ***ယောနကဓမ္မရက္ခိတထေရ်*** ဦးဆောင်သောအဖွဲ့သည် အိန္ဒိယအနောက်ပိုင်း *အပရန္တတိုင်း*(ယခု - ဂူဂျာရတ်ပြည်နယ်၊ ရာဂျစ္စတန်ပြည်နယ်နှင့် မဓယပရာဒေ့ရ် ပြည်နယ်အနောက်ပိုင်း)သို့ လည်းကောင်း။ (၃) ***မဟာဓမ္မရက္ခိတထေရ်*** ဦးဆောင်သော အဖွဲ့သည် အိန္ဒိယအနောက်ပိုင်း ***မဟာရဋ္ဌတိုင်း*** (ယခု - မဟာရာရှာထရာပြည်နယ် ကရနာတကပြည်နယ် မြောက်ပိုင်းနှင့် အန္ဒရာပရာဒေ့ရ်ှပြည်နယ်

အနောက်ပိုင်း)သို့လည်းကောင်း။ (၄) ***ရက္ခိတထေရ်***ဦးဆောင်သော အဖွဲ့သည် အိန္ဒိယတောင်ပိုင်း *ဝနဝါသီတိုင်း*(ယခု - မဟာရာရှ္ဋထရာ ပြည်နယ်တောင်ပိုင်း၊ ကရနာတကပြည်နယ်)သို့လည်းကောင်း။ (၅) ***မဟာဒေဝထေရ်*** ဦးဆောင်သောအဖွဲ့သည် အိန္ဒိယတောင်ပိုင်း *မဟိသကတိုင်း* (ယခု - ကရနာတက ပြည်နယ်တောင်ပိုင်း၊ ကေရာ လာပြည်နယ်၊တမီးနားဒူးလ်ပြည်နယ်၊ အန္ဓရာပရာဒေ့ရှ်ပြည်နယ် တောင်ပိုင်း ) သို့လည်းကောင်း အသီးသီး ကြွရောက်သာသနာပြု ခြင်းကြောင့် အိန္ဒိယနိုင်ငံအနှံ့ သာသနာပျံ့နှံ့ရောက်ရှိသွားခဲ့သည်။

## အိန္ဒိယအပြင်ဘက်သို့ သာသနာပြုအဖွဲ့တို့ကြွရောက်ရာဒေသများ

(၆)အိန္ဒိယတောင်ပိုင်း ***သီဟိုဠ်ကျွန်း*** (ယခု - သီရိလင်္ကာ) သို့ ***ရှင်မဟိန္ဒထေရ်***နှင့် အဖွဲ့တို့သည်လည်းကောင်း၊ (၇) အိန္ဒိယ အနောက်မြောက်ဘက် ***ယောနကတိုင်း*** (ယခု - အာဖဂန်နစ္စတန်၊ အီရန်၊ အီရတ်၊ တူရကီ၊ ဆီးရီးယား၊ လက်ဘနွန်၊ ဂျော်ဒန်၊ အီဂျစ် မြောက်ပိုင်းနှင့်ဂရိအရှေ့ပိုင်း)သို့ ***မဟာရက္ခိတထေရ်*** နှင့်အဖွဲ့တို့ သည်လည်းကောင်း၊ (၈)အိန္ဒိယမြောက်ပိုင်း ***ဟိမဝန္တာဒေသ*** (ဟိမဝန္တာ၊ဆစ်ကင်း၊ ဘူတန်၊ တိဗက်နှင့်တရုတ်)သို့ ***မဇ္ဈိမထေရ်***နှင့် အဖွဲ့တို့သည်လည်းကောင်း၊ (၉) အိန္ဒိယအရှေ့တောင်ပိုင်း ***သုဝဏ္ဏ ဘုမ္မိ*** (ယခု - မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် အင်ဒိုနီးရှား)သို့ ***အရှင်သောဏထေရ်*** နှင့်အဖွဲ့တို့သည်လည်း ကောင်း အသီးသီး ကြွရောက်သာသနာပြုကြသည်။ ထိုခေတ်တွင်

*အာရှတိုက်(၅)ပုံ-ပုံလျှင် (၄)ပုံမျှ သာသနာတော် ရောက်သွားလေသည်။*

## အသောကမင်းကြီးနှင့်နန်းတွင်းရေး

ဗုဒ္ဓသာသနာတော်တွင် ဤမျှလောက် ကျေးဇူးများသော အသောကမင်းကြီးနှင့် သူ၏ မိသားစုအကြောင်း၊ သူ၏ နန်းတွင်းရေးအကြောင်းတို့ကို သိထားရန်လိုအပ်ပေသည်။ အသောကမင်းကြီးတွင် မိဖုရားကြီး(၅)ပါးရှိ၏။ ထိုမိဖုရားကြီးတို့မှ သားတော် (၄)ပါး၊ သမီးတော်(၂)ပါးနှင့် မြေးတော်(၃)ပါး တို့ထွန်းကားခဲ့သည်။

သူတို့မိသားစု(၁၅)ဦးတွင် ***ဝေဒိသက****မိဖုရားကြီး*နှင့် ထိုမိဖုရားမှဖွားမြင်သော ***သားတော်မဟိန္ဒ၊ သမီးတော်သင်္ဃမိတ္တာ*** *နှင့်အခြားသမီးတော်* ***စာရုမတီ***တို့(၄)ဦးသာလျှင် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ သူတို့အားလုံးမှာ သာသနာ့ဘောင်ထဲသို့ ဝင်ရောက်သွားခဲ့ကြသည်။

အခြားမိသားစုတို့မှာ *အသန္ဒိမိတ္တာမိဖုရား* နှင့် *သားတော်* ***ကုဏ္ဍာလ*** *မင်းသား*တို့သည် အသောကမင်းကြီး နတ်ရွာမစံမီကပင် ကွယ်လွန်သွားခဲ့ကြ၏။ ***သားတော်ဇလောက*** မှာလည်း ဘုရင်ခံအဖြစ်ပန်ဂျပ်ပြည်သို့ ရောက်ရှိနေပြန်သည်။ အသောကမင်းကြီး အသက်အရွယ်ကြီးရင့်ပြီး နာမကျန်းဖြစ်လာသောအခါ မိဖုရား(၃)ပါး၊ မျက်စိကွယ်နေသော သားတော်(၁)ပါးနှင့် မြေးတော်(၃)ပါးတို့ (၇)ဦးသာသူနှင့်အတူရှိနေကြသည်။ သူတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြချေ။

အသောကမင်းကြီး နတ်ရွာစံသောအခါ ပါဋလိပုတ်ထီးနန်းကို *မြေးတော်**ဒသရထ**မင်းသား*က ဆက်ခံခွင့်ရသွားခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယနိုင်ငံမှာလည်း (၃)ပိုင်းကွဲသွားခဲ့၏။ ယင်းမှာ တူတော်ဒသရထမင်းလက်အောက်၌မနေလိုသော *ဇလောကမင်းက အိန္ဒိယမြောက်ပိုင်း*တွင် အုပ်ချုပ်သကဲ့သို့ ယခင် အသောကမင်း၏ လက်အောက်ခံ *အန္ဓရမင်း*တို့ကလည်း အိန္ဒိယတောင်ပိုင်းတွင် သီးခြားရပ်တည် အုပ်ချုပ်သွားကြလေသည်။ အဆိုပါ မောရိယမင်းဆက်သည် ***စန္ဒဂုတ္တမင်းမှဗြိဟဒရမင်း*** အထိ မင်း(၉) ဆက်တို့က (ဘီစီ-၃၂၃ မှ ၁၈၅ အထိ)နှစ်ပေါင်း (၁၃၈) နှစ်မျှစိုးစံသွားခဲ့သည်။

## အသောကမင်း၏မိသားစုစာရင်း

**အသောကမင်းကြီး၏မိဖုရားများ**

(၁) ဝေဒိဿ - မဟာဒေဝီ

(၂) ကာရုဝတီ၊

(၃) အသန္ဓိမိတ္တာ(မိဖုရားခေါင်)၊

(၄) တိဿရက္ခာ

**သားတော်များ**

(၁) မဟိန္ဒ(ဝေဒိဿမှဖွားမြင်)

(၂) ကုဏ္ဍာလ(ပဒမဝတီမှဖွားမြင်)

(၃) တီဝရ(ကာရုဝါကီမှဖွားမြင်)

(၄) ဇလောက(ကက်ရှ်မီးရာဇဝင်တွင်တွေ့ရသည်။)

**သမီးတော်များ**

(၁) သင်္ဃမိတ္တာ(ဝေဒိသာမှဖွားမြင်)

(၂) စာရုမတီ(အမိအမည်ရှာမတွေ့ပါ)

**သမက်တော်များ**

(၁) အဂ္ဂိဗြဟ္မာ(သင်္ဃမိတ္တာ၏ခင်ပွန်း)

(၂) ဒေဝပါလခတ္တိယ(စာရုမတီ၏ခင်ပွန်း)

**မြေးတော်များ**

(၁) ဒသရထ(ထီးနန်းဆက်ခံသူ၊မိဘအမည်ရှာမတွေ့ပါ)

(၂) သမ္ပာရဝတီ(ကုဏ္ဍာလ၏သား)

(၃) သုမန(သင်္ဃမိတ္တာ၏သား)

**အသောကမင်းကြီးအတ္ထုပ္ပတ္တိနှင့်ကမ္ဘည်းကျောက်စာတော်များစာအုပ်မှယူသည်။**

## မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော်ကျဆုံးခြင်း

မောရိယမင်းဆက်၏နောက်ဆုံးဘုရင် *ဗရိဟဒရမင်း* ကို သူ၏စစ်သူကြီး ***ပုသျှမိတြ***ကလုပ်ကြံသည်။ သူသည် *သုင်္ဂမင်းဆက်* တည်ထောင်၍ပါဋလိပုတ်ထီးနန်းမှာပင် စိုးစံလေသည်။

***ပုသျှမိတြမင်း*** သည် ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်သော အသောကမင်းကြီးကိုအားကျအတုယူလျက် ဗြဟ္မဏဘာသာကို ချီးမြှောက်လိုသူဖြစ်သည်။ ထို့ကြောင့် ပါဋလိပုတ်နန်းစိုက်ရာ **ဂင်္ဂါမြစ်ဝှမ်း**မှ အနောက်မြောက်ဆီရှိ ***အိန္ဒုမြစ်ဝှမ်း***အကြားတွင်ရှိရှိသမျှသော *ရဟန်းတော်တို့အား*ရက်စက်စွာ သတ်ဖြတ်ခြင်း၊ *ကျောင်းဆောင်များ*ကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုဒ္ဓဘာသာဝင်တို့အတွက်

အမြတ်ထားရာ *စေတီပုထိုးများ*ကို ဖြိုဖျက်ဆီးခြင်းများပြုလုပ်ခဲ့လေသည်။ ထိုမျှလောက် တိုက်ခိုက်ဖျက်ဆီးသည့်တိုင်အောင် အားရတင်းတိမ်မှု မရှိသေးသဖြင့် သူနှင့် အလှမ်းဝေးရာအရပ်သို့ ရောက်ရှိနေသူ ရဟန်းတော်တစ်ပါး၏ ဦးခေါင်းကို ဆက်သနိုင်သူအား ဆုငွေကျပ် (၁၀၀၀) ချီးမြှင့်မည်ဟုပင် အမိန့်ထုတ်ခဲ့ပြန်သည်။ ထိုသုင်္ဂမင်းဆက်တို့ လက်အောက်တွင် အသတ်ခံလိုက်ရသော ရဟန်းတော်များ၊ အသက်ဘေးမှလွတ်မြောက်ရန် တိမ်းရှောင်သွားကြသော ရဟန်းတော်များ၊ မတိမ်းရှောင်နိုင်၍ ဘာသာကူးပြောင်းသွားသော ရဟန်းတော်များကြောင့် မဇ္ဈိမဒေသတွင် *ဗုဒ္ဓသာသနာ*မှာ ညှိုးမှိန်သွားခဲ့ရလေသည်။

ဂေါတမဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံချိန်(ဘီစီ-၅၄၃)မှ သုင်္ဂမင်းဆက်တက်လာချိန်(ဘီစီ-၁၈၅)အထိ နှစ်ပေါင်း(၃၅၈)နှစ်မျှသာ မဇ္ဈိမဒေသ၌ ထေရဝါဒ ဗုဒ္ဓသာသနာတည်ခဲ့သည်ဟု ယူဆနိုင်ပေသည်။

အဆိုပါ သုင်္ဂမင်းဆက်သည် ***ပုဿမိတြမင်းမှ ဒေဝဘူမိမင်း*** *အထိမင်း*(၁၀)ဆက်တို့က (ဘီစီ-၁၈၅မှ၇၃အထိ) နှစ်ပေါင်း(၁၁၂) နှစ်ကြာမျှစိုးစံသွားလေသည်။

## မိလိန္ဒမင်းနှင့်အရှင်နာဂသေန

အဆိုပါ သုင်္ဂမင်းဆက် တည်ထောင်သူ ပုဿမိတြမင်းနှင့် ခေတ်အပြိုင် အိန္ဒိယမြောက်ပိုင်း (ယခု ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့အကြားဒေသ)တွင် *သာဂလနေပြည်တော်*ဟူ၍ရှိ၏။ ထိုနေပြည်တော်တွင် (ဘီစီ-၁၅၅)၌ ဂရိအနွယ်ဝင် *မိလိန္ဒမင်းကြီး*

စိုးစံလျက်ရှိသည်။ အဆိုပါ သာဂလ နေပြည်တော်နှင့် အလှမ်းကွာဝေးမှုမရှိသော ဂဇင်္ဂလကျေးရွာတွင်ဖွားမြင်သူ ရှင်နာဂသေနထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏ ဘာသာရေးဆိုင်ရာ အမေးအဖြေမှာ **မိလိန္ဒပဉှာကျမ်း**ဟု ပိဋကတ်တော်တွင်ထင်ရှားသည်။

## အိန္ဒိယတောင်ပိုင်းနှင့်ဗုဒ္ဓဘာသာ

အိန္ဒိယတောင်ပိုင်းတွင် ဒရာဗိဒီယန်ခေါ်တမီးလ်လူမျိုးများ နေထိုင်လျက်ရှိရာ သူတို့သည် ဗြဟ္မဏ ဘာသာကိုးကွယ်သူများဖြစ်ကြသည်။ အသောကမင်းကြီးနှင့် ခေတ်ပြိုင် ထိုဒေသတွင် အန္ဓရမင်းတို့စိုးစံလျက်ရှိရာ သူတို့သည် အသောကမင်း၏ လက်အောက်ခံဖြစ်သည်။ အသောကမင်းကြီး စေလွှတ်သော သာသနာပြုအဖွဲ့(၄)ဖွဲ့တို့မှာ ထိုဒေသသို့ကြွရောက်ခဲ့ခြင်းဖြစ်သည်။ သာသနာပြုအဖွဲ့များသည် ဒေသခံ(ဗြဟ္မဏဘာသာဝင်) တမီးလ်လူမျိုးတို့ကို ထိရောက်စွာ စည်းရုံးနိုင်ခြင်းမရှိဟု ယူဆပေသည်။ အကြောင်းကား သူတို့ နောက်ပိုင်း နှစ်ပေါင်း(၅၀)ခန့်အကြာတွင် သုင်္ဂမင်းတို့၏ ဘေးရန်မှ တိမ်းရှောင်လာသော ရဟန်းတော်များမှာ ဗြဟ္မဏ ဘာသာဝင် မင်းတို့၏အောက်၌ နေထိုင်ခဲ့ရသောကြောင့် ဖြစ်သည်။ တောင်ပိုင်းသား ဒရာဗိဒီယန်တို့သည် မင်းနိုင်ငံငယ်များ အသီးသီး တည်ထောင်ပြီး အာရိယန်တို့ ကဲ့သို့ပင် ထီးနန်းလုပွဲများ၊ နယ်ချဲ့စစ်ပွဲများကို စဉ်ဆက်မပြတ် ဆင်နွှဲနေသည့်အတွက် ထိုဒေသမှာလည်း တည်ငြိမ်မှုမရှိခဲ့ပါ။

အေဒီ - ရာစု အစောပိုင်းတွင် အိန္ဒိယတောင်ပိုင်းသား

***ဆံကြာကျာလယ***ဆိုသူ ပုဏ္ဏားသည် ***ရာဂျင်ဒရာစောင္ဂမင်း*** အကူအညီဖြင့်ထိုဒေသရှိရဟန်းတော်တို့အားဖိတ်ခေါ်ပြီးဝါဒပြိုင်ပွဲကျင်းပခဲ့သည်။ ထိုပြိုင်ပွဲတွင် ရှုံးနိမ့်သူ *ရဟန်းတော်*တို့အား ရက်စက်စွာသတ်ဖြတ်လိုက်သည့်အတွက် ဗုဒ္ဓသာသနာမှာကွယ်ပ သွားခဲ့လေသည်။ အဆိုပါ *ဆံကြာကျာလယ*ဆိုသူပုဏ္ဏားမှာ *ဗုဒ္ဓအဘိဓမ္မာထဲမှ အဆီအနှစ်*တို့ကို ထုတ်ယူကာ ***ဗြဟ္မဏဘာသာ***ထဲသို့သွတ်သွင်းခဲ့ပြန်သည်။ သူ၏အကြံမှာ ဗုဒ္ဓသာသနာတော် ပျောက်ကွယ်သွားစေရန် ဗြဟ္မဏဘာသာနှင့် ရောလိုက်ခြင်းပင်ဖြစ်သည်။

## အိန္ဒိယမြောက်ပိုင်းနှင့်ဗုဒ္ဓဘာသာ

အသောကမင်းကြီးလက်ထက် သာသနာတော်သန့်ရှင်းရေး လုပ်ဆောင်စဉ်အချိန်က ***မဟာသံဃိကဂိုဏ်းနှင့် သဗ္ဗတ္ထိဂိုဏ်း*** တို့မှရဟန်းတော်များသည် အိန္ဒိယမြောက်ပိုင်းသို့တိမ်းရှောင်သွားကြသည်။ ထို့အတူ သုဂ်မင်းတို့ ဘေးရန်မှတိမ်းရှောင်သော ထေရဝါဒရဟန်းတော်များနှင့်၊ အခြားရဟန်းတော်များမှာလည်း ထိုဒေသသို့ပင် ရောက်ရှိသွားကြသည်။ ထိုဒေသ (အေဒီ-၁၂၀)တွင် (ယခုပန်ဂျပ်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန် အရပ်) ပက်ရှဝါ၌ *ကနစ်သျှကမင်းကြီး*စိုးစံလျက်ရှိ၏။ထိုအချိန်တွင်မြောက်ပိုင်းရောက်ရဟန်းတော်များမှာ ကနစ်သျှကမင်းကြီး၏ အထောက်အပံ့ဖြင့် **စင်ပြိုင်သင်္ဂါယနာတင်ပွဲ** ကျင်းပကြသည်။ သူတို့သည် ပါဠိတော်ကို ***သက္ကတ ဘာသာ*** သို့ ပြောင်းလဲရေးသားလိုက်ကြသည်။ အဆိုပါ *သက္ကတဘာသာ*ကို အသုံးပြုသော မြောက်ပိုင်းရဟန်းတော်တို့အား *မဟာ*

*ယာနဂိုဏ်း*ဟု ခေါ်ဆိုပြီး ***ပါဠိဘာသာ***ကိုအသုံးပြုသော တောင်ပိုင်းရောက် ရဟန်းတော်တို့မှာ *ထေရဝါဒရဟန်းတော်*ဟူ၍ ဖြစ်လာခဲ့ကြသည်။

အိန္ဒိယအနောက်မြောက်ပိုင်းဒေသသည် နိုင်ငံအပြင်ဘက်မှ လူမျိုးသစ်များဝင်ရာ တံခါးပေါက်သဖွယ် ဖြစ်သည်။ ရှေးဦးဝင်လာသူတို့မှာ - *ဂရိလူမျိုး* များ ဖြစ်သည်။ ထိုမှ နောက်ပိုင်းတွင် (တရုတ်ပြည်မှ) တရုတ်*ဟန်းလူမျိုး*များသည်လည်းကောင်း၊ အီရန်မှ တစ်ဆင့် ဝင်လာသော အစ္စလာမ်ဘာသာဝင် ***အာရပ်လူမျိုးများ၊ တူရကီလူမျိုးများ၊ အာဖဂန်နစ္စတန်လူမျိုးများနှင့် မွန်ဂိုတာတာလူမျိုး***များသည်လည်းကောင်း (အေဒီ - ၇၁၁မှ အေဒီ - ၁၃၀၀) အထိ ဝင်လာကြသည်။ သူတို့သည် ပစ္စည်းယူ၊ မုဒိမ်းကျင့်၊ လူသတ်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးကြသည်။ ယင်းတို့၏ ကာလရှည်ကြာ အကြမ်းဖက် တိုက်ခိုက်ဖျက်ဆီးမှုဒဏ် ခံလိုက်ရသဖြင့် ထိုဒေသတွင် (မဟာယာန) ဗုဒ္ဓသာသနာမှာ ကွယ်ပသွားခဲ့လေသည်။

## ဘင်္ဂါဒေသနှင့်ဗုဒ္ဓဘာသာ

ဘင်္ဂလားဒေသကို ရှေးအခါကဝင်္ဂတိုင်း ဘင်္ဂါပြည်ဟု ခေါ်၍ အိန္ဒိယပိုင်နယ်ထဲပါဝင်သည်။ နေထိုင်သူ တို့မှာ အာရိယာန်နှင့်မတူသလို၊ ဒရာဗီဒီယန်(တမီးလ်)တို့နှင့်လည်းမတူပါ။ ထိုလူမျိုးနှစ်ခုရောထွေးသူများလားဟုထင်စရာပင်။ သူတို့သည်ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ အဆင့်ဆင့်ပြောင်း ကိုးကွယ်သူများဖြစ်သည်။

ဟာရှမင်းကြီး ကွယ်လွန်ပြီးနောက် မင်းမဲ့မဖြစ်စေရန် ***ဂေါပါလ*** ကို မင်းမြှောက်လိုက်၏။ ဘင်္ဂေါ၊ ဗီဟာ ဒေသတို့တွင် စိုးစံ၍ နေပြည်တော် ***ဥဒ္ဒန္တပူရ*** မြို့မှာ ဗီဟာနယ်ထဲတွင်ပါဝင်သည်။ ထိုမြို့တွင်ကျောင်းဆောက်လှူ ဒါန်း၍ ဗုဒ္ဓဘာသာကိုထောက်ပံ့ အားပေးလေသည်။ သူ၏ သားတော် ***ဓမ္မပါလမင်း*** လက်ထက်တွင် ဘင်္ဂေါ၊ ဗီဟာနယ်တို့အပြင် ဥတ္တရာပရာဒေ့ရှ်၊ မဓယပရာဒေ့ရှ်၊ ဩရစ္စနယ်များအထိ စိုးပိုင်အုပ်ချုပ်ပြီး ဗီဟာနယ်တွင် *ဝိက္ကမသီလာကျောင်းတိုက်*ဆောက်လုပ်လှူဒါန်း၏။ သူ၏သားတော် ***ဒေဝပါလမင်း*** လက်ထက်တွင် *နာလန္ဒာတက္ကသိုလ်၌ကျောင်းတစ်ဆောင်*ဆောက် လှူလေသည်။ ဒုတိယပါလမင်းဆက် တည်ထောင်သူ ***မဟီပါလမင်း*** သည် တိဗက်သို့သာသနာပြုအဖွဲ့ စေလွှတ်သည်။ ထို့နောက် *နယပါလမင်း*လက်ထက်တွင်ဝိက္ကမသီလာကျောင်းဆရာတော် ***အရှင်အတိသ*** *နှင့်အဖွဲ့*ကို သာသနာပြုရန် တိဗက်သို့ ထပ်မံစေလွှတ်ခဲ့ပြန်သည်။ သူ၏မြေး ***ရာမပါလမင်း***လက်ထက်တွင် အခြားဒေသများ၌ ဗုဒ္ဓဘာသာ ဆုတ်ယုတ်ပျက်ပြားနေသော်လည်း ရာမမင်းပိုင်ဒေသမှာ ထွန်းကားလျက်ပင်ရှိလေသည်။

အဆိုပါ ပါလမင်းဆက်သည် ***ဂေါပါလမင်းမှ ဂေါဝိန္ဒပါလမင်း*** (အေဒီ-၇၃၀မှ အေဒီ-၁၁၉၇) အထိနှစ်ပေါင်း(၄၆၇)နှစ် ကြာမျှစိုးစံစဉ် ဗုဒ္ဓသာသနာတော်ကိုအားပေးထောက်ပံ့ခဲ့ကြသည်။ ထိုပါလမင်းဆက်ကိုဖြတ်၍ ***ဟိန္ဒူဘာသာဝင်သေနာမင်း*** တို့ စိုးစံကြသည်။

အေဒီ-ရာစုနှောင်းပိုင်းတွင် ဗီဟာပြည်သား ***ကုမာရိလ***

***ဘခ္တ***ဆိုသူပြဟ္မာဏပုဏ္ဏားသည်ဘင်္ဂါဒေသရှိ***မဟာ်ပါလဒီသီကျောင်း***တော်ကြီးကိုမီးရှို့ဖျက်ဆီးပြီး *ရဟန်းတော်တို့အား* ညှဉ်းဆဲသတ်ဖြတ်လေသည်။ ထိုအချိန်လောက်တွင် မွတ်ဆလင်တို့သည် အိန္ဒိယမြောက်ပိုင်း ပန်ဂျပ်ဒေသသို့ ရောက်နေပြီ ဖြစ်သည်။ နောင်အခါ ထိုဒေသမှဆက်လက် ချီတက်လာစဉ် လမ်းခရီးတွင်တွေ့သမျှ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၊ ဟိန္ဒူပုဏ္ဏားများကို ညှဉ်းဆဲသတ်ဖြတ်လေသည်။ **မွတ်ဆလင်တို့သည် ၁၂၀၄-ခုတွင်** ဘင်္ဂါဒေသသို့ရောက်လာသောအခါဗုဒ္ဓဘာသာအကြွင်းအကျန်နှင့်ဟိန္ဒူတို့ကို တိုက်ခိုက်ဖျက်ဆီးလိုက်ပြီးနောက် အစ္စလာမ်ဘာသာ ခြေချခဲ့ခြင်းဖြစ်သည်။

⁜

## ကျမ်းကိုးစာရင်း

| | |
|---|---|
| ၁။ လမ်းစဉ်ပါတီ | - ကမ္ဘာ့သမိုင်း၏မှတ်တိုင်များ၊ ပထမတွဲ၊ ပါတီဌာနချုပ်၊ ၁၉၆၄-ခုနှစ်၊ စက်တင်ဘာလ။ |
| ၂။ ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ) | - ရှေးခေတ်ဟောင်းကမ္ဘာ့သမိုင်း၊ ဒုတိယတွဲ။ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၊ ၁၉၇၀-ခုနှစ်၊ စက်တင်ဘာလ။ |
| ၃။ တောင်ပေါက်ဆရာတော် | - ဗုဒ္ဓသာသနာ့တပထဝီဝင်ကျမ်း။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂-ခုနှစ်၊ အောက်တိုဘာလ။ |

| | |
|---|---|
| ၄။ တက္ကသိုလ်မြတ်သူ | - ဗုဒ္ဓနောက်ပါးမှ ကမ္ဘာ့လူသားများ။ ရွှေပြည်သာစာပေ၊ ၂၀၁၂ - ခုနှစ်၊ ဩဂုတ်လ။ |
| ၅။ မောင်အုံး၊ မဟာဝိဇ္ဇာ (ဘုံဘော) | - ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး။ စာပေလောကစာပေတိုက်၊ ၂၀၁၀ - ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| ၆။ အရှင်သံဝရာဘိဝံသ | - ဗုဒ္ဓနိုင်ငံတော်၊ ဒုတိယတွဲ။ သာသနာရေးဦးစီးဌာန၊ ၂၀၀၈ - ခုနှစ် |
| ၇။ ရဲဘော်လှမျိုး | - နှစ်ပေါင်းခြောက်ထောင်နိုင်ငံတကာ သမိုင်းဝင် မှတ်တမ်းများနှင့်စာချုပ် စာတမ်းအတွဲ(၁)။ လှမျိုးစာပေ၊ ၁၉၇၀ - ခုနှစ် |
| ၈။ ဦးစိန်ထွန်း (မာမက - သုတေသီ) | - ကမ္ဘာပတ်၍ ဘုရားရှာခြင်း။ ပန်းရွှေပြည်စာပေ၊ ၂၀၀၉ - ခုနှစ်၊ ဇွန်လ။ |
| ၉။ မေဃဝတီ ဦးနာရဒ | - ဗုဒ္ဓသမိုင်း(သို့မဟုတ်) အမှတ်တရ ဒိုင်ယာရီ။ ၂၀၀၁ - ခုနှစ်၊ ဇူလိုင်လ။ |
| ၁၀။ အရှင်ပညိန္ဒာဘိဝံသ | - အိန္ဒိယမြန်မာဗုဒ္ဓဘာသာ။ သာသနာရေးဦးစီးဌာန၊ ၁၉၉၇ - ခုနှစ်၊ အောက်တိုဘာလ။ |
| ၁၁။ သံတွဲမောင် | - အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိ နှင့် ကမ္ပည်းကျောက်စာတော်များ။ နဂါးနီစာပေတိုက်လီမိတက်၊ ၁၃၀၁ - ခုနှစ်၊ ကဆုန်လ။ |

၁၂။ ဒေါက်တာဦးသန်းထွန်း- (ရွှေဘို) — မောရိယလက်ထက်ကွယ်ညား ခင်ရတနာစာပေ၊ ၂၀၁၂-ခုနှစ်၊ မေလ။

၁၃။ ဆရာတော်ဦးဩဘာသ - မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်များ။ Ramala Printing press, varanasi India ၂၀၀၆-ခုနှစ်။

※

## လေ့ကျင့်ရန်မေးခွန်း

၁။ ရှေးဟောင်းခေတ်အိန္ဒိယနိုင်ငံကို ဒရာဗီဒီယန်လူမျိုးစု၊ အာရိယန်လူမျိုးစုနှင့် ခတ္တိယသာကီဝင်လူမျိုးစုတို့သည်အတူတကွ လက်တွဲတည်ထောင်လာခဲ့သော နိုင်ငံဖြစ်သည်။ ထိုကဲ့သို့ တိုင်းပြည်ထူထောင်ဘက်လူမျိုးစုချင်း ဖြစ်ပါလျက် ခတ္တိယသာကီဝင် လူမျိုးစုတို့သာ ကွယ်ပျောက်သွားရခြင်းမှာအဘယ်ကြောင့်ဟု ယူဆပါသနည်း။သုံးသပ်ချက်နှင့်တကွဖော်ပြပါ။

၂။ ရှေးဟောင်းခေတ်အိန္ဒိယနိုင်ငံတွင်ဇာတ်စနစ်ကိုတီထွင်ကျင့်သုံးသောရည်ရွယ်ချက်ကိုဖော်ပြပြီး ထိုဇာတ်စနစ်ကိုကျင့်သုံးခြင်း၏ ကောင်းကျိုး-ဆိုးပြစ်ကိုသုံးသပ်ချက်နှင့်တကွဖော်ပြပါ။

၃။ အိန္ဒိယနိုင်ငံသမိုင်းကို လေ့လာဖတ်ရှုသောအခါ သင့်အတွက်ရရှိနိုင်သော သင်ခန်းစာများကို ကြောင်းကျိုးဆီလျော်စွာဖော်ပြပါ။

## ပုဂံခေတ်အနော်ရထာမတိုင်မီမြန်မာနိုင်ငံသို့
## ဝင်ရောက်လာသောလူမျိုးနွယ်များနှင့်
## မြို့ပြနိုင်ငံများကိုလေ့လာခြင်း

### တကောင်းခေတ်မတိုင်မီရှေးဟောင်းလူမျိုးနွယ်ပုံရိပ်

တကောင်းမတိုင်မီ ရှေ့ပိုင်းကာလသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ကို အဆင့်ဆင့် ဖြတ်သန်းလာခဲ့ရ၏။ အထောက်အထားမှာ ပြဒါးလင်းစသည့် ရှေးဟောင်းဂူများ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှိပေသည်။ ထို့အပြင် ပုံတောင်ပုံညာအရပ်မှ တွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းတို့အရ ရှေးနှစ်ပေါင်းသန်း(၄၀)ခန့်က နေထိုင်သွားသည့် ရှေးဟောင်းလူတို့၏ ရုပ်ကြွင်းဟုဆိုသည်။

အဆိုပါ အထောက်အထားအပြင် တကောင်းမတိုင်မီ **ဝိုးစံ**သော ပျူမင်း(၁၃၉၃)ပါးတို့ကို ဖော်ပြသော ***ဖမ္မတွန်ချာကျမ်း*** နှင့်

တကောင်းမတိုင်မီ မင်းဆက်များ အကြောင်းဖော်ပြသော ***မြန်မာ ပုရာဏ်ကျမ်း***များကြောင့်တကောင်းခေတ်မတိုင်မီပုံရိပ်မှာပို၍ထင်ရှား လာပေသည်။


## တကောင်းခေတ်အကြိုပုံရိပ်

မွန်ဂိုလွိုက်ဟုခေါ်သော မောင်းဂွတ်လူမျိုးနွယ်ကြီးသည် တရုတ်ပြည်အနောက်ပိုင်း (အာရှအလယ်ပိုင်း) တွင် ရှေးပဝေသဏီ ကပင်နေထိုင်လျက်ရှိကြသည်။ ထိုလူမျိုးနွယ်ကြီးမှ ***တိဗက်တိုဘာမင်*** လူမျိုး၊ ***မွန်ခမာ*** လူမျိုးနှင့် ***ထိုင်ရှမ်း*** လူမျိုးဟူ၍ လူမျိုးနွယ်သုံးစုကွဲ သွားကြသည်။

ထိုလူမျိုးနွယ် သုံးစုတို့အနက် တိဗက်တိုဘာမင် လူမျိုးစု သည် အိန္ဒိယမြောက်ဘက်သို့ ရောက်သောအခါ အာရိယန်တို့နှင့် တိုးမိ၍ နှစ်စုကွဲသွားလေသည်။ ထိုနှစ်စုတွင် တစ်စုမှာ *အိန္ဒိယနိုင်ငံ တွင်း*သို့ဝင်သွားပြီးကျန်တစ်စုမှာ*မြန်မာနိုင်ငံ*တွင်းသို့ဝင်လာသည်။ (အိန္ဒိယနိုင်ငံတွင်းဝင်ရောက်သွားသော တိဗက်တိုဘာမင်တို့ကို ခတ္တိယ၊ သကျသာကီယ ဟုခေါ်သည်။)

## တကောင်းခေတ်ပျူပုံရိပ်

တိဗက်တိုဘာမင်လူမျိုးနွယ်ကို တိဗက်မြန်မာလူမျိုးနွယ် ဟုလည်းခေါ်၏။ မြန်မာနိုင်ငံတွင်းသို့ ဝင်လာသော တိဗက်မြန်မာ လူမျိုးနွယ်တို့သည် မုံရွာ၊ ရွှေဘိုနှင့် ပြည်ခရိုင်တို့အကြားရှိ ဧရာဝတီ မြစ်ဝှမ်းတစ်လျှောက်တွင် ဆွေမျိုးစုအလိုက် ရွာငယ်များတည်ထောင်



နေထိုင်ကြသည်။ အဆိုပါ တိဗက်မြန်မာလူမျိုးနွယ်မှ ***ပျူ၊ ကမ်းယံ၊ သက်***ဟူ၍ တိုင်းရင်းသားလူမျိုးများ ဖြာထွက်လာခဲ့သည်။

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသတွင် ဂေါတမဗုဒ္ဓပွင့်ရန် နှစ်ပေါင်း (၃၀၀)ခန့် အလို၌ **သာကီဝင်မင်း**တို့နှင့် ပဥ္စလရာဇ်မင်းတို့စစ်ခင်းရာ သာကီဝင်မင်းတို့ ရှုံးနိမ့်သွားသည်။ စစ်ရှုံးဘုရင် *အဘိရာဇာမင်း* သည် မြန်မာနိုင်ငံအထက်ပိုင်း ရွှေဘိုသို့ ရောက်လာခဲ့သည်။ ထိုမင်းသည် *ဒေသခံပျူ၊ ကမ်းယံ၊ သက်*လူမျိုးတို့ကို စည်းရုံး၍ *တကောင်းမြို့ပြ*နိုင်ငံတည်ထောင်စိုးစံလေသည်။ ယင်းတကောင်းကို *ပထမတကောင်း* ဟုခေါ်ပြီး ***အဘိရာဇာမင်းမှ ဘိန္နကမင်း*** အထိ မင်း(၃၃) ဆက်တို့ စိုးစံသွားခဲ့၏။

ဂေါတမဗုဒ္ဓပွင့်ပြီးနောက် နှစ်ပေါင်း(၅၀)ခန့်တွင် ဝိဋ္ဋူဘမင်းဘေးရန်ကြောင့် အိန္ဒိယမှ တိမ်းရှောင်လာသော သာကီဝင်လူမျိုး *ဓဇရာဇာ* သည် တကောင်းသို့ရောက်လာပြန်လေသည်။ တကောင်းတွင် စံလွန်သွားသော ဘိန္နကမင်း၏ မိဖုရား နာဂဆိန်နှင့်တွေ့ပြီး စုံဖက်၍ *ဒုတိယတကောင်း* တည်ထောင်စိုးစံလေသည်။ ထိုဒုတိယတကောင်းသည် ***ဓဇရာဇာမှ သတိုးမဟာရာဇာ*** အထိမင်း(၁၇)ဆက်တို့စိုးစံသွားခဲ့သည်။

အဆိုပါ တကောင်းခေတ်တွင် စာပေအကွရာ ထွန်းကားဟန်မတွေ့ရပါ။ သို့ရာတွင် သာကီဝင်တို့ အိန္ဒိယမှယူဆောင်လာသော စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ အဝတ်အထည် ရက်လုပ်ရေးပညာများကိုခံယူ တတ်မြောက်ကြသည်။ ထိုတကောင်း ပျူလူမျိုး

တို့သည် ဘာသာရေးတွင် ရိုးရာနတ်၊ နဂါးနှင့်ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာတို့ကို ကိုးကွယ်ကြသည်။

## ဗိဿနိုးခေတ်ပျူပုံရိပ်

တကောင်းခေတ်တွင် စိုးစံသွားသော မင်းတို့၏ အမည်နှင့် ယှဉ်တွဲ၍ သာသနာသက္ကရာဇ်ကိုသာ ဖော်ပြထားပြီး၊ ခရစ်သက္ကရာဇ်ကိုရှာမတွေ့ပါ။ ဗိဿနိုး၊ သရေခေတ္တရာ သမိုင်းမှာလည်းထိုအတူပင်ဖြစ်သည်။ ထို့ကြောင့် သက္ကရာဇ်နှစ်ခုကို ရောထွေးမသွားစေလို၍ ထည့်မသုံးခြင်းဖြစ်သည်။

တကောင်းကို ဒုတိယအကြိမ်တည်ထောင်သော ဓဇရာဇာမင်းနှင့် နာဂဆိန်မိဖုရားတို့တွင် ***မဟာသမ္ဘဝ၊ စူဠာသမ္ဘဝ*** ဟူသော မျက်မမြင် သားတော်နှစ်ပါးဖွားမြင်ကြောင်း။ သူတို့ကိုဖောင်တွင်တင်၍ ရေဝတီမြစ်၌ မျှောလိုက်ရာ ***စန္ဒမုခီဘီလူးမ*** နှင့်တွေ့၍ ကုသပေးသောကြောင့် အလင်းရသွားကြောင်း၊ အဆိုပါဘီလူးမနှင့် စူဠာသမ္ဘဝတို့ သင့်မြတ်ပြီး ***ပန်ထွာမင်းသမီး*** ဖွားမြင်ရာ နောင်အခါတွင် ***ဗိဿနိုးမြို့***ကို တည်ထောင်၍ မင်းသမီးသည် ဘုရင်မအဖြစ် စိုးစံကြောင်း၊ အေဒီ(၅)ရာစုတွင် သရေခေတ္တရာမှ လာရောက်ဖျက်၍ ပျက်ကြောင်း ရာဇဝင်စာအုပ်များတွင် တွေ့ရ၏။

***မြန်မာနိုင်ငံတွင် ဗိဿနိုးမြို့ပြနိုင်ငံ ထိမ်းသိမ်းဝေမြေနေရာ ဥရောပတိုက်၌ ဘီစီ(၃၀)တွင် ဩဂတ်စ်တပ်စ် မင်းတည်ထောင်***

*သောရောမအင်ပါယာကြီးသည်ထီးနန်းလုပွဲများ၊နယ်မြေလုပွဲများကို သာ ဆင်နွှဲနေကြသည်။ ထိုအချိန်တွင်ပြည်ပမှ ဝင်ရောက်လာသော လူမျိုးသစ်များ၏ တိုက်ခိုက်မှု ခံရခြင်းတို့ကြောင့် (အေဒီ–၄၇၆) ရိုမြူလာဩဂတ်စ်တူလာစ်မင်းလက်ထက် ရောက်သောအခါရောမ အင်ပါယာ ယိမ်းယိုင်ပျက်စီးသွားချိန်နှင့် ဗိဿနိုးမှာ တိုက်ဆိုင်နေလ သည်။)*

အခဆိုပါ ဗိဿနိုးခေတ်တွင် လူတို့၏ အသက်မွေးလုပ်ငန်း များမှာ လယ်ယာလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ပုတီး၊ လက်ကောက်လုပ်ငန်း၊ ပန်းရန်နှင့် လက်သမားလုပ်ငန်းများကို လုပ် ဆောင်ကြသည်။ သူတို့သည် ဘာသာရေးကို အိန္ဒိယတောင်ပိုင်း *အန္ဓရဒေသ*ကရောက်လာသူကုန်သည်တို့ထံမှရရှိသော ဗုဒ္ဓဘာသာ ကို ကိုးကွယ်ကြသည်။ ရာဇကုမာရကျောက်စာအရ ထိုခေတ်တွင် ပျူစာအရေးအသား ပေါ်ထွန်းကြောင်း သိရသည်။

## သရေခေတ္တရာခေတ်ပျူပုံရိပ်

ပြည်မြို့အရှေ့တောင်ဘက်၌ နေထိုင်သော *ခေမဒူပ*ရသေ့ ကြီးထံသို့ ဗိဿနိုးမှ မဟာသမ္ဘဝနှင့် *စူဠသမ္ဘဝ* တို့ ရောက်လာ ကြောင်း၊ မွေးစားသမီး*ဗေဒါရီ*ကို *မဟာသမ္ဘဝ*နှင့် လက်ဆက်ပေးပြီး ရသေ့မြို့တည်ထောင်စိုးစံစေကြောင်း၊ မဟာသမ္ဘဝလွန်သော် ဗေဒါရီ ကိုပင် မိဖုရား အရာထား၍ စူဠသမ္ဘဝ ဆက်လက်စိုးစံကြောင်း၊ *မဟာ သမ္ဘဝ*နှင့်*ဗေဒါရီ* တို့ သင့်မြတ်၍ ***ဒွတ္တဘောင်မင်းသား*** ကို ဖွားမြင် ကြောင်း၊ ဒွတ္တဘောင်မင်းသား အရွယ်ရောက်သောအခါ *သရေ*

ခေတ္တရာမြို့သစ် တည်ထောင်စိုးစံကြောင်း၊ ဗိသနိုးကို သွားရောက် တိုက်ခိုက်၍ ပန်ထွာဘုရင်မကို ခေါ်ဆောင်လျက် မိဖုရားအရာထား ကြောင်း စသည်ဖြင့် ရာဇဝင်တွင် ရေးသားထားလေသည်။

သရေခေတ္တရာပျူနိုင်ငံတွင် ***မဟာသမ္ဘဝမှ သုပညာနဂရဆိန္နမင်း*** အထိ မင်း(၂၇)ဆက်တို့ စိုးစံပြီး (အေဒီ ၈၂၀)တွင် ပျက်သွားခဲ့သည်။

***(မြန်မာနိုင်ငံတွင် သရေခေတ္တရာ ပျူမြို့ပြနိုင်ငံ ပေါ်ထွန်းနေချိန်နှင့် အာရှတိုက်အနောက် တောင်ဘက်စွန်း၌ တမန်တော်မိုဟာမက်သည် အစ္စလာမ်ဘာသာကို တည်ထောင်နေချိန်မှာ တိုက်ဆိုင်လျက်ရှိ၏။ သူ၏အစ္စလာမ် တပ်မတော်သည် အာဖရိကတိုက် မြောက်ပိုင်းကို သိမ်းပိုက်ပြီးနောက် အာရှတိုက်အလယ်ပိုင်း အာဖဂန်နစ္စတန်သို့ အေဒီ-၇၁၁ တွင် ရောက်ရှိလာပြီ ဖြစ်သည်။ အိန္ဒိယတွင်းသို့ဆက်လက်ဝင်ရန်ကြိုးပမ်းနေချိန်နှင့်သရေခေတ္တရာ ပျက်ချိန် တို့မှာတိုက်ဆိုင်လျက်ရှိလေသည်။)***

အဆိုပါ သရေခေတ္တရာမြို့ဟောင်းကိုတူးဖော်သောအခါ ပေရွက်ဟန် ရွှေပေလွှာ(၂၀)ချပ်ကို တွေ့၏။ ထိုရွှေပေလွှာတွင် ရေးထားသော အက္ခရာမှာ အိန္ဒိယတောင်ပိုင်းသုံး အက္ခရာနှင့် ဆင်တူသည်ဆို၏။ ထို့အပြင် ကျောက်အရိုးအိုးသုံးလုံးတွင် *သူရိယဝိကြမမင်း၊ ဟရိဝိကြမမင်းနှင့် သီဟဝိကြမမင်း* ဟူသော စာတမ်း ရေးထိုးထားကြောင်း တွေ့လေသည်။ ထို့ခေတ်တွင် ဘုန်းတော်ကြီး သင် ပညာရေးကျောင်း၌ အသက်(၇)နှစ်အရွယ် ယောကျ်ားလေး၊ မိန်းကလေးများကို ပညာသင်ပေးနေပြီ ဖြစ်သည်။ သရေခေတ္တရာ

*တွင် ရှေးဦးဟိန္ဒူဘာသာကို ကိုးကွယ်ပြီးနောက်ပိုင်း ဗုဒ္ဓဘာသာ တို့ကိုကူးပြောင်းကိုးကွယ်ကြောင်းတွေ့ရလေ၏။*

## ပုဂံခေတ်မြန်မာပုံရိပ်

သရေခေတ္တရာ ပျက်ချိန်နှင့် ပုဂံတည်ထောင်ချိန်အကြား (အေဒီ–၈၂၀မှ၈၅၀)တွင်နှစ်ပေါင်း(၃၀)ကွာခြားကြောင်းတွေ့ရ၏။ ယင်းသို့ကွာခြားသွားခြင်းမှာ တကောင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ တို့ပျက်ပြီးနောက် ထိုဒေသတွင် နေထိုင်သူများ ပုဂံအရပ်သို့ ရွှေ့ ပြောင်းကြကာ ကျေးရွာတည်ထောင် နေထိုင်ဆဲကြောင့်ဖြစ်သည်။

ပုဂံကိုတည်ထောင်စိုးစံသူ သမုဒ္ဒရာဇ်မင်းမှာ သရေခေတ္တရာ ဘုရင် သုပညာနဂရဆိန္နမင်း၏တူ ဖြစ်သည်။ ထိုမင်းမှနောက်(၄၁) ဆက်မြောက် စုက္ကတေးမင်းအထိ ပုဂံတွင် မြွေ၊ နတ်၊ နဂါးနှင့် ဟိန္ဒူ ဘာသာကိုကိုးကွယ်ကြသည်။ ပုဂံနှင့် ခေတ်ပြိုင်အိန္ဒိယနိုင်ငံ ဘင်္ဂါ၊ ဗီဟာ၊ အာသံနှင့်ကလိင်္ဂဒေသတို့တွင် ဘင်္ဂါသားပါလမင်းဆက်တို့ စိုးစံချိန်နှင့်တိုက်လျက်ရှိသည်။ထိုအချိန်ကဘင်္ဂါတွင်ကျန်ရစ်သော မဟာယာနဗုဒ္ဓဘာသာကိုပါလမင်းတို့အားပေးထောက်ပံ့ခြင်းဖြစ် သည်။ပါလမင်းတို့ထောက်ပံ့သောမဟာယာနဗုဒ္ဓဘာသာ အပြင်၊ ဝဇ္ဇရာယာနဟူသောတန္တရ–မန္တရဂိုဏ်းဝင် ရဟန်းများလည်းရှိကြ၏။ ထိုရဟန်းများသည် ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဗေဒင်ဟောသည့်လုပ်ငန်း ဖြင့် အသက်မွေးကြသည်။ သူတို့သည် အစုစုံမှတစ်ဆင့် ပုဂံသို့ ရောက်လာကြသည်။ပုဂံသားတို့သည် *ဘင်္ဂါ*မှရောက်လာသောထို **ဝဇ္ဇရာယာနဂိုဏ်းဝင်** *အရည်ကြီး*ရဟန်းတို့အားကိုးကွယ်လေသည်။

*အနော်ရထာမင်း* ပုဂံထီးနန်း ရရှိလာချိန်တွင် သထုံမှ *ရှင်အရဟံ*ထေရ်ကြွလာခဲ့သည်။ ထိုအခါ အရည်းကြီးရဟန်းတို့အား ဖယ်၍ ထေရဝါဒဗုဒ္ဓသာသနာကို အုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။ ထို့နောက် သထုံမှ ပိဋကတ်တော်များကို ပုဂံသို့ပင့်ဆောင်ပြီး ဘုန်းတော်ကြီးကျောင်းပညာရေးကို စတင်အကောင်အထည် ဖော်ခဲ့သည်။ ထိုကျောင်းတွင် ပါဠိဘာသာနှင့် သက္ကတဘာသာတို့ကို သင်ကြားပေးလေသည်။ အနော်ရထာမင်း နောက် (၇) ဆက်မြောက် ***နရပတိစည်သူမင်း*** လက်ထက်တွင် မြန်မာအက္ခရာ၊ မြန်မာစာနှင့် မြန်မာစကားကို စတင်သုံးစွဲ လာနိုင်ခဲ့လေသည်။

ပုဂံခေတ်ဘုန်းတော်ကြီးကျောင်းများတွင် အရွယ်ရောက်လာသော ယောကျ်ားလေး၊ မိန်းကလေးတို့အား လက်ခံပညာသင်ပေးခဲ့ခြင်းဖြစ်သည်။ အနော်အရထာမင်း နောက် (၈) ဆက်မြောက် ကျစွာမင်းသည် ပိဋကတ်သုံးပုံကို ကိုးခေါက်မျှသင်ယူခဲ့၏။ သူသည် ရဟန်းတော်ဖို့အား တစ်နေ့စာ (၇) ဝါပို့ချ ပေးခဲ့သည်။ ထိုမင်း၏ သမီးတော် သံဗျင်မင်းသမီးကလည်း ကန့်လန့်ကာခြား၍ ရဟန်းတော်တို့အား စာဝါပို့ချသည်ဆို၏။ ယင်းသို့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကြောင့် ပုဂံတွင် အနော်ရထာမင်းလက်ထက်မှစ၍ စာမတတ်သူဟူ၍ မရှိဟုဆိုလေသည်။

***(အနော်ရထာမင်းကြီးသည် (အေဒီ-၁၀၄၄) တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နေချိန်၌ မွတ်ဆလင်တို့၏ အစ္စလာမ်စစ်တပ်မှာ (အေဒီ-၇၁၁ တွင်) အိန္ဒိယနိုင်ငံကိုဝင်တိုက်ခိုက်နေချိန်ဖြစ်သည်။ ဟိန္ဒူမင်းတို့၏ တွန်းလှန်တိုက်ခိုက်မှုကြောင့်***

*အေဒီ - ၁၁၉၇ မတိုင်မီအထိ အိန္ဒိယမြောက်ပိုင်း ကက်ရှမီယ၊ ပန်ဂျပ်ဒေသလောက်တွင်သာ မွတ်ဆလင်စစ်တပ်မှာ ရပ်တန့်နေဆဲ ရှိသေး၏။ ထိုဒေသမှဆက်လက်ထိုးစစ်ဆင်ရာ နောင်နှစ်ပေါင်း ၁၈၄ နှစ်အကြာ (အေဒီ - ၁၂၀၄) ခုနှစ်သို့ရောက်မှ ဘင်္ဂါဒေသသို့လည်းကောင်း၊ ထို့မှနောက်ပိုင်းနှစ်ပေါင်း - ၁၀၀ခန့်အကြာ (အေဒီ - ၁၃၀၀ခန့်) သို့ရောက်မှအိန္ဒိယတောင်ပိုင်းဒေသတို့ကိုလည်းကောင်း သူတို့ဆက်လက်တိုက်ခိုက် သိမ်းယူနိုင်ခဲ့ခြင်းဖြစ်ရာ ထိုအချိန်တွင် ပုဂံခေတ် ယိမ်းယိုင်မှုကျစီးနေပြီဖြစ်သည်။)*

ထိုခေတ်ပုဂံမြို့ဟောင်းကိုတူးဖော်သောအခါမြန်မာ့သမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော *ရာဇကုမာရမင်းသား၏ ရာဇကုမာရကျောက်စာ*၊ ထို့အပြင် စေတီပုထိုးနံရံများရှိ ဆေးရေးပန်းချီများ၊ အုတ်ခွက်များနှင့် အခြားအထောက်အထားများစွာတို့ကို ရှာဖွေတွေ့ရှိလေသည်။

အဆိုပါပုဂံခေတ်တွင် အုပ်ချုပ်ရေး၊ စစ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဗိသုကာအတတ်ပညာများကို အဆင့်မြင့်စွာ တတ်မြောက်နေပြီဖြစ်ကြောင်း တွေ့ရလေသည်။

## သုဝဏ္ဏဘုမ္မိခေတ်မွန်ပုံရိပ်

မွန်ဟု ခေါ်တွင်လာမည့် မွန်ခမာလူမျိုးတို့သည် ထိုင်းနိုင်ငံဘက်မှဝင်ရောက်လာခဲ့ကြသည်။ ထို့အတူ အိန္ဒိယဘက်မှဝင်ရောက်လာသူများလည်း ရှိသည်ဟုဆို၏။ မွန်လူမျိုးတို့သည် သံလွင်

မြစ်ဝှမ်းဒေသ၊ စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတို့တွင်နေထိုင်ခဲ့ကြသည်။

မွန်လူမျိုး *မဟာတိဿရာဇာ* သည် စစ်တောင်းမြစ်ဝှမ်း ဒေသတွင် *သုဝဏ္ဏဘုမ္မိသထုံ* မြို့ပြနိုင်ငံ တည်ထောင်စိုးစံခဲ့ခြင်းဖြစ် သည်။ အဆိုပါ သုဝဏ္ဏဘုမ္မိခေတ်သည် မွန်လူမျိုးတို့ အတွက်သာ မဟုတ်ပါ။ မွန်လူမျိုးတို့ကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာ တော်ကို ကိုးကွယ်ခွင့်ရသကဲ့သို့ ပါဠိပိဋကတ်တော်များကို ရရှိလိုက် သဖြင့် မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု ထွန်းကားပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

အိန္ဒိယတောင်ပိုင်းနှင့် မွန်ဒေသတို့သည် ရှေးနှစ်ပေါင်း များစွာကပင် ရေလမ်းခရီးမှတစ်ဆင့် ကုန်စည်ကူးသန်း ရောင်းဝယ် ခဲ့ကြသည့်အတွက် အိန္ဒိယယဉ်ကျေးမှုကို လက်ခံရရှိလာခြင်းဖြစ် သည်။ ထိုခေတ်တွင် မွန်ဒေသသို့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအပြင် ဟိန္ဒူဘာသာ ယဉ်ကျေးမှုလည်း ရောက်ရှိနေပြီဟုယူဆရ၏။

ပုဂံဘုရင် အနော်ရထာမင်းနှင့် ခေတ်ပြိုင် ဥဿာပဲခူး၌ **တိဿမင်း** စိုးစံလျက်ရှိလေသည်။ ထိုမင်းသည် သူရရှိထားသော ထီးနန်းစည်းစိမ်ကို ဗိဿနိုး နတ်မင်းကြီးကပေးသည်ဟု တွေးထင် ပြီး ဘာသာစွန့်သွားခဲ့လေသည်။ ထို့အပြင် တိုင်းသူပြည်သားတို့ကို လည်း စွန့်ရန်အမိန့်ထုတ်ခဲ့သည်။ ထိုအချိန်တွင် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ သူဌေးသမီး ***မိတလထော်*** သည် မင်းမိန့်ကို ဆန့်ကျင်၍ ရုပ်ပွားတော်တို့ကို ဆက်လက်ကိုးကွယ်လျက်ရှိလေ သည်။

တိဿမင်းကြီးသည် သူ့အမိန့်ကို ဖီဆန်သူ မိတလထော်

အားသတ်မိန့်ပေးလိုက်၏။ သစ္စာတရားမေတ္တာတရားတို့နှင့်ပြည့်စုံသူ မိတလထော်မှာမသေပါ။ သတ်၍ မသေကြောင်းတွေ့ရသောအခါ တိဿမင်းကြီးမှာ ထိတ်လန့်ကြောက်ရွံ့ပြီး ဗုဒ္ဓဘာသာကို ပြန်လည် ကိုးကွယ်လေသည်။ ထိုခေတ်တွင် *မိတလထော် သာ အသက်ရှင်၍ ရုပ်ပွားတော်ကိုးကွယ်မှု၊ ကယ်တင်မှုသာမလုပ်ခဲ့ပါလျှင်* မြန်မာနိုင်ငံ အောက်ပိုင်း၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားခဲ့ပေလိမ့်မည်။

## ဓညဝတီခေတ်ရခိုင်ပုံရိပ်

ရခိုင်ဟု ခေါ်တွင်လာမည့် ကမ်းယံလူမျိုးတို့သည် ရခိုင်ရိုးမ တောင်တန်းနှင့် ကပ္ပလီပင်လယ်အကြား၌ *ဓညဝတီ* မြို့ပြနိုင်ငံ တည်ထောင်နေထိုင်ခဲ့ကြသည်။ (ဘီစီ - ၂၆၆၆)တွင် ဓညဝတီ၌ ***မာရယုမင်း***အုပ်စိုးစံရာ မင်း(၅၄)ဆက်တိုင်၏။ ထိုနေရာတွင် ဒုတိယ ဓညဝတီကို ***ကံရာဇာကြီး***တည်ထောင်စိုးစံရာမင်း(၅၃)ဆက်တိုင်၏။ ထိုကံရာဇာကြီးမှာ တကောင်း *အဘိရာဇာမင်း* ၏ သားတော်ကြီး ဖြစ်သည်။ ထိုမင်းဆက်(၂၉)ဆက်မြောက် **စန္ဒသူရိယမင်း**(အေဒီ - ၁၄၆ မှ ၁၉၈)သည် *မဟာမုနိ* ရုပ်ပွားတော်ကို သွန်းလုပ်ခဲ့သည်။

ဓညဝတီခေတ်သည်(ဘီစီ - ၂၆၆၆ မှ အေဒီ - ၃၂၇)အထိ ရှည်ကြာခဲ့သည်။ ဓညဝတီခေတ် နောက်ဆုံးဘုရင် သူရိယကေတု မင်းလက်ထက်တွင် ဝေသာလီ အရပ်သို့ ပြောင်းရွှေ့စိုးစံလာခဲ့ရာ ထိုဝေသာလီခေတ်သည်(အေဒီ ၉၅၇)တွင်ပျက်သုဉ်းသည်။ ထို့နောက် ရခိုင်မင်းတို့သည် စမ္ပဝက်၊ စမ္ပာ၊ ပရိန်၊ ခြိတ်၊ တောင်ငူ၊ နေရဉ္စရာ၊ လောင်းကြက် စသည့်မြို့များသို့ အဆင့်ဆင့်ပြောင်းရွှေ့စိုးစံလာခဲ့ ကြသည်။

လောင်းကြက်မြို့၏ နောက်ဆုံးဘုရင် *မင်းစောမွန်* သည် (အေဒီ-၁၄၃၀)တွင် မြောက်ဦးမြို့ကို တည်ထောင်စိုးစံရာ မြောက်ဦးခေတ်မှာ(အေဒီ ၁၇၈၄)အထိရှည်ကြာခဲ့သည်။

***(ရခိုင်ဝေသာလီနှင့်ခေတ်ပြိုင် အနောက်ဘက်ဘင်္ဂါ (ယခုဘင်္ဂလားဒေ့ရှ်)ဒေသတွင် (အေဒီ-၇၃၀မှ ၁၁၉၇)အထိ ပါလ မင်းဆက်များ စိုးစံလျက်ရှိစဉ်။သူတို့သည် မဟာယာနဗုဒ္ဓဘာသာကို အားပေးထောက်ပံ့ကြသည်။ ထို့နောက် (အေဒီ-၁၁၉၇မှ၁၂၉၉)တွင် ဟိန္ဒူဘာသာဝင် ဆေနာမင်းတို့ စိုးစံလျက်ရှိစဉ်။ အဆိုပါ ဆေနာမင်းတို့လက်ထက် (အေဒီ-၁၂၀၄)တွင်ဘင်္ဂါဒေသသို့မွတ်ဆလင်များ ဝင်ရောက်လာပြီး သိမ်းပိုက်ချိန်နှင့် တိုက်ဆိုင်လျက်ရှိလေသည်။)***

မွတ်ဆလင်ဘွဲ့ခံယူထားသောရခိုင်မင်းများ

| စဉ် | ရခိုင်အမည်ဘုရင် | မွတ်ဆလင် | ခုနှစ်သက္ကရာဇ် |
|---|---|---|---|
| ၁ | မင်းခရီး<br>(နရမိတ်လှကိုကိုဆက်ခံသူ | အလီခင်(အလီခန်) | အေဒီ(၁၄၃၄–၁၄၅၉) |
| ၂ | ဘစောဖြူ | ကလီမာရှား | အေဒီ(၁၄၅၉–၁၄၈၂) |
| ၃ | မင်းဒေါ်လျာ | မေနုသျှာ | အေဒီ(၁၄၈၂–၁၄၉၂) |
| ၄ | ဘစောမင်းညို | မူဟာမက်ရှား | အေဒီ(၁၄၉၂–၁၄၉၄) |
| ၅ | မင်းရန်အောင် | နုရီရှား(နောရီသျှာ) | အေဒီ(၁၄၉၄) |
| ၆ | စလက်သူ | ရှိတ်အဗ္ဗဒူလ္လာရှား | အေဒီ(၁၄၉၄–၁၅၀၀) |
| ၇ | မင်းရာဇာ | ဒီလိုင်ယဝ်ရှား | အေဒီ(၁၅၀၀–၁၅၂၃) |
| ၈ | မင်းစောအို | ဂျလာလ်ရှား | အေဒီ(၁၅၂၃) |
| ၉ | သဇာတ | အလီရှား(အလီသျှာ) | အေဒီ(၁၅၂၅–၁၅၃၁) |

အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းမှယူသည်။

မြောက်ဦးခေတ်(အေဒီ - ၁၄၃၀မှ၁၇၈၄)၌**မင်းစောမွန်** ဘုရင်နှင့်သူ၏သားစဉ်မြေးဆက်မင်း(၉)ပါးတို့သည်မွတ်ဆလင်ပိုင် (ဒက္ကာ၊စစ်တကောင်း)အပါအဝင် *ဘင်္ဂါ(၁၂)နယ်အထိ* သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ ထိုမင်းများသည် ဒေသခံဘင်္ဂါလီလူမျိုးတို့အား စည်းရုံးလို၍ မြန်မာဘွဲ့မည်အပြင် ***မွတ်ဆလင်ဘွဲ့***ကိုလည်း ခံယူခဲ့ကြသည်။

သာကီဝင်တို့၏ မျိုးနွယ်ရင်း တိဗက်တိုဘာမင်ခေါ် တိဗက်မြန်မာမျိုးနွယ်တူရခိုင်လူမျိုးတို့သည်(ဘီစီ - ၂၆၆၆မှ အေဒီ - ၁၇၈၄) အထိ ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်မြင့်သူများဖြစ်ကြသည်။

⁂

## ကျမ်းကိုးစာအုပ်များ

| | |
|---|---|
| ၁။ လမ်းစဉ်ပါတီ | - အခြေပြမြန်မာနိုင်ငံရေးသမိုင်း၊ ပထမတွဲ။ ပါတီဌာနချုပ်၊ ၁၉၇၇ - ခုနှစ်၊ ဩဂုတ်လ။ |
| ၂။ ရဲဘော်လှမျိုး | - နှစ်ပေါင်းခြောက်ထောင်နိုင်ငံတကာ သမိုင်းဝင်မှတ်တမ်းများနှင့်စာချုပ်၊ စာတမ်းအတွဲ(၁)။ လှမျိုးစာပေ၊ ၁၉၇၀ - ခုနှစ်။ |
| ၃။ ဦးဘသန်း | - ကျောင်းသုံးမြန်မာရာဇဝင် ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်၊ ၁၉၅၁ - ခုနှစ်၊ မတ်လ။ |

၄။ အရှင်ပညိန္ဒာဘိဝံသ - အိန္ဒိယမြန်မာဗုဒ္ဓဘာသာ သာသနာရေးဦးစီးဌာန၊ ၁၉၉၇-ခုနှစ်၊ အောက်တိုဘာလ။

၅။ ဗိုလ်မှူးဘရှင် - အနော်ရထာအရင်ကပုဂံ အင်းဝစာပေတိုက်၊ ၁၉၉၈-ခုနှစ်၊ ဩဂုတ်လ။

၆။ ဦးအောင်သာဦး - ရခိုင်ရာဇဝင် မြရတနာပုံနှိပ်တိုက်၊ ထုတ်ဝေနှစ်မပါ။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ မြန်မာ့သမိုင်းတွင် မြန်မာအစ တကောင်းကဟူသော အယူအဆနှင့် မြန်မာအစ ကျောက်ဆည်က ဟူသော အယူအဆနှစ်ရပ်ရှိ၏။ ထိုအယူအဆနှစ်ရပ်နှင့်ပတ်သက်၍ သင်မည်သို့ထင်မြင်ယူဆကြောင်းကိုရေးပါ။

၂။ မြန်မာနိုင်ငံကို ကမ္ဘာ့မြေပုံပေါ်တွင် နေရာတစ်ခု ရရှိလာစေရန် အုတ်မြစ်ချပေးသွားသော ရှေးဟောင်းခေတ် အဘိုး၊ အဘွားလူမျိုးနွယ် တို့၏ အမည်နှင့် ထိုမျိုးနွယ်စုတို့ခေတ် ယဉ်ကျေးမှုများကိုဖော်ပြပါ။

၃။ အနော်ရထာမင်းကဲ့သို့ မင်းတစ်ပါးကို ရရှိလိုက်ခြင်းကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် မည်မျှလောက် အကျိုးသက်ရောက်မှုရှိကြောင်းကို ဖော်ပြပါ။

၄။ ရှေးဟောင်းခေတ် အဘိုးအဘွားတို့သည် နောင်းလူတို့အတွက် အမွေအနှစ်များကို ချန်ထားရစ်ခဲ့သဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့၏။ ထို့အတူ နောင်အနာဂတ်ကာလတွင် လူငယ်တို့အား လက်ဆင့်ကမ်း အမွေပေးနိုင်ရန်မြန်မာလူမျိုးတိုင်းလုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို ရေးသားပါ။

## မြန်မာနိုင်ငံသမိုင်းနှင့်သမိုင်းကိုဖန်တီးသူများ

# မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာ

မြန်မာနိုင်ငံဟူ၍ ကမ္ဘာ့သမိုင်းတွင် ထင်ရှားလာခဲ့ခြင်းမှာ ဗုဒ္ဓသာသနာတော်နှင့် အကြောင်းမကင်းပေ။ အနော်ရထာမင်းကြီး ပထမမြန်မာနိုင်ငံတော်ကြီး မတည်ထောင်နိုင်မီ ရှေးပိုင်းတွင် မြို့ပြနိုင်ငံလေးများသာ တည်ရှိခဲ့၏။ တိဗက်တိုဘာမင်မျိုးနွယ်ရင်းမှ အတူတကွ ဆင်းသက်လာခဲ့ကြသော နောင်အခါ **ဗမာ**ဟု ခေါ်တွင်လာမည့် **ပျူလူမျိုး**များ၊ **ရခိုင်** ဟုခေါ်တွင်လာမည့် **ကမ်းယံ**လူမျိုးများ၊ **ချင်း**ဟု ခေါ်တွင်လာမည့် သက်လူမျိုးများသည် စုစည်းမိခြင်းမရှိသေးဘဲ ကိုယ်ပိုင်နိုင်ငံငယ်လေးများအဖြစ် သီးခြားရပ်တည်နေထိုင်လျက် ရှိကြလေသည်။

ထိုနည်းအတူ မွန်ဂိုလွိုက်မျိုးနွယ်ကြီးမှ တိဗက်တိုဘာမင် လူမျိုးနှင့် အတူတကွဆင်းသက်လာသော မွန်ခမာ မျိုးနွယ်ဝင် **မွန်**လူမျိုးများ၊ **ထိုင်ရှမ်း**မျိုးနွယ်ဝင်ရှမ်း၊ **ကရင်**လူမျိုးများသည် ကိုယ့်

ဒေသနှင့်ကိုယ်အသီးအခြားကိုယ်ပိုင်နိုင်ငံလေးများအဖြစ်ရပ်တည်နေထိုင်လျက်ပင်ရှိကြပေသည်။

ထိုအချိန်အခါက တိုင်းရင်းသားများစုစည်းမိခြင်းမရှိသည်မှာ သူတို့ကိုးကွယ်သော ဘာသာတရားနှင့်အကြောင်းကင်းလိမ့်မည်မထင်ပါ။ သူတို့သည် *ဟိန္ဒူဘာသာ၊ မဟာယာနဘာသာ၊ ထေရဝါဒဗုဒ္ဓဘာသာ*တို့အနက်ကိုယ့်ဒေသနှင့်စပ်ရာဘာသာကိုကိုးကွယ်သောဘာသာစွဲကြောင့် စုစည်းရန်မလွယ်ကူခြင်းဟုယူဆပေသည်။

## ပျူခေတ်နှင့်ဗုဒ္ဓဘာသာ

ဂေါတမဗုဒ္ဓနှင့် မျိုးနွယ်တူ တိဗက်တိုဘာမင်ခေါ် တိဗက်မြန်မာမျိုးနွယ်ဝင် ပျူ၊ ကမ်းယံ၊ သက်လူမျိုးများသည် ခေတ်ဦးကာလကပင် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်လျက် ရှိကြ၏။ ဂေါတမဗုဒ္ဓပွင့်ရန် နှစ်ပေါင်း (၃၀၀)ခန့် အလိုတွင် အိန္ဒိယမှ ရွှေဘိုခရိုင်သို့ သာကီဝင်လူမျိုး ***အဘိရာဇာ***ဆိုသူ ရောက်လာပြီးတကောင်းမြို့ပြနိုင်ငံ စတင်တည်ထောင်ချိန်၌ သူနှင့်အတူ အိန္ဒိယမှ **ဟိန္ဒူဘာသာ** ယူဆောင်လာလိမ့်မည်ဖြစ်သည်။

ပထမတကောင်းပျက်သွားချိန်တွင်အိန္ဒိယမှဒုတိယအကြိမ်ဝင်ရောက်လာသော *ဓဇရာဇာ* နှင့်အတူ ဗုဒ္ဓဘာသာပါလာလိမ့်မည်ဟုယူဆ၏။ အဘယ့်ကြောင့်ဆိုသော် သူမလာမီ နှစ်ပေါင်း(၅၀)ခန့်တွင် ဂေါတမဗုဒ္ဓ ပွင့်၍ အိန္ဒိယ၌ဗုဒ္ဓဘာသာ ထွန်းကားနေသောကြောင့်ဖြစ်သည်။ အခြား ပျူနိုင်ငံများဖြစ်သော ဗိဿနိုး၊ သရေခေတ္တရာဒေသများသို့လည်း မြန်မာနိုင်ငံမြောက်ပိုင်းမှ ရောက်လာ

သော မဟာယာန ဗုဒ္ဓဘာသာနှင့် ရေလမ်းခရီးဖြင့် အိန္ဒိယတောင်ပိုင်းမှ ဝင်ရောက်လာသော ထေရဝါဒဗုဒ္ဓဘာသာကို ပျူလူမျိုးတို့ကိုးကွယ်နေကြပြီဟု ယူဆပေသည်။


## သရေခေတ္တရာပျူခေတ်နှင့်ဗုဒ္ဓဘာသာ

သရေခေတ္တရာသည် အေဒီ–၄ရာစုမှ ၉–ရာစုတိုင်အောင် ထွန်းကားကြီးပွား၍ ၁၀–ရာစုတွင်ပျက်ပလွင်း သွားသည်ဟု အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းပထမတွဲစာမျက်နှာ(၁၆၀)၌ဖော်ပြထားလေသည်။

သရေခေတ္တရာပျူတွင် ရုပ်ပွားဆင်းတုများ၊ စေတီပုထိုးများကိုပူဇော်သောအလေ့အထသည်ထွန်းကားလျက် ရှိပြီဖြစ်သည်။ ရှေးဟောင်းသာသနိကပစ္စည်းများကို ထောက်ထား၍ *ဗုဒ္ဓဘာသာသည် အေဒီ–၄ရာစုကပင် စည်ပင်နေပြီဖြစ်ကြောင်း*သိရသည်။ ထေရဝါဒဗုဒ္ဓဘာသာနှင့်အပြိုင် မဟာယာနဗုဒ္ဓဘာသာလည်း ထွန်းကားခဲ့သည်။ ထို့အပြင် ဗိသနိုး(နတ်)ကျောက်ရုပ်ထုများစွာတွေ့ခြင်းကြောင့် ဗိသနိုးနတ် ကိုးကွယ်မှုလည်း ရှိနေသည်ဟု ဆိုသည်။

သရေခေတ္တရာပျူခေတ်တွင် ဗုဒ္ဓဘာသာကျောင်း (၁၀၀) ကျော်ရှိသည်ဟုဆိုသည်။ ပျူလူမျိုးတို့သည်အသက် (၇)နှစ်အရွယ်တွင် ယောကျ်ားလေး၊ မိန်းကလေးတို့အား ဆံကို ပယ်ဖြတ်၍ ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်အပ်နှံကြသည်။ သူတို့အသက်(၂၀) အရွယ်ရောက်သောအခါ လူ့လောကသို့ ပြန်လည်ဝင်ရောက်ကြ

မြန်မာနိုင်ငံတွင်းသို့ လူမျိုးများ ဝင်ရောက်လာပုံ



သည်။ အချို့မှာအဆင့်မြင့်ပညာသင်ယူလို၍လည်းကောင်း၊ သာသနာ့တာဝန်ထမ်းရွက်လို၍လည်းကောင်း၊ ရဟန်းဘဝသို့ ကူးပြောင်းသူလည်းရှိလေသည်။ ထိုဘုန်းကြီးကျောင်းပညာရေးသည် သာသနာ့ဝန်ထမ်း အသစ်ကိုမွေးထုတ်ပေးခြင်း၊ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် အထောက်အပံ့ပေးသော ဗုဒ္ဓဘာသာကောင်းများမွေးထုတ်ပေးခြင်း၊ မြန်မာ့လူနေမှုလောကတွင် လိုက်နာကျင့်သုံးစရာ ယဉ်ကျေးမှုနည်းလမ်းကိုလမ်းပြပေးခြင်းတို့ကြောင့် *ဗုဒ္ဓဘာသာသည် မြန်မာလူမျိုး၊ မြန်မာနိုင်ငံ၏ မီးရှူးတန်ဆောင်* ဟု ဆိုနိုင်ပေသည်။

## ပုဂံခေတ်နှင့်ဗုဒ္ဓဘာသာ

အနော်ရထာမင်းကြီးသည် ပုဂံတွင် ထေရဝါဒဗုဒ္ဓသာသနာပြုနေချိန်တွင် မဇ္ဈိမဒေသ၌ ထေရဝါဒဗုဒ္ဓ သာသနာမှာ ကွယ်ပျောက်သွားပြီဖြစ်၍ ပုဂံသည် ထေရဝါဒဗုဒ္ဓသာသနာနိုင်ငံများ၏ အချက်အချာဗဟိုဌာန ဖြစ်လာခဲ့လေသည်။ ထိုအချက်နှင့် ပတ်သက်၍ ဆရာဖော်ဂျီက -

***အနော်ရထာမင်းစော ထွန်းညှိတော်မူခဲ့သော သာသနာ့အလင်းရောင်ကြောင့် မြန်မာတို့သည် နတ်ရေကန်၌ ရေချိုးမိ၍ ချက်ချင်းပင်(၁၆)နှစ်အရွယ်သို့ ရောက်လာသော ဒဏ္ဍာရီပါ မင်းသားငယ်ပမာ တစ်မဟုတ်ချင်းပင် အထက်တန်းကျသည့် ယဉ်ကျေးမှုအရသာကို ခံစားကြရလေသည် ဟူ၍ဆိုခဲ့သည်။***

အနော်ရထာမင်း မတိုင်မီ ရှေးပိုင်းပုဂံတွင် အသုံးပြုသော

စာပေအက္ခရာမှာ ပျူအက္ခရာ၊ မွန်အက္ခရာတို့ကို အသုံးပြုဟန်ရှိသည်ဆိုသည်။ ထိုအက္ခရာများထွန်းကားမှုကို ကြည့်၍အသုံးမပြုချိန်ကာလလောက်တွင် အိန္ဒိယစာပေနှင့် ဘာသာစကားများလည်းရောက်လာဟန်တူသည်။ အကြောင်းကား မြန်မာမြို့အမည် အချို့တွင်ဟိန္ဒူဘာသာမှ အမည်များ၊ အိန္ဒိယနိုင်ငံမှ အမည်များနှင့် ဆင်တူနေခြင်းကို တွေ့ရလေသည်။

ရှေ့ပိုင်းခေတ်ပုဂံတွင်ရိုးရာနတ်ကိုးကွယ်ကြသည်။ ထိုစဉ်က အိန္ဒိယကုန်သည်များထံမှ ဗြဟ္မာ၊ ဗိဿနိုး၊ သျှီဝနတ်များနှင့်မြွေ၊ နဂါးရုပ်များလည်း ထုလုပ်ကိုးကွယ်ကြသည်။ ထို့နောက် အိန္ဒိယမြောက်ပိုင်းမှဝင်ရောက်လာသော ***ဝဇ္ဇာယာနဂိုဏ်း****ဝင်* တန္တရ - မန္တရအယူဝါဒကျင့်သုံးသည့် ***အရည်းကြီးရဟန်း***များကိုလည်း လက်ခံကိုးကွယ်ကြပြန်သည်။

*အရည်းကြီးရဟန်းများ*သည် စာပေသင်ကြားသည့် အလုပ်ထက် အင်းအစီအရင်လုပ်ခြင်း၊ *အင်္ဂရုတ် ထိုးခြင်း၊ ဗေဒင်ဟောခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း* စသည့် *ဂန္ဓာရီမှော်ပညာနှင့် လက်ဝှေ့ထိုးသတ်ခြင်း၊ မြင်းစီးခြင်း*အတတ်တို့ကိုသာ သင်ပေးဟန်ရှိသည်။ ယနေ့တိုင် ထိုပညာရပ်တို့မှာ မြင်တွေ့နေရဆဲ ရှိလေသည်။ ထို့အပြင်သားကောင်းသမီးမွန်များ ဖွားမြင်ရေးအတွက် ဓာတ်ကူးရန်ဟူ၍ပန်းဦးဆက်သည့်စနစ်ကိုလည်း ကျင့်သုံးခဲ့ကြသည်။ ယင်းမှာ အယူဝါဒနှင့် စည်းရုံးလျှင် ယုံကြည်ရန် လွယ်ကူချောင်းထင်ရှားသည့်သာကေဟု ဆိုချင်ပါသည်။

## ဗုဒ္ဓဘာသာနှင့်မြန်မာစာပေအက္ခရာ

ရှင်အရဟံထေရ်ကြွရောက်လာသောအခါ ထိုအရည်းကြီးရဟန်းတို့ကို ပုဂံမှဖယ်ရှားလိုက်ပြီး ထေရဝါဒဗုဒ္ဓသာသနာမျိုးစေ့ကို ပုဂံမြေ၌ချ၍ စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။ သထုံမှ ပိဋကတ်တော်များ ပင့်ဆောင်လာပြီး နောက်ပိုင်း ဘုန်းတော်ကြီးကျောင်းများတွင် ပါဠိစာပေ၊ သက္ကတစာပေများကို စတင်သင်ကြားပေးလေ သည်။

ရှင်အရဟံထေရ်နှင့် အနော်ရထာမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဟောမူရင်းပါဠိဘာသာကို သင်ကြားပေးသကဲ့သို့ လူမှုရေးအထောက်အကူပြု လောကီပညာ**သက္ကဋ** စာပေကိုလည်း သင်ကြားစေခဲ့သည်။ ဟိန္ဒူတို့၏ဝေဒကျမ်းလာ ဗေဒင်ဆိုင်ရာ လောကီပညာရပ်များမှာ သက္ကဋဘာသာဖြင့် ရေးသား ထားခြင်းဖြစ်သည်။

အနော်ရထာမင်း၏ နောက်(၇)ဆက်မြောက် **နရပတိစည်သူမင်း**လက်ထက်သို့ ရောက်လာသောအခါ မြန်မာအက္ခရာ၊ မြန်မာစာပေ၊ မြန်မာစကားတို့ကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ပြီးဖြစ်သည်။ ပုဂံခေတ်တွင် စာရေးကိရိယာအဖြစ် ပေရွက်နှင့်ပုရပိုက်တို့ကို အသုံးပြုကြသည်။ ပေရွက်တွင်စာရေးခြင်းအတတ်ကို အိန္ဒိယတောင်ပိုင်း၌ ရေးကပင် ရှိနှင့်လေသည်။ ထိုအတတ်ပညာမှာ ဗုဒ္ဓဘာသာနှင့်အတူ ရောက်ရှိလာခြင်းဟု ယူဆပေသည်။ အဘယ်ကြောင့်ဆိုသော် ပုဂံခေတ်ရေးထိုးသော ရာဇကုမာရကျောက်စာထက် နှစ်ပေါင်း(၄၀၀)ကျော်၊ (၅၀၀)ခန့်စော၍ သရေခေတ္တရာတွင်ရွှေပေရွက်၌ရေးသားခြင်းကို ထောက်၍သိနိုင်ပေသည်။

## ဗုဒ္ဓဘာသာနှင့်ပုဂံအင်ပါယာ

ပုဂံခေတ်တွင် ဘုန်းတော်ကြီးကျောင်းပညာရေးမှတစ်ဆင့် စာပေအက္ခရာ ထွန်းကားလာခြင်း၊ နန်းတော်များ၊ စေတီပုထိုးများကို အုတ်၊ အင်္ဂတေပစ္စည်းတို့ကို အသုံးပြုလျက် ပန်းတောင် - ပန်းခက်များဖြင့် အလှဆင်ဆောက်လုပ်သော ဗိသုကာအတတ်ပညာများ ထွန်းကားလာခြင်း၊ သမားရိုးကျစိုက်ပျိုးရေးအဆင့်မှ ဆည်မြောင်း တာတမံများ တည်ဆောက်ပြီး ဆည်ရေဖြင့်စိုက်ပျိုးသော အတတ်ပညာများ ထွန်းကားလာခြင်းများ ရှိ၏။ ထို့အပြင် ဘာသာရေးအကြောင်းပြု၍ စွယ်တော်ပင့်ရန် တရုတ်ပြည်နှင့် ဆက်သွယ်ခြင်း၊ သီဟိုဠ်နိုင်ငံနှင့် ဆက်သွယ်၍စွယ်တော်ရုပ်ပွားများပင့်ဆောင်လျက် ပုဂံတွင် ပူဇော်ခွင့်ရခြင်း၊ ထိုင်းနိုင်ငံ၊ လင်းဇင်းနိုင်ငံ (ယခုလာအို)၊ ကမ္ဘောဒီးယားနိုင်ငံများသို့ ဗုဒ္ဓဘာသာ ကိုးကွယ်ခွင့်ရရှိရေး စီမံဆောင်ရွက်ပေးခြင်းစသည့်သမိုင်းအချက်အလက်များကိုထောက်၍ ပုဂံအင်ပါယာကိုပတ်ဝန်းကျင်နိုင်ငံအသီးသီးတို့က လေးစားကြောင်း ထင်ရှားလေသည်။

ပုဂံခေတ်တွင် **အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူနှင့် နရပတိစည်သူမင်း**တို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး၊ စိုက်ပျိုးရေးကိုအခြေခံသော စီးပွား ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးနှင့် နိုင်ငံတော် ထိန်းသိမ်းအုပ်ချုပ်ရေးတို့ကို နိုင်နင်းစွာ စီမံဆောင်ရွက်နိုင်သည့် မင်းကောင်းမင်းမြတ်များ ဖြစ်သည့်အတွက် ပုဂံနိုင်ငံတော်ကြီးမှာ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။

ပုဂံခေတ်နောက်ပိုင်း ဇေယျာသိင်္ခ၊ ကျစွာ၊ ဥဇနာနှင့် နရသီဟပတေ့မင်းတို့သည် အရည်အချင်း ညံ့ဖျင်းသည့်မင်းများ ဖြစ်ကြသည်။ ထိုမင်းများသည် တိုင်းပြည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်ဆန္ဒမရှိဘဲ မင်းစည်းစိမ်ကိုသာ စံစားလိုစိတ်သာ ရှိကြသဖြင့် စီးပွားရေးဘက်တွင် ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။ ထို့အတူ စည်းလုံးညီညွတ်မှုမှာလည်း ယိုယွင်းပျက်ပြားလာသဖြင့် ပြည်တွင်းရေးတည်ငြိမ်မှု မရှိတော့ပါ။ ထိုအခြေအနေမျိုးတွင် နရသီဟပတေ့မင်းသည် တရုတ်သံအဖွဲ့ကို သတ်ပစ်လိုက်သောကြောင့် ပုဂံသို့ တရုတ်စစ်တပ်ဝင်ရောက်လာသည်အထိ အခြေအနေမှာ ယိမ်းယိုင်လာပြီးနောက်ပိုင်း ပုဂံအင်ပါယာ ပျက်စီးသွားခဲ့လေသည်။

## မြန်မာစာပေနှင့် စာဆိုရှင်များ

ပုဂံခေတ်တွင် **ကျစွာမင်း**သည် ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန်ဆိုတော်မူ၍ ရဟန်းတော်တို့အား တစ်နေ့စာ(၇)ဝါ ပို့ချပေးသကဲ့သို့ **ပရမတ္ထဝိန္ဒုကျမ်း**ကိုလည်း စီရင်ရေးသားခဲ့သည် ဆိုသည်။ ပင်းယခေတ်၊ စစ်ကိုင်းခေတ်နှင့် အင်းဝခေတ်တို့တွင်လည်း မြန်မာစာပေတိုးတက်မှုရှိခဲ့သည်။ ရဟန်းစာဆိုများဖြစ်ကြသောရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်တေဇောသာရ၊ ရှင်အဂ္ဂသမာဓိတို့သည် ပျို့၊ မော်ကွန်း၊ ရတု စသည့် လင်္ကာရှည်ကြီးများ ရေးသား၍ အင်းဝခေတ်တွင် စာပေပန်းများ ပွင့်လန်းခဲ့သည်။ သို့ရာတွင် အင်းဝဘုရင် **သိုဟန်ဘွား** လက်ထက်တွင် ရဟန်းတော်

တို့အား ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်သောကြောင့် ကျမ်းတတ်ရဟန်းတော်များသည် တောင်ငူအရပ်သို့ တိမ်းရှောင်သွားကြလေသည်။


ဆက်လက်၍ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များတွင် ရတု၊ ဓချင်း၊ မော်ကွန်း၊ လင်္ကာ၊ ပျို့ အန်ချင်း၊ လူးတား၊ အဲချင်း၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်၊ ဘောလယ် စသော စာပေ၊ လင်္ကာ ကဗျာများ ထွန်းကားခဲ့သည်။

ထိုကျမ်းတတ်ရဟန်းတော်တို့အား အမှီရသဖြင့် တောင်ငူခေတ်တွင် လှော်ကားသုံးထောင်မှူး၊ ရှင်ထွေး နားသိမ်၊ နဝဒေးကြီး၊ ဗညားဒလ၊ မဟာပညာကျော်၊ ရဝေရှင်ထွေး၊ နတ်ရှင်နောင်၊ ဇေယျရန္တမိတ်၊ ရှင်သံခို၊ ဥက္ကာပျံ စသည့် စာဆိုပညာရှင်ကြီးများ ထွက်ပေါ်လာခဲ့ကြသည်။

ထို့အတူ ညောင်ရမ်းခေတ်တွင်လည်း ရဟန်းစာဆို ပုဂ္ဂိုလ်ကျော် တောင်ဖီလာဆရာတော်၊ ကျော်အောင်စံထားဆရာတော် ဝန်ကြီးပဒေသရာဇာ၊ ဟံသာဝတီရောက်မင်း၊ တောင်တွင်းရှင်ငြိမ်းမယ် တို့ထွက်ပေါ်ခဲ့သည်။

ကုန်းဘောင်ခေတ်တွင် လက်ဝဲသုန္ဒရ၊ စိန္တကျော်သူ၊ တွင်းသင်မင်းကြီး၊ ဒုတိယနဝဒေး၊ ဦးတိုး၊ စလေဦးပုည၊ ကင်းဝန်မင်းကြီး၊ ရွှေတောင်နန္ဒမိတ်၊ ဦးဖျော်၊ လက်ဝဲနော်ရထာ၊ ဦးရွှန်း၊ ဦးယာ၊ ရွှေတောင်နန္ဒသူ၊ အချုပ်တန်းဆရာဖေ၊ မန်လည်ဆရာတော်၊ မယ်ခွေ၊ ဝန်ကြီးပဒေသရာဇာ၊ ဦးကြော့၊ ဦးဖြင့်ဦး၊ သူတော်ဦးမင်း၊ လှူဦးမင်း၊ မဟာအတုလမင်းကြီး၊ ဦးဆောင်း၊ ဦးကြီး၊ လှိုင်ထိပ်ခေါင်တင်၊ မောင်းထောင်ဦးကျော်လှ တို့ ထွက်ပေါ်ခဲ့သည်။

ရှေးဟောင်းပျူခေတ် ကုန်သွယ်ရေးလမ်းများ မြေပုံ



## ဗျတ်ဝိ၊ ဗျတ္တဟူသည်

သထုံသို့ ရောက်လာသူ ဗျတ်ဝိ၊ ဗျတ္တ ညီနောင်တို့နှင့် ပတ်သက်၍ အာရပ်မွတ်ဆလင်၊ ကုလားမွတ်ဆလင် ဟူ၍ အမျိုးမျိုး ပြောဆိုနေကြသည့်အတွက် စာအုပ်စာပေများ ရှာဖွေဖတ်ရှုခဲ့သည်။

Mr.L.S.S.O Molley L.C.S Bengal District Gazetterr Chapter V.page No-26တွင် ***ဘတ်တီယာခိလ်ဂျီ*** ဦးဆောင်သော မွတ်ဆလင်(၂၀၀၀)ခန့်သည် ဗီဟာနယ်သို့ ၁၁၉၃ – ခုတွင် စတင် ရောက်လာပြီးဘုန်းတော်ကြီးကျောင်းများကို မီးရှို့ဖျက်ဆီးပြီး၊ ရဟန်း တော်တို့အားရက်စက်စွာ ညှဉ်းဆဲသတ်ဖြတ်ကာ အိန္ဒိယမြောက်ပိုင်း *ဒက်ကင်းဒေသ*သို့ပြန်သွားလေသည်။ ***၁၁၉၅ – ၁၁၉၇*** တို့တွင် နှစ်ကြိမ်တိုင်တိုင် ထပ်မံလာရောက်တိုက်ခိုက်ပြီး ရွှေ၊ ငွေ၊ ပစ္စည်း ဥစ္စာတို့ကို ယူဆောင်သွားသည်ဟုဆိုသည်။

အဆိုပါ ဗီဟာနယ်နှင့်ကပ္ပလီပင်လယ်အကြားတွင် ဘင်္ဂါ နယ်ကြီး ခြားလျက်ရှိနေလေသည်။ ထိုအချိန်တွင်ဘင်္ဂါနယ်၌ အုပ်စိုးသော *ဆေနာမင်းဆက်* တို့သည် ဟိန္ဒူအစွန်းရောက်သူများ ဖြစ်၍ ထိုဒေသကို ဖြတ်သန်းသွားရန်လွယ်မည်ဟုမထင်ပါ။ အဆိုပါ *ဘင်္ဂါနယ်ကို မွတ်ဆလင်တို့ သိမ်းပိုက်လိုက်ချိန်မှာ ၁၂၀၄* – ခု ဟု ဆိုသည်။ ထို့ကြောင့် မနူဟာမင်းပုဂံသို့ ပါတော်မူသော *၁၀၅၇* – ခုနှစ် နှင့် မွတ်ဆလင်တို့ ဘင်္ဂါသို့ရောက်လာသော ***၁၂၀၄ – ခုနှစ်***တို့မှာ နှစ်ပေါင်း ***(၁၄၇)***နှစ်မျှ *ကွာခြား*နေသည့်အတွက် **ဗျတ်ဝိ၊ဗျတ္တ**တို့ နှင့် ပတ်သတ်၍ **မွတ်ဆလင်**ဖြစ်သည်ဟူ၍ ဆိုနေခြင်းမှာဟုတ်နိုင် ပါသလားဟု စဉ်းစားရန် လိုအပ်လာပေသည်။

## မြန်မာနိုင်ငံသို့ဝင်ရောက်လာသော လူမျိုးခြားများ

ရှေ့ဟောင်းခေတ် လူ့ယဉ်ကျေးမှု ထွန်းကားချိန်မှ ပျူခေတ်ဦးအထိ လူမျိုးနွယ်စုအလိုက် မြန်မာနိုင်ငံတွင်းသို့ စီးဝင်လာသည့်ကိစ္စကို ပြောစရာလိုမည်မထင်ပါ။ သို့ရာတွင် ပျူလူမျိုးတို့အား လာရောက်တိုက်ခိုက်သော *တရုတ်တပ်များ၊* မွန်လူမျိုးတို့အား လာရောက်တိုက်ခိုက်သော *ဂျွမ်း(ခမာ)များ* နှင့် ကုန်သွယ်လုပ်ငန်းဖြင့် အိန္ဒိယမှ လာရောက်သူများလည်း ရှေးဟောင်းခေတ်ကပင် ရှိခဲ့လေသည်။

ထိုအချိန်မှနောက်ပိုင်း မြန်မာ့မြေပေါ်သို့ အစောဆုံး ခြေချသည်ဟု ယူဆသူတို့မှာ ဒုတိယ မြန်မာနိုင်ငံတော်ကြီး စည်းရုံးတည်ထောင်သော တပင်ရွှေထီးမင်းနှင့် ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းတို့ထံ၌ စစ်မှုထမ်းသည့် ***ပေါ်တူဂီ****လူမျိုးများ* ဖြစ်ကြသည်။ သူတို့နှင့် မရှေးမနှောင်းတွင် မြန်မာ့ဦးစွန်းကို ချိုးဖဲ့ဖျက်ဆီးရန် စမ်းသပ်သူ *ပေါ်တူဂီလူမျိုး****ဒီဗရစ်တို*သည် *သန်လျင်၌*အခြေချနေထိုင်ခဲ့ဖူးသည်။ သူတို့ကိုအင်းဝဘုရင်အနောက်ဘက်လွန်မင်းက သုတ်သင်ဖယ်ရှားပစ်လိုက်ပြီး၊ နောက်လိုက်ပေါ်တူဂီ စစ်သားအချို့နှင့် မိသားစုတို့အား *ချင်းတွင်းမြစ်နှင့် မူးမြစ်အကြားရှိ* ***နဘက်အရပ်*** *(ယခု မြောင်မြို့နယ်)* တွင် အခြေချနေထိုင်စေခဲ့သည်။

အင်းဝခေတ်သာလွန်မင်းတရားလက်ထက် ၁၆၃၅ – ခုတွင် ***ဒတ်(ချ်)****လူမျိုးတို့သည် အင်းဝ၌*ကုန်စုံဆိုင်ဖွင့်သကဲ့သို့ ၁၆၄၇ – တွင် **အင်္ဂလိပ်**တို့ကလည်း ကုန်စုံဆိုင်လာရောက် ဖွင့်ကြသည်။ (၁၀)နှစ်မျှကြာသောအခါ အရှုံးပေါ်၍ပြန်ထွက်သွားကြလေသည်။

ကုန်းဘောင်ခေတ်သို့ရောက်လာသောအခါ ၁၇၅၃-ခု တွင် *ဟိုင်းကြီးကျွန်း၌* အင်္ဂလိပ်တို့လာရောက် အခြေစိုက်နေထိုင် သဖြင့် *ဦးအောင်ဇေယျ* ကိုယ်တိုင် တိုက်ထုတ်လိုက်ရလေသည်။ ဦးအောင်ဇေယျမင်းနှင့် သူ့နောက် (၁၁) ဆက်မြောက် သီပေါမင်း အထိ ကြားကာလအတွင်းတွင် အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် စသည့် အနောက်နိုင်ငံသားများမှာ နိုင်ငံရေးခြေရှုပ်ခဲ့ကြသည်။ သူတို့နှင့်အတူ *ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သာသနာပြု ပုဂ္ဂိုလ်များ* လည်း လွတ်လပ်စွာ သာသနာပြုနေပြီဖြစ်ကြောင်း တွေ့ရပေသည်။

## မြန်မာနိုင်ငံသို့ဝင်ရောက်လာသော ဘာသာခြားများ

**အင်းဝခေတ်**တွင် *ရှိမန်ကက်သလစ်ခရစ်ယန်သာသနာ* ပြုများသည် မြန်မာနိုင်ငံသို့ ရှေးဦးလာရောက်သူများဟု မှတ်တမ်း တွင်တွေ့ရလေသည်။ အီတလီရှိမန်ကက်သလစ်ဘုန်းကြီးနှစ်ပါး ဖြစ်သော ***ဗစ်တိုနီနှင့် ကာလ်ချီ***တို့သည် ၁၇၀၂-ခုတွင် *အင်းဝ နေပြည်တော်၌* အခြေချ၍ သာသနာပြုခွင့်ရသွားလေသည်။ သူတို့ သည် **၁၇၄၉**-ခုတွင် သန်လျင်၌ ဘုန်းကြီးကျောင်းနှင့် မိဘမဲ့ ဂေဟာတစ်ခုကို တည်ထောင်၍ သာသနာပြုကြလေသည်။

၁၆ရာစုတွင်နယ်ချဲ့ဝါဒကိုစတင်ကျင့်သုံးလာသောပေါ်တူဂီ နှင့် ဒတ်(ချ်)တို့အား အတုယူလျက် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် လည်းအာရှတွင်နယ်ချဲ့ရန် အိန္ဒိယကိုဗဟိုပြု၍ရပ်တည်လျက်ရှိလေ သည်။ သူတို့သည်ဒေသတွင်းနိုင်ငံများကိုတည်ငြိမ်မှုပျက်ပြားစေရန် သွေးထိုးပေးပြီး စစ်ဖြစ်ပွားလာသောအခါ လက်နက်ရောင်း၍ စီးပွား

ရာကြသည်။ ထို့အပြင် အင်အားတောင့်တင်းသူတို့နှင့် မိတ်ဖွဲ့၍ အကူအညီပေးသယောင်ဖြင့် အခြေအနေပေးလာလျှင် ထိုဒေသကို သိမ်းယူလေ့ရှိကြသည်။

ထိုသို့ နယ်ချဲ့ရာတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့အား အထောက်အကူဖြစ်စေရန် ခရစ်ယန်သာသနာပြုများ ကကူညီကြသည်။ ယင်းမှာ *သတင်းရှာဖွေပေးခြင်း၊ သက်ဆိုင်ရာဒေသ၏ အချက်အလက်များစုဆောင်းပေးခြင်း၊ လမ်းညွှန်မြေပုံများရေးဆွဲပေးခြင်း၊ ပုံနှိပ်စက်များ တင်သွင်း၍ ခရစ်ယန်ဘာသာဝါဒဖြန့်စာပေများပုံနှိပ်ဖြန့်ချိခြင်း*စသည်တို့ဖြင့်ကူညီပေးကြသည်။ထိုနည်းအတူ ခရစ်ယန်သာသနာပြုများကိုလည်း နယ်ချဲ့တို့က အကာအကွယ်ပေးခြင်း၊ အထောက်အပံ့ပေးခြင်းများဖြင့် တုန့်ပြန်လေ့ရှိလေသည်။

၁၇၉၅ တွင် *ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ သံအရာရှိ မိုက်ကယ်ဆိုင်းဆိုသူ* အင်းဝသို့ လာသောအခါ *အီတလီဘုန်းကြီး* ***ဆန်ဂါမန်***သည် သူ့ထံလာရောက်တွေ့ဆုံပြီးသတင်းပေးကြောင်းကို An Account of an Embassy to the Kingdom of Ava (London 1800) စာတမ်းဆောင်းပါးတွင်မိုက်ကယ်ဆိုင်းကိုယ်တိုင်ရေးသားဖော်ပြထားကြောင်း တွေ့ရလေသည်။

ပြင်သစ်ဘုန်းကြီး ***ပေါလ်ဘီဂင်ဒက်*** သည် ကချင်တောင်တန်းမှ ယူနန်နယ်သို့သွားရာ ကုန်သွယ်ရေး[illegible]ကြောင်းကိုလေ့လာစုံစမ်း၍ (၆၄)မျက်နှာရှိသော စာမူတစ်ခု ရေးသားပြုစုပြီး ပြင်သစ်အစိုးရထံသို့ ပေးအပ်လေသည်။ ထို့အပြင် အမေရိကန်သာသနာပြု

***ဒေါက်တာဂျဒ်ဆင်*** အား သူလျှိုလုပ်မှုဖြင့် စစ်ကိုင်းမင်းက ဖမ်းဆီးထိန်းသိမ်းဖူးသည်။ အဆိုပါ ဥရောပတိုက်သားတို့သည် နယ်ချဲ့ဝါဒကျင့်သုံးရာတွင် ယင်းသို့ခရစ်ယန် သာသနာပြုများနှင့် ချိတ်ဆက်မှုရှိသကဲ့သို့၊ သာသနာပြုများကလည်း နယ်ချဲ့တို့နှင့် ချိတ်ဆက်မှုရှိကြောင်း တွေ့ရသည်ဟုဆိုသည်။

## ခရစ်ယာန်တို့၏ သာသနာပြုနည်းများ

ခရစ်ယန်သာသနာပြုရန် မြန်မာနိုင်ငံသို့ လာရောက်သောနိုင်ငံများမှာ *ပေါ်တူဂီ၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလိပ်နှင့် အမေရိကန်နိုင်ငံ* တို့ ဖြစ်ကြသည်။ *သူတို့သည် ပြည်မတွင် အောင်မြင်မှုမရှိ၍ ဗုဒ္ဓဘာသာရဟန်းတော်များ မရောက်သေးသော နယ်စပ်ဒေသ၊ တောင်ပေါ်ဒေသများအထိ စွန့်စားသွားရောက်ပြီး တိုင်းရင်းသားတို့အား စည်းရုံးသိမ်းသွင်းကြသည်။*သက်ဆိုင်ရာ တိုင်းရင်းသားစာပေအက္ခရာကို တီထွင်ရေးသား ခြင်း၊ ဓမ္မသီချင်းများ ဆုတောင်းစာများရေးသားခြင်းတို့အပြင် သမ္မာကျမ်းစာကိုလည်း တိုင်းရင်းသားဘာသာဖြင့် ရေးသားပြီး သာသနာပြုကြသည်။

အဆိုပါခရစ်ယာန်သာသနာပြုများသည် အရှည်ကိုမျှော်၍ စာသင်ကျောင်းများ ဖွင့်လှစ်ပြီး ပညာသင်ပေးခြင်း၊ မိဘမဲ့ဂေဟာဖွင့်ခြင်း၊ ဘိုးဘွားရိပ်သာဖွင့်ခြင်း၊ သက်မွေးပညာဖြစ်သော စိုက်ပျိုးရေးကျောင်း၊ လက်မှုအတတ်ပညာ သင်ကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းများ ပြုလုပ်ကြသည်။ သူတို့သည် ပညာရေး၊ လူမှုရေးနည်းလမ်းတို့ကို အသုံးပြုလျက် စည်းရုံးသိမ်းသွင်းနိုင်ရန်ကြိုးပမ်းအားထုတ်ကြသည်။

ခရစ်ယန်သာသနာပြုတို့သည် အပင်ပန်းခံရကျိုးနပ်သည်ဟု ယူဆရန်ရှိပေသည်။ ယင်းမှာ **ကရင်**တိုင်းရင်းသားအချို့ **ချင်း**တိုင်းရင်းသားအချို့နှင့် **ကချင်**တိုင်းရင်းသားအချို့သည် ခရစ်ယန်ဘာသာထဲသို့ ဝင်ရောက်လာခဲ့ကြ၍ဖြစ်သည်။ ထိုမှနောက်ပိုင်းသူတို့တွင် စိတ်ကူးတစ်မျိုး ပြောင်းသွားကြပြန်သည်။ ပြည်ပမှလာရောက်စည်းရုံးလျှင် ထင်သလောက် ထိရောက်မှုရှိနိုင်မှာ မဟုတ်ကြောင်းသိ၍ ဒေသခံအချင်းချင်း စည်းရုံးနိုင်ရေးအတွက် ခရစ်ယန်သာသနာပြု ဆရာဖြစ်သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားရန် လုပ်ဆောင်ကြသည်။

## ခရစ်ယာန်ဆရာဖြစ်ကျောင်း

ပြင်သစ်ဘုန်းတော်ကြီး ***ပေါလ်ဘီဂင်ဒက်၏*** ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ကက်သလစ် စာသင် ကျောင်းပေါင်းများစွာ ပေါ်ပေါက်လာခဲ့သည်။ ထိုကျောင်းများတွင် သာသနာပြုရန် ဆရာများမွေးထုတ်လို၍ ပုသိမ်နှင့်တောင်ငူတို့တွင် ဆရာဖြစ်သင်ကျောင်းနှစ်ကျောင်း ဖွင့်လှစ်သင်ကြားလေသည်။

သူတို့ကက်သလစ်သာသနာ့ဘောင်သို့ဘုန်းကြီး၊ သီလရှင်အဖြစ် ဝင်ရောက်လိုသူများတွင် အရည်အချင်း (၄) ခုရှိရပေသည်။ ၎င်းတို့မှာ -

(၁) အမျိုး၏ကောင်းခြင်း

(၂) ကျန်းမာရေးနှင့်ပြည့်စုံခြင်း

(၃) သာမန်ဉာဏ်ပညာနှင့်ပြည့်စုံခြင်း

(၄) ဘုရား၊ တရား ကြည်ညိုခြင်း တို့ဖြစ်သည်။

လျှောက်ထားလာသော သင်တန်းသားကို (၂)ဆင့်ခွဲလိုက်သည်။ ပထမအဆင့်တွင် ကက်သလစ်သာသနာ၌ ဘာသာရေးသက်သက်လုပ်ငန်းတွင် ဦးဆောင်ရန်အတွက် အနည်းဆုံး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူကို ရွေးချယ်သည်။ လက်တင်ဘာသာ စာစီစာကုံးရေးနည်းပညာ၊ လူမှုရေးပညာနှင့် ဖီလောဆော်ဖီ ပညာတို့ကို (၂)နှစ်တိုင်သင်ကြား၍ Theology ဘာသာတရားစာပေကို (၄)နှစ်ကြာ သင်ကြားစေသည်။ ဘာသာရေးဆိုင်ရာ ဒေါက်တာဘွဲ့ရသည်အထိသင်ကြားပေးခြင်းဖြစ်သည်။

ဒုတိယအဆင့်မှာ အရံသာသနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လိုသော ပုဂ္ဂိုလ်များအတွက်ဖြစ်သည်။ သူတို့ကို သူနာပြုအတတ်ပညာ၊ သက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် ဘာသာရေးအခြေခံစာပေတို့ကို သင်ကြားပေးသည်။ ယင်းသို့သင်ပေးသောဌာနကို ကိုရင်ဂေဟာဟုခေါ်သည်။ ဤသည်မှာ ကက်သလစ် ဆရာဖြစ်ကျောင်းနှင့် ပတ်သက်၍ ဗဟုသုတတိုးပွားရန် ဖော်ပြခြင်းဖြစ်သည်။

အမေရိကန် နှစ်ခြင်းခရစ်ယာန်သာသနာပြုကျောင်းများလည်း ရှိသေးသည်။ အနည်းဆုံး(၇)တန်းအောင် မြင်သူဖြစ်ရမည်။ သင်းအုပ်ဆရာအတတ်သင်ရန် (၄)နှစ်ကြာအောင် ဓမ္မကျမ်း၊ ရာဇဝင်ပညာ၊ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်မှုပညာ၊ ရပ်ရွာဆိုင်ရာ ခေါင်းဆောင်မှုပညာများကိုသင်ကြားပေးသည်။ သူတို့ကို လက်တွေ့လေ့ကျင့်မှုရရှိရေးအတွက် စနေ၊ တနင်္ဂနွေနေ့များတွင် တနင်္ဂနွေစာသင်ကျောင်း၊ ဓမ္မစာသင်ကျောင်း များဖွင့်လှစ်ပေးခြင်း

နှင့် အခြားဘာသာရေးဆိုင်ရာ လုပ်ငန်းများတွင်လက်တွေ့ပါဝင်ဆောင်ရွက်စေသည်။

ယင်းသင်တန်းကျောင်းအပြင် နောက်ထပ်အဆင့်မြင့်ပညာသင်ကြားပေးသော သင်တန်းကျောင်းလည်း ရှိလေသည်။ ထိုကျောင်းသို့ တက္ကသိုလ်ဝင်တန်း အောင်မြင်သူသာ တက်ခွင့်ရှိသည်။ ထိုကျောင်းတွင် (၄)နှစ်ကြာ သင်ပေးပြီးနောက် အမေရိကန်ဘာသာရေးတက္ကသိုလ်ကျောင်းမှ(B.Th) ဝိဇ္ဇာဘွဲ့ကိုရရှိလေသည်။ ထိုကျောင်းတွင်ဘာသာရေးဆိုင်ရာပညာ၊ စိတ္တဗေဒပညာ၊ ပါလီမန်အုပ်ချုပ်မှု ပညာတို့ကို သင်ပေးသည်။ ဤ ကျောင်းထွက်များကို မြို့များတွင် သာသနာပြုရန် တာဝန်ပေးအပ်လေသည်။ ဤသည်မှာ အမေရိကန်နှစ်ခြင်း သာသနာပြုကျောင်းနှင့်ပတ်သက်၍ ဗဟုသုတတိုးပွားရန် တင်ပြခြင်းဖြစ်သည်။

❋

## ကျမ်းကိုးစာအုပ်များ

၁။ ဦးသန်းထွတ် – မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းပညာရေး သမိုင်း။ သိန်းမင်းလှိုင်စာပေ၊ ၁၉၈၀ – ခုနှစ်၊ စက်တင်ဘာလ။

၂။ အရှင်ဇနကာဘိဝံသ – အနာဂတ်သာသနာရေး နယူးဘားမားပုံနှိပ်တိုက်၊ ၂၀၀၃ – ခုနှစ်၊ မေလ။

၃။ သာထွန်းပြန့်ဦးစီးဌာန – အခြားဘာသာများကိုလေ့လာခြင်း။ သာသနာရေးဦးစီးဌာန၊ ၂၀၀၃ – ခုနှစ်၊ ဇူလိုင်လ။

| | |
|---|---|
| ၄။ လမ်းစဉ်ပါတီ | - အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၇၇ - ခုနှစ်၊ ဩဂုတ်လ။ |
| ၅။ ဦးအောင်ငြိမ်းထွန်း | - လိုရင်းမြန်မာ့သမိုင်း ယောဂီပုံနှိပ်တိုက်၊ ၁၉၆၂ - ခုနှစ်၊ အောက်တိုဘာလ။ |
| ၆။ မေဃဝတီဦးနာရဒ | - ဗုဒ္ဓသမိုင်း(သို့မဟုတ်) အမှတ်တရဒိုင်ယာယီ ၂၀၀၁ - ခုနှစ်၊ ဇူလိုင်လ။ |
| ၇။ အရှင်ပညိန္ဒာဘိဝံသ | - အိန္ဒိယမြန်မာဗုဒ္ဓဘာသာ သာသနာရေးဦးစီးဌာန၊ ၁၉၉၇ - ခုနှစ်၊ အောက်တိုဘာလ။ |
| ၈။ မောင်အံ့ (မဟာဝိဇ္ဇာဘုံဘော) | - ဗုဒ္ဓသာသနာ - ၂၅၀၀ ခရီး စာပေလောကစာပေတိုက်၊ ၂၀၁၀ - ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| ၉။ မြန်မာကဗျာစာတမ်းများ (ပထမတွဲ) | - ပထမအကြိမ်၊ ၁၉၈၃ - ခုနှစ် စာပေဗိမာန်၊ ပြည်သူ့လက်စွဲစာအုပ် |

※

## လေ့ကျင့်ရန်မေးခွန်းများ

၁။ နိုင်ငံရေးနှင့် ဘာသာရေးကို ရောထွေးမှု မရှိသင့်ကြောင်း ပြောဆိုလေ့ရှိကြသည်။ လက်တွေ့ဘဝတွင် နိုင်ငံရေးနှင့်ဘာသာရေးကိုခွဲခြားကျင့်သုံး၍ ရနိုင်၊ မရနိုင်ကို ကြောင်းကျိုးပြ၍ ဖော်ပြပါ။

၂။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံဟူ၍ ဂုဏ်ယူဝင့်ကြွားနိုင်စေရန် ဗုဒ္ဓဘာသာ

သည် တစ်စုံတစ်ရာ အထောက်အကူဖြစ်စေခဲ့သည်ဟု ယူဆပါလျှင် ထိုအကြောင်းကို ရေးသားဖော်ပြပါ။

၃။ ဘာသာတရားသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိရေးကို အထောက်အကူ ဖြစ်နိုင်ပါသလား၊ ဖြစ်နိုင်သည်ဟု ယူဆနိုင်ပါလျှင် ထိုအယူအဆကို ရေးသားဖော်ပြပါ။

၄။ မြန်မာနိုင်ငံတွင်းသို့ လူမျိုးခြားများ ဝင်ရောက်လာသည့်နောက်ပိုင်း ကာလတွင် ကြုံတွေ့လာခဲ့ရသော အကျိုးနှင့်အပြစ်များကို နှိုင်းယှဉ် ဖော်ပြပါ။

၅။ ခရစ်ယာန်ဘာသာသည် ဘာသာရေးသက်သက်ဖြင့် သာသနာပြုခြင်း မျိုးမဟုတ်ပါ။ လူမှုရေးအကျိုးပြု လုပ်ငန်းတို့ဖြင့် ချဉ်းကပ်စည်းရုံး သိမ်းသွင်း၍ သာသနာပြုသည်ကို တွေ့ရ၏။ ထိုသာသနာပြုနည်း၏ အကျိုးသက်ရောက်မှုကို သင့်ယူဆချက်အတိုင်းရေးပါ။

၆။ မြန်မာနိုင်ငံတွင်ဗုဒ္ဓဘာသာမရောက်သေးသောအရပ်သို့ဗုဒ္ဓသာသနာ တော် ပျံ့နှံ့ရောက်ရှိစေရန် လုပ်ဆောင်နိုင်သောနည်းလမ်းရှိလျှင် ထိုနည်းလမ်းကိုဖော်ပြပါ။

# သမိုင်းစာမျက်နှာပေါ်က မြန်မာနိုင်ငံ

## နယ်ချဲ့နှင့် မြန်မာနိုင်ငံ

ပျူခေတ်အကြောင်းကို ရှေ့ပိုင်း၌ ရေးသားခဲ့ပြီးဖြစ်၍ နယ်ချဲ့အကြောင်းကို ဆက်လက်ရေးလိုပါသည်။ ၁၇၈၄ – ခုတွင် ဗဒုံမင်း (ဘိုးတော်မင်း)သည် ရခိုင်ဒေသကို သိမ်းပိုက်လိုက်သောကြောင့် အင်္ဂလိပ်ပိုင်အိန္ဒိယနှင့်မြန်မာနိုင်ငံမှာ ထိစပ်သွားလေသည်။ နှစ်နိုင်ငံ နယ်စပ်ရှိရခိုင်၊ အာသံ၊ မဏိပူရတို့နှင့်ပတ်သက်၍ အင်္ဂလိပ်နှင့်မြန်မာ ဆက်ဆံရေးမှာ တင်းမာလာခဲ့၏။ ထို့ကြောင့် ၁၈၂၄ – ခုစစ်ကိုင်းမင်း (ဘကြီးတော်မင်း) လက်ထက်တွင် အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားရာတွင် မြန်မာတို့ရှုံးနိမ့်၍ ***မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီနယ်***တို့ကို ပေးအပ်လိုက်ရသည်။ **၁၈၅၂ – ခု**ပုဂံမင်းလက်ထက်တွင်လည်း မတရားအမှုဆင်၍ တိုက်ခိုက်ပြန်သဖြင့် မြန်မာပြည်အောက်ပိုင်း ***ပဲခူးဒေသ***ကို ထပ်မံပေးအပ်လိုက်ရသည်။ ထို့နောက် ၁၈၈၅ – ခု သီပေါမင်းလက်ထက် ရောက်လာသောအခါ တစ်ဘက်သတ်အနိုင်

ကျင့်တိုက်ခိုက်ပြန်သဖြင့် အထက်မြန်မာနိုင်ငံကိုပါ ပေးအပ်လိုက်ရသည့်အတွက် သူ့ကျွန်ဘဝသို့လုံးဝသက်ဆင်းသွားခဲ့ရလေသည်။

## အမျိုးသားရေးစိတ်ချိုးနှိမ်ခံခဲ့ရခြင်း

အင်္ဂလိပ်လက်သို့ မြန်မာနိုင်ငံကို အလွယ်တကူပေးအပ်လိုက်ခြင်းတော့မဟုတ်ပါ။ မျိုးချစ်သူရဲကောင်းတို့က သူတို့နှင့်ရင်ဆိုင်တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်လက်အောက် ကျရောက်သွားချိန်မှာလည်းရပ် မသွားပါ။ တွန်းလှန်တိုက်ခိုက်မှု ဆက်လုပ်ခဲ့သည်။ ယင်းသို့ စဉ်ဆက်မပြတ်တွန်းလှန်တိုက်ခိုက်၍ လွတ်လပ်ရေး ပေးရမည် ဆိုသောအခါ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များကို လုပ်ကြံရန် အကြံအစည်ကိုကျင့်သုံးခဲ့သည်။ အဆိုပါ တိုင်းတစ်ပါးနယ်ချဲ့တို့၏ မရိုးမဖြောင့်အမှောင့်ပယောဂကြောင့် **စစ်သူကြီးမဟာဗန္ဓုလနှင့် ဗိုလ်ချုပ်အောင်ဆန်း**တို့အပါအဝင် မျိုးချစ်သူရဲကောင်းတို့၏သွေးမှာ မြေကျခဲ့ရလေ သည်။

အင်္ဂလိပ်တို့သည် အမျိုးသားရေးစိတ်ဓာတ်ကိုချိုးနှိမ်ဖျက်ဆီးလို၍ မျိုးချစ်သူရဲကောင်းတို့အား သတ်ဖြတ်သည့်တိုင်အောင် အားရတင်းတိမ်မှုရှိဟန်မတူပါ။ ဘာသာခြားအယူဝါဒတို့ကိုယူလာ၍ ဘာသာရေးဖြင့် မှိုင်းတိုက်သည်။ လူမျိုးခြား ***(မဒရစ်၊ ဘင်္ဂလားဒေသတို့ရှိ ဟိန္ဒူကုလားနှင့်၊ မွတ်ဆလင်ဘင်္ဂါလီ)***တို့အားခေါ်ဆောင်လာ၍ လူမျိုးရေးဖြင့် မှိုင်းတိုက်သည်။ ထိုကဲ့သို့သူတို့ဖန်တီးသော စစ်ဘေး၊ စစ်ဒဏ်ကြောင့်လည်းကောင်း၊ ဘာသာ

ရေး၊ လူမျိုးရေးမှိုင်းတိုက်မှုတို့ကြောင့်လည်းကောင်းမြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်မှာ ရေးကလောက်တက်ကြွမှုမရှိတော့ဟု ယူဆရလေသည်။

## ကျွန်ပညာရေးစနစ်

အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးအဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသော ***ဆာအာသာဖယ်ယာ*** သည် ပရိယာယ်ဖြင့် ***ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ***ကို ဖယ်ရှား၍ လူစာသင်ကျောင်းများဖွင့်လှစ်သင်ကြားခဲ့သည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ဒေသခံ အမှုထမ်းများ မွေးထုတ်၍ သူတို့အုပ်ချုပ်မှု ကြားကန်ပေးရန် လည်းကောင်း၊ အခြားတစ်ဘက်တွင် သူတို့ကိုဆန့်ကျင်မည့်သူများ လျော့ပါးအားနည်းသွားစေရန်လည်းကောင်း ယင်းသို့ လူစာသင်ကျောင်း ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

၁၉၂၀-ခုတွင် မျိုးချစ်စိတ်ရှိသူ တက္ကသိုလ်ကျောင်းသားများသည် အဆိုပါကျွန်ပညာရေးစနစ်ကို ဆန့်ကျင်သပိတ်မှောက်ကြသည်။ နယ်ချဲ့တို့နှင့် ယှဉ်ပြိုင်၍ အမျိုးသားကျောင်းများဖွင့်လှစ်သင်ကြားခဲ့ကြသည်။

အဆိုပါ အမျိုးသားကျောင်းများ ဖွင့်လှစ်သင်ကြားလိုက်ခြင်းကြောင့် မြန်မာတို့၏ ရင်ထဲတွင် မျိုးချစ်စိတ်တို့မှာ ပြန်လည်ရှင်သန်နိုးထ လာခဲ့ကြသည်။ ထို့ကြောင့် လူ[illegible]နေလှေ့အောင်းမြင်းဇောင်းမကျန် နယ်ချဲ့ကိုပြိုင်တူတွန်းလှန်နိုင်ခဲ့ခြင်းဖြစ်သည်။

## နယ်ချဲ့အမွေ

အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပြန်လည် တွန်းလှန်လိုက်သဖြင့် မြန်မာ့မြေပေါ်မှ နယ်ချဲ့များ ထွက်ခွာသွား ခဲ့ရလေသည်။ သို့သော် လည်းသူတို့ထားခဲ့သည့်အမွေမှာယခုထက်တိုင်ကျန်ရှိနေဆဲ ဖြစ်၏။

ယင်းမှာ နယ်ချဲ့တို့သည် သူတို့နှင့်အတူ သူတို့ဒေသရှိ အယူဝါဒကို ယူဆောင်လာခဲ့၏။ သူတို့ပြန်သွားသော်လည်း သူတို့ယူဆောင်လာသော အယူဝါဒမှာ ကျန်ရစ်ခဲ့လေသည်။ ဒေသခံ အယူဝါဒနှင့်သူတို့ချန်ခဲ့သောအယူဝါဒတို့အကြားတွင် *မတူညီသော ယဉ်ကျေးမှုနှစ်ရပ်* ကြောင့် လူမှုရေးနယ်၌ ပဋိပက္ခ ဖြစ်ပေါ်မလာစေရန် သတိဖြင့်ထိန်းကျောင်းလာခဲ့ရလေသည်။ သူတို့လည်း ကိုယ့်တိုင်းရင်းသားချင်းပဲလေဟူသော အသိစိတ်ဖြင့် နားလည်မှုရရှိသွားခဲ့ခြင်းဖြစ်ပေသည်။ သူတို့ကဲ့သို့ နားလည်မှုရယူရန် မလွယ်ကူသည်မှာ နယ်ချဲ့တို့ ခေါ်သွင်းလာသော အလုပ်သမားများဖြစ်သည်။

ယင်းမှာ ၁၈၂၄ - ခုတွင် ပေးအပ်လိုက်ရသော ရခိုင်၊ တနင်္သာရီ(ယခုမွန်ပြည်နယ်)သို့စတင် သွတ်သွင်းလာသည့် လူမျိုးခြား (ဟိန္ဒူ၊ မွတ်ဆလင်)အလုပ်သမားများသည် သူတို့မွေးရပ်မြေသို့ အားလုံးမပြန်ဘဲ ကြွင်းကျန်နေရစ်ခဲ့ကြလေသည်။ ထိုလူမျိုးခြားတို့အထဲတွင် မွတ်ဆလင်တို့၏ **သားသမီး မွေးဖွားနှုန်း**ကြောင့်လည်းကောင်း၊ ဆက်နွယ်ရာ **ဒေသအသီးသီးတို့မှ တိုးဝင်လာ**သောကြောင့်လည်းကောင်း လူဦးရေမှာ အဆမတန် တိုးပွားလာခဲ့လေသည်။ ထို့ကြောင့် သူတို့နှင့်ဒေသခံတို့ အကြားတွင် အပြန်

အလုပ်အနေအထားအယုံအကြည်ကြုံတွေ့နေကြပေသည်။ ထို့အတူ ထိုမပြေလည်မှုကို အကြောင်းခံ၍ အုပ်ချုပ်သူအစိုးရမှာလည်း အကြပ်အတည်း ဖြစ်စေခဲ့သည်။ ယင်းသို့သော အခြေအနေမှန်ကို အတွင်းကျကျ လေ့လာမှုမရှိဘဲနှင့် နိုင်ငံတကာတို့မှ အသံမျိုးစုံတို့ဖြင့် မီးလောင်ရာလေပင့်ရုံတွင်မကဘဲ မီးလောင်အားကောင်းအောင် မုန်တိုင်းတိုက်သလိုပင် လုပ်လာကြသည်။ ယင်းမှာနယ်ချဲ့အမွေ၏ ဆိုးကျိုးလက္ခဏာပင်ဖြစ်၏။

## မတူညီသူများယှဉ်တွဲနေထိုင်ခြင်း

မြန်မာနိုင်ငံသည်တရားဝင်တိုင်းရင်းသားပေါင်း(၁၃၅)မျိုးတို့နှင့်အတူတကွယှဉ်တွဲနေထိုင်လာခဲ့သည့်နိုင်ငံဖြစ်သည်။ သို့သော်လည်း ထိုလူမျိုးပေါင်းစုံအတွင်း၌ မည်သည့်ဘာသာရေး ပဋိပက္ခအသွင်မျှ ဆောင်လာခဲ့ခြင်းမရှိချေ။ ယင်းသို့ ပဋိပက္ခအသွင်ဆောင်မလာရခြင်းမှာ *လူမျိုးတစ်မျိုးနှင့်လူမျိုးတစ်မျိုးတို့အကြား၌ တန်ဖိုးထားမှု၊ လေးစားမှုရှိ*နေကြ၍ဖြစ်သည်။ အချင်းချင်းအကြားတွင် *မရိုးသားခြင်း၊ လှည့်ဖြားခြင်း* ဟူ၍လည်း မရှိကြပေ။ ထို့ကြောင့် ကာလရှည်ကြာအတူတကွယှဉ်တွဲနေထိုင်သော်လည်းမည်သည့်ပဋိပက္ခမျှ ဖြစ်ပေါ်မလာခြင်း ဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံတွင်ရင်ဆိုင်ကြုံတွေ့လျက်ရှိသောအကြပ်အတည်းမှာ ဖြစ်ရိုးဖြစ်စဉ် လူမှုရေးပြဿနာများကို ဘာသာရေးပြဿနာအဖြစ် မရိုးမဖြောင့် ပုံဖော်လိုသူများကြောင့် ပဋိပက္ခအသွင်ဆောင်လာခြင်းဟူ၍ သုံးသပ်ကြလေသည်။

## ၈၂-နှစ်အတွင်းတိုးပွားလာသောလူဦးရေ

၁၉၃၁ – ခု သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေမှာ ၁၅ – သန်းခန့်ဟု သိရပြီး၊ ယခု၂၀၁၃ – ခုတွင် လူဦးရေမှာသန်း (၆၀) ဟုဆိုသည်။ ယင်းမှာ(၁၅အချိုး၆၀)ဆ အထိတိုးပွားလာသည့် သဘောဖြစ်သည်။ တနည်း အားဖြင့် (၈၂)နှစ်ကာလအတွင်း၌ လူဦးရေ(၄)ဆ တိုးပွားလာခြင်းဖြစ်သည်။ ယင်း တိုးပွားနှုန်းအတိုင်း ဆက်လက်တိုးပွားသွားမည်ဆိုလျှင် နောင်လာမည့်(၈၂)နှစ်အကြာ **၂၀၉၅ – ခု**အရောက်တွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ **သန်း(၂၄၀)**သို့ ရောက်သွားမည်ဖြစ်သည်။ ယင်းလူဦးရေထဲတွင် **လူမျိုးခြား၊ ဘာသာခြား**တို့လည်း ပါဝင်မည်ဖြစ်ရာ လူရှိ၍ ပြဿနာရှိသည်ဟူသော စကားအရဆိုလျှင် လူများလျှင်လည်းပြဿနာများလာနိုင်ပါသည်။

ထို့ကြောင့် နောင်အနာဂတ်ကာလ လူဦးရေတိုးပွားလာသောအခါ ထိုလူဦးရေကို တာဝန်ယူ ထိန်းသိမ်း နိုင်စေရန် ယခုအချိန်မှစ၍ မြန်မာလူမျိုးတိုင်း စီးပွားရေး အလားအလာကောင်းများကို ဖော်ဆောင်ဖန်တီးရန်နှင့် အမျိုးသားရေးစိတ်ဖော်ဆောင်ထားရန် လိုအပ်ပေသည်။

ထို့အတူ ကိုယ်နေထိုင်ရာ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လူမှုရေးအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ရန်လည်းလိုအပ်ပေသည်။ အဆိုပါ လူမှုရေးအဖွဲ့များ အချင်းချင်းချိတ်ဆက်လျက် သတင်းဖလှယ်ခြင်း၊ နည်းပညာဖလှယ်ခြင်းများဖြင့် အဖွဲ့အစည်းကို ရှင်သန်တိုးတက်လာစေရန် လုပ်ဆောင်သွားရန်လည်း လိုအပ်ပေသည်။

## ဘုန်းတော်ကြီးကျောင်းနှင့် လုပ်ငန်းအမျိုးအစားများ

၂၀၁၂-ခုနှစ်၊ ဝါဆိုစာရင်းအရ ဘုန်းတော်ကြီးကျောင်း (၆၀၁၄၁) ကျောင်း၊ သီလရှင်ကျောင်း(၃၂၀၈) ကျောင်းတို့ရှိရာ စုစုပေါင်း(၆၃၃၄၉)ကျောင်းတို့ကို တွေ့ရပေသည်။ အဆိုပါကျောင်းများတွင် ရဟန်း(၂၆၀၇၇၂)ပါး၊ သာမဏေ(၂၉၁၅၈၃)ပါးနှင့် သီလရှင်(၄၂၄၉၉)ပါးတို့သီတင်းသုံးလျက်ရှိရာ စုစုပေါင်း သာသနာ့ဝန်ထမ်းအင်အားမှာ (၅၉၄၈၅၄)ပါးဟု တွေ့လိုက်သဖြင့် အားရဖွယ်ကောင်းလှပေသည်။

(မှတ်ချက်)

**မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း (၆၄၉၁၇) ရွာရှိပြီး ဘုန်းတော်ကြီးကျောင်းမှာ (၆၀၁၄၁) သာရှိသဖြင့်ကျေးရွာပေါင်း(၄၇၇၆) ရွာတို့၌ ဘုန်းတော်ကြီးကျောင်းမရှိသေးသည်ကို သိနိုင်ပေသည်။**

အဆိုပါရဟန်း၊ သာမဏေ၊ သီလရှင်တို့ သီတင်းသုံးရာ ကျောင်းတို့ကို သူတို့ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းအလိုက်၊ အမျိုးအစားခွဲခြားကြည့်ရန်လိုအပ်ပေသည်။ သို့ရာတွင်ဝါဆိုစာရင်း၌ ရှာမတွေ့သောကြောင့် သက်ဆိုင်ရာသို့ စုံစမ်းလေ့လာသောအခါ ခန့်မှန်းစာရင်းသာရရှိပေသည်။ ယင်းမှာ ပရိယတ္တိစာသင်တိုက် - ၅၀၀၀၊ ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်(၅၀၀၀)နှင့် ဆင်းရဲနွမ်းပါးသော ကလေးတို့အားပညာသင်ပေးလျက်ရှိသော ကျောင်း(၅၀၀၀)ခန့်ဟုဆိုရာ စုစုပေါင်းအလုပ်လုပ်သည့်ကျောင်းမှာ (၁၅၀၀၀)ခန့်သာဟု မှန်းဆသိခွင့်ရပေသည်။ ထိုမှ ကြွင်းကျန်သော ကျောင်းပေါင်း

**(၄၈၃၄၉)ကျောင်း**တို့မှာ လုပ်ငန်းပြစရာမရှိသည့် အကြည်ညိုခံကျောင်းများဟု ယူဆရန်မှတစ်ပါး အခြားနည်းလမ်းရှာမတွေ့ချေ။

အထက်ဖော်ပြပါ အလုပ်ရှိသောကျောင်းနှင့် အလုပ်မရှိသောကျောင်းတို့၌ သီတင်းသုံးလျက်ရှိသည့်သာသနာ့ဝန်ထမ်းတို့၏ အရေအတွက်ကို ထပ်မံခန့်မှန်းကြည့်ရန် လိုအပ်ပေသည်။ စာသင်တိုက်တစ်တိုက်လျှင် ပျမ်းမျှစာသင်သား(၅၀)ပါးနှုန်းထားတွက်သော် ပရိယတ္တိတိုက် (၅၀၀၀) တို့တွင် ပညာသင်ယူလျက်ရှိသော ရဟန်းတော်ပေါင်းမှာ(၂၅၀၀၀၀)ပါးခန့်ဟုမှန်းဆနိုင်ပေသည်။ ကမ္မဋ္ဌာန်းတိုက်နှင့် ဆင်းရဲနွမ်းပါးသော ကလေးတို့အား ပညာသင်ပေးလျက်ရှိသောကျောင်းပေါင်း(၁၀၀၀၀)တို့တွင်တစ်ကျောင်းလျှင် ပျမ်းမျှ(၁၀)ပါးနှုန်းထားတွက်သော် လုပ်ငန်းရှိသောရဟန်းပေါင်းမှာ (၁၀၀၀၀၀)ပါးခန့်ဟုမှန်းဆနိုင်ပေသည်။ နှစ်ရပ်ပေါင်းလိုက်သော် ရဟန်း တော်ပေါင်း (၃၅၀၀၀၀)ခန့်မှာ သာသနာတော်၏ အလုပ်ကို လုပ်ဆောင်နေကြောင်း တွေ့နိုင်ပေသည်။ ထိုမှ ကြွင်းကျန်သော ရဟန်း၊ သာမဏေ၊ သီလရှင်ပေါင်း(၂၄၄၈၅၄)ပါးတို့မှာ အလုပ်မရှိသည့် **အကြည်ညိုခံ**ပုဂ္ဂိုလ် များဟု ယူဆရန်သာရှိပေသည်။

## ဆုံးရှုံးနစ်နာနေရသော လုပ်အားများ

အထက်တွင် ဖော်ပြခဲ့သော အလုပ်ပြစရာရှိသောကျောင်း၊ အလုပ်ပြစရာမရှိသောကျောင်းဟူ၍ ခွဲခြားသိရှိရသကဲ့သို့ သာသနာ့တာဝန်ထမ်းလျက်ရှိသော ရဟန်းနှင့် သာသနာ့တာဝန်ထမ်းဆောင်ခြင်းမရှိသော ရဟန်းတို့၏စာရင်းကို ခန့်မှန်းသိရှိခွင့်ရခဲ့ပေသည်။

အဆိုပါအလုပ်ရှိ အလုပ်လက်မဲ့ ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း(၅၉၄၈၅၄)ပါးတို့အား ရပ်တည်နေနိုင်ရန် ဗုဒ္ဓဘာသာဝင်ဒကာ၊ ဒကာမတို့သည် ပစ္စည်းလေးပါးဖြင့် အထောက်အပံ့ပေးလျက် တာဝန်ယူထားရကြောင်းလည်း သတိပြုသင့်ပေသည်။ သူတို့ထောက်ပံ့လျက်ရှိသော ပစ္စည်းလေးပါးအနက် ဆွမ်းတစ်မျိုးတည်းကို ထောက်ပံ့နေရသည့်တာဝန်မှာ အလွန်ကြီးလေးလှပေသည်။ တစ်ရက်လျှင် ရဟန်းတစ်ပါးအတွက် ဆွမ်းစရိတ်(၁၅၀၀)ကျပ်နှုန်းထားတွက်ကြည့်မည်ဆိုလျှင် ရဟန်း၊ သာမဏေ၊ သီလရှင်(၅၉၄၈၅၄)ပါးတို့အတွက် ဆွမ်းစရိတ်မှာ **ကျပ်ငွေသိန်းပေါင်း(၈၉၂၂၈)**ခန့်နေ့စဉ်စွန့်လွှတ်လှူဒါန်းနေရကြောင်းတွေ့နိုင်ပေသည်။

ဒကာ၊ဒကာမတို့သည် သူတို့ဘက်မှ ယင်းမျှလောက်စွန့်လွှတ်လှူဒါန်းနေရသည်ဟူ၍ ဘယ်သောအခါကမျှ ညည်းညူခြင်းမရှိခဲ့ချေ။ ယင်းသို့မညည်းမညူ လှူဒါန်းထောက်ပံ့နေခြင်းမှာ ပျောက်ကွယ်သွားလျှင် အစားပြန်မရနိုင်တော့သည့် **ဗုဒ္ဓသာသနာတော်မြတ်ကြီးတိမ်ကော၊ကွယ်ပျောက်မသွားစေလို၍ပင်**ဖြစ်သည်။ သို့သော် သာသနာ့ဝန်ထမ်းတို့က သာသနာတော်နှင့်သက်ဆိုင်ရာ ပရိယတ္တိ၊ ပဋိပတ္တိတို့နှင့် မကင်းကွာသော အကျိုးပြုလုပ်ငန်းများကိုလုပ်ဆောင်ရန် ဝန်လေးနေကြမည်ဆိုလျှင် တစ်နည်းအားဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့၏ လုပ်အားများ နစ်နာဆုံးရှုံးမှု ရှည်ကြာလာမည်ဆိုလျှင် နောင်အနာဂတ်ကာလ၌ မြန်မာ့မြေပေါ်မှ ဤသာသနာကွယ်ပျောက်မသွားနိုင်ဟူ၍ ပြောနိုင်သူရှိလိမ့်မည်မထင်ပါ။

## ခေတ်သစ်သာသနာပြုနည်း

ကမ္ဘာကြီးသည်ရှေ့သို့ တစ်ရွေ့ရွေ့ချီတက်နေလေသည်။ ထိုနည်းပမာ အချိန်သည် နေ့မှညသို့လည်း ကောင်း၊ ညမှနေ့သို့ လည်းကောင်းစက္ကန့်နှင့်အမျှပြောင်းနေသကဲ့သို့၊ခေတ်သည်လည်း တစ်ခေတ်မှ တစ်ခေတ်သို့ ပြောင်းလျက်ရှိရာ ထိုပြောင်းနေသော ခေတ်နှင့်အတူ စနစ်လည်း ပြောင်းလေ့ရှိသည်။

ထိုကဲ့သို့ ပြောင်းသွားသော အချိန်၊ ခေတ်၊ စနစ်တို့နှင့် အတူလိုက်ပါ ကျင့်သုံးမှုမပြုလုပ်လျှင် ကျန်ရစ်မည်သာဖြစ်သည်။ ထိုသဘောကို သတိပြုမိသော ***သီတဂူဆရာတော်ဘုရားကြီး*** သည် **ပရိယတ်၊ ပဋိပတ်**နှင့် ကင်းကွာမှုမရှိသော ခေတ်မီသာသနာပြုနည်း ကို ကျင့်သုံးလျက်ရှိလေသည်။ ရှေးဦးစွာ စစ်ကိုင်းတောင်ပျော် ဆရာတော်၊ သီလရှင်နှင့် သူတော်တို့အတွက် ရေအလှူတော်ဖြင့် အကျိုးပြုလုပ်ငန်းကိုစတင်လုပ်ဆောင်ခဲ့သည်။ ထို့နောက် မီးအလှူ တော်၊ ထို့နောက်အာယုဒါနဆေးရုံ၊ မျက်စိဆေးရုံ၊ သီတဂူဗုဒ္ဓ တက္ကသိုလ်မှသည် တိုင်းနှင့်ပြည်နယ်အလိုက် သီတဂူအခမဲ့ ဆေးရုံ ပေါင်းများစွာဖွင့်၍ ဆင်းရဲနွမ်းပါးသူတို့အား လူမျိုးမရွေး၊ ဘာသာ မရွေးအကူအညီ ပေးလျက်ရှိလေသည်။ ယခုအခါ အဆိုပါ ဆင်းရဲ နွမ်းပါးသူတို့၏ မှီခိုရာ၊ အားထားရာ အဆင့်သို့ တက်လှမ်းရောက် ရှိနေပြီဖြစ်ရာ လေးစားဖွယ်၊ ကြည်ညိုဖွယ်၊ အတုယူဖွယ်ကောင်း လှပေသည်။

ယင်းသို့သီတဂူဆရာတော်၏ ရှေ့ဆောင်လမ်းပြမှုကြောင့် ***ရွှေပါရမီဆရာတော်၊ မေတ္တာရှင်ရွှေပြည်သာဆရာတော်***တို့ကလည်း

ဆင်းရဲနွမ်းပါးသူတို့ အကျိုးကိုရေးရှု၍ လက်တွေ့အကျိုးခံစားခွင့်ရှိစေသော ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ လုပ်ကိုင်ဆောင်ရွက်ပေးနေသည်မှာ အားကျအတုယူဖွယ် ကောင်းလှပေသည်။

ထိုကဲ့သို့လက်တွေ့အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းတို့ဖြင့်သာသနာပြုနည်းကိုကျင့်သုံးလာခြင်းကြောင့် ဆင်းရဲနွမ်းပါးသူများ၌သာ ထိုအကျိုးခံစားရသည် မဟုတ်ပါ။ နိုင်ငံတော်အတွက်လည်း အကျိုးရှိသကဲ့သို့၊ သာသနာတော်အတွက်လည်း အကျိုးရှိစေသည့် ခေတ်မီ သာသနာပြုနည်းဟု နားလည်လာသည်နှင့်အမျှ အားကျအတုယူလိုစိတ်လည်း ဖြစ်ပေါ်လျက်ရှိပါသည်။

## ပေါင်းကူးတံတားသဖွယ်

ကိုလိုနီခေတ်တွင် လူစာသင်ကျောင်းများက အစားထိုးနေရာယူလာသဖြင့် လူငယ်နှင့်ဘုန်းတော်ကြီးကျောင်းများမှာ အလုမ်းကွာဝေးသွားခဲ့သည့်နောက်ပိုင်း၌ ဘုန်းတော်ကြီးများသည် အလုပ်လက်မဲ့ဘဝသို့ ရောက်သွားခဲ့ရလေသည်။ ထို့အတူ လူငယ်များမှာလည်း ဘာသာတရားနှင့်ကင်းကွာသွားပြီး၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားရကောင်းမှန်း မသိတော့ဘဲ သူတစ်ပါးယဉ်ကျေးမှုကိုအထင်ကြီး လက်ခံလာခဲ့ကြသည်။ ယင်းလူငယ်တို့ ခေတ်လေးငါးဆက်ခန့်အထိရောက်သွားလျှင် ဗုဒ္ဓသာသနာ့အပေါ်ပင် အထင်အမြင်သေးသွားနိုင်ကြောင်း မြော်ကြည့်မိသဖြင့် **လူငယ်နှင့်ဘာသာရေးပေါင်းစပ်ပေးနိုင်ရန်** နည်းလမ်းရှာဖွေခဲ့သည်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ အစိုးရတက်လာသောအခါ မှတ်ပုံတင်ဘုန်းတော်ကြီးမူလတန်းကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်ပေးသောကြောင့်မိမိသည် ၁၉၆၈ – ခုနှစ်တွင် မှတ်ပုံတင်၍မူလတန်းကျောင်းဖွင့်လှစ်သင်ကြားခဲ့သည်။ စည်းကမ်းကောင်းခြင်း၊ဘာသာရေးစာသင်ကြားပေးခြင်း၊ စတုတ္ထတန်းတွင် တန်းလုံးကျွတ် အောင်မြင်ခြင်းတို့ကြောင့် အလှူခံစုံမှကျောင်းသား(၇၀၀)ခန့်ကိုလက်ခံ၍ အခမဲ့ပညာသင်ကြားပေးနိုင်ခဲ့သည်။

ယင်းသို့ မှတ်ပုံတင်ဘုန်းတော်ကြီး မူလတန်းဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် ရရှိလိုက်သောအကျိုးဆက်မှာ မနည်းပါ။ ကျောင်းသားမိဘများပညာသင်စရိတ်သက်သာခွင့်ရရှိသွားခြင်း၊ နိုင်ငံတော်အစိုးရတွင် စာသင်ကျောင်းအတွက် ကုန်ကျခံရမည့် ဘတ်ဂျက်ငွေ သက်သာခွင့်ရသွားခြင်း၊ ဘာသာရေးနှင့်ထိတွေ့ခွင့်ရသွားသော လူငယ်များတွင် ဘာသာရေးယဉ်ကျေးမှု အမွေခံယူခွင့်ရရှိသွားခြင်း၊ ဘုန်းတော်ကြီးများ၌ အလုပ်လက်မဲ့ဘဝမှ လွတ်မြောက်သွားခြင်းတို့အပြင် ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက်လည်း အထောက်အကူ ဖြစ်စေခဲ့ကြောင်း တွေ့ရပေသည်။

ယခုအခါ အဆိုပါအကျိုးကျေးဇူးကိုသိမြင်သော ရဟန်းတော်များသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်၍ မူလတန်းပညာ၊ အလယ်တန်းပညာနှင့် အထက်တန်းပညာများ သင်ကြားပေးနေကြပြီဖြစ်သည်။ ထို့အတူ လူပုဂ္ဂိုလ်များကလည်း ယဉ်ကျေးလိမ္မာသင်တန်းများ၊ အဘိဓမ္မာသင်တန်းများ၊ ဝိသုဒ္ဓိမဂ်

သင်တန်းများနှင့် ယခုအခေါ် ဆန်းဒေးစကူး(ဗုဒ္ဓဓမ္မသင်တန်း)များ ဖွင့်လှစ်သင်ကြားပေးလာခြင်းကြောင့် ဘာသာရေးနှင့်လူငယ်များ ပြန်လည်ထိတွေ့ခွင့်ရရှိသွားပြီဖြစ်ရာ သာသနာတော်အတွက် အထောက်အကူဖြစ်စေသဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်း လှပေသည်။

⁂

## ကျမ်းကိုးစာအုပ်များ

| | |
|---|---|
| ၁။ အရှင်ဇနကာဘိဝံသ | - အနာဂတ်သာသနာရေး၊ ဒွါဒသမအကြိမ်၊ နယူးဘားမားပုံနှိပ်တိုက်၊ ၂၀၀၃ - ခုနှစ်၊ မေလ။ |
| ၂။ အရှင်ဇနကာဘိဝံသ | - ဘာသာသွေး နယူးဘားမားပုံနှိပ်တိုက်၊ ၁၃၅၄ - ခုနှစ်၊ တပို့တွဲလ။ |
| ၃။ ဗန်းမော်တင်အောင် | - မြန်မာနိုင်ငံတော်သမိုင်း ရှုမဝစာပေတိုက်၊ ၁၉၆၀ - ခုနှစ်၊ ဇွန်လ။ |
| ၄။ ဦးအောင်ငြိမ်းထွန်း | - လိုရင်းမြန်မာ့သမိုင်း ယောဂီပုံနှိပ်တိုက်၊ ၁၉၆၂ - ခုနှစ်၊ အောက်တိုဘာလ။ |
| ၅။ ဗိုလ်မှူးဘရှင် | - မြန်မာနိုင်ငံတော်သမိုင်း ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၊ ၁၉၄၈ - ခုနှစ်။ |

⁂

## လေ့ကျင့်ရန်မေးခွန်း

၁။ သက်ဦးဆံပိုင်ဘုရင်များ အုပ်ချုပ်သော ပဒေသရာဇ်ခေတ်နှင့် နယ်ချဲ့တို့ အုပ်ချုပ်သော ကိုလိုနီခေတ်နှစ်ခုတို့၏ မတူကွဲပြားပုံကို သင်၏ သုံးသပ်ချက်နှင့်တကွ ရေးသားပါ။

၂။ နယ်ချဲ့တို့ချန်ခဲ့သော ဆိုးမွေနှင့်ကောင်းမွေနှစ်ရပ်တို့ရှိရာတွင် ကောင်းမွေဟု ယူဆသော အချက်များကို သင်သိသမျှရေးသားပါ။

၃။ မတူညီသူများနှင့် ယှဉ်တွဲနေထိုင်၍ ရရှိလာနိုင်သော အကျိုးသက်ရောက်မှုများကို ကျိုးကြောင်းဖော်ပြ၍ ရေးသားပါ။

၄။ သာသနာတော်အတွက် ရဟန်းတော်အချို့တို့၏ လုပ်အားများဆုံးရှုံးမှု ဖြစ်ပေါ်မလာစေရန် လုပ်သင့်လုပ်ထိုက်သော နည်း လမ်းများရှိလျှင် ထိုနည်းလမ်းများကို ဖော်ပြပါ။

၅။ လာမည့် ၂၀၉၅ – ခုတွင် တိုးပွားလာမည့် လူဦးရေနှင့် ၄င်းခေတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် အခြေအနေများကို ခန့်မှန်းဖော်ပြပါ။

## မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံတို့၏ဆက်ဆံရေးသမိုင်း

### အိမ်နီးချင်းဟူသည်

အိမ်နီးချင်းဟု ဆိုလိုက်သည်နှင့် မိမိအိမ်နှင့်ကပ်လျက်တွင်ရှိသော အခြားအိမ်များကို မြင်ယောင်ကြပေလိမ့်မည်။ ထိုအိမ်နီးချင်းတို့တွင် စိတ်ကောင်းမှ ရှိပါ့မလား၊ သဘောထားမှ ကောင်းပါ့မလားဟူသော အတွေးဖြင့် အကဲခတ်လေ့ရှိကြသည်။ လူမှုလောကတွင် အိမ်နီးချင်းကောင်းနှင့် အတူနေခွင့်ရလျှင် အထောက်အကူဖြစ်နိုင်သလို၊ မကောင်းသော အိမ်နီးချင်းနှင့် အတူနေမိလျှင်လည်း အနှောင့်အယှက်ဖြစ်လာသဖြင့် စိတ်ဒုက္ခဖြစ်လေ့ရှိကြသည်။

ထိုဥပမာကဲ့သို့ပင် အိမ်နီးချင်းနိုင်ငံကောင်းနှင့် အတူယှဉ်တွဲနေထိုင်လျှင် အထောက်အကူဖြစ်လာနိုင်သကဲ့သို့၊ မကောင်းသောအိမ်နီးချင်းနိုင်ငံနှင့်အတူယှဉ်တွဲနေထိုင်မိလျှင်လည်းအနှောင့်အယှက် ပေါ်လာနိုင်သည့်အတွက် မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံတို့ကို အကဲခတ်လေ့လာရန်လိုအပ်ပေသည်။

## ထိုင်းနိုင်ငံ

အိမ်နီးချင်း ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ အရှေ့ဘက်တွင် တည်ရှိသည်။ မွန်၊ ကရင်၊ လားဟူ၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် အတူတကွ ယှဉ်တွဲနေထိုင်ကြသည်။ အများစုမှာ ရှမ်းလူမျိုးများ ဖြစ်ပြီး၊ အဓိက ကိုးကွယ်သောဘာသာမှာ ထေရဝါဒဗုဒ္ဓဘာသာဖြစ်သည်။

ထိုင်းနိုင်ငံဘက်တွင် နေထိုင်သော မွန်လူမျိုးများမှာ ရှေးအခါကပင်မြန်မာနိုင်ငံတောင်ပိုင်း၌နေထိုင်သောမွန်လူမျိုးများနှင့် ဆက်သွယ်မှုရှိခဲ့ကြသည်။ ထို့ကြောင့်ထိုင်းလူမျိုးများသည် **ထားဝယ်၊ တနင်္သာရီဒေသ**တို့ကို မကြာခဏ ထိပါးနှောင့်ယှက်တတ်ကြသည်။ မြန်မာတို့ကလည်း သူတို့ကို ပြန်လည်တိုက်ထုတ်ရင်း ရံဖန်ရံခါ အရှိန်လွန်၍ အယုဒ္ဓယအထိ သွားရောက်တိုက်ခိုက်လေ့ ရှိကြသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက် ၁၅၆၄ – ခုတွင် အယုဒ္ဓယကို တိုက်ခိုက်သိမ်းယူပြီး အဆိုပါဘုရင်၏ သားတော်ကို ဘုရင်ခံအဖြစ် ခန့်အပ်ခဲ့လေသည်။ ၁၅၆၈ – ခုတွင်ပုန်ကန်၍ ဒုတိယ အကြိမ် ချီတက်နှိမ်နင်းခဲ့ရပြန်သည်။ ဘုရင့်နောင် ကျော်ထင် နော်ရထာမင်းမှ *သားတော်နန္ဒမင်း* လက်ထက် အထိ ၃၅ – နှစ် ကြာသည့်တိုင်အောင် ထိုင်းသည် မြန်မာလက်အောက်ခံဖြစ်ခဲ့ သည်။

မြန်မာနိုင်ငံ လက်အောက်ခံအဖြစ်မှ အယုဒ္ဓယကင်း လွတ်သွားပြီးနောက် ၁၇၅၉ – ခုတွင် အလောင်းဘုရားဦးအောင် ဇေယျသည်အယုဒ္ဓယသို့ချီတက်တိုက်ခိုက်ပြန်သည်။ တဖန်၁၇၆၇ –

ခုတွင် အလောင်းဘုရား၏သား **ဆင်ဖြူရှင်မင်း** လက်ထက်တွင် အယုဒ္ဓယမြို့ပျက်သွားသည့်အတွက် ယခုဗန်ကောက်နေရာသို့ ရွှေ့ပြောင်းကာ မြို့သစ်တည်နေထိုင်သွားခြင်းဖြစ်သည်။

ယင်းသို့ စစ်ဘေးစစ်ဒဏ်နှင့် အကြိမ်ကြိမ်ကြုံတွေ့အောင် ပြုလုပ်သည်ဟုဆိုကာ မြန်မာတို့အပေါ် ထိုင်းလူမျိုးက ရန်ငြိုးထားခဲ့ကြသည်။ ထို့ကြောင့် မြန်မာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့များကို ထိုင်းနယ်စပ်တွင် ခိုလှုံခွင့်ပေးခဲ့ခြင်းဟု ပြောဆိုကြ၏။ သို့ရာတွင် ယခုအခါ ထိုင်းနှင့်မြန်မာအစိုးရတို့မှာ မိတ်ဖွဲ့၍ နှစ်နိုင်ငံချစ်ကြည်စွာ ယှဉ်တွဲနေထိုင်လျက်ရှိကြပေသည်။

## လာအိုနိုင်ငံ

လာအိုနိုင်ငံသည် မြန်မာနိုင်ငံ အရှေ့မြောက်ဘက်တွင် တည်ရှိလေသည်။ လာအိုနိုင်ငံသည် ရှေးအခါက လင်းဇင်းဟူသော အမည်ဖြင့် ထိုင်းနိုင်ငံလက်အောက်ခံ ဖြစ်ခဲ့၏။ ၁၆–ရာစုတွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့်အတူ ပြင်သစ်၏ ကိုလိုနီဘဝသို့ ရောက်သွားခဲ့သည်။ ပြင်သစ်ထံမှ လွတ်လပ်ရေးသည့်နောက်ပိုင်း ယခု လာအိုနိုင်ငံအဖြစ် ရပ်တည်လာခဲ့ခြင်းဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။

လာအိုနိုင်ငံသည် ထိုင်း၊ ဗီယက်နမ်တို့နှင့်ဆက်ဆံရေး ပိုကောင်းပြီးမြန်မာနှင့်ဆက်ဆံရေးမှာ အားနည်းလေသည်။

## တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ မြောက်ဘက်နှင့် အရှေ့မြောက်တွင် တည်ရှိသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ရှည်လျားစွာ ထိစပ်လျက်ရှိလေသည်။ မွန်ခမာမျိုးနွယ်ဝင် မွန်လူမျိုးများ၊ ထိုင်ရှမ်း လူမျိုးနွယ်ဝင် ရှမ်း၊ ကရင်လူမျိုးများမှာ တရုတ်ပြည်ကိုဖြတ်သန်း၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသူများဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သို့ အစောဆုံးသွားသည်ဟု တွေ့ရှိရသော အထောက်အထားမှာ သရေခေတ္တရာ ပျူယဉ်ကျေးမှု အဖွဲ့ဖြစ်သည်။ ထို့နောက် ပုဂံဘုရင် အနော်ရထာမင်းသည် စွယ်တော်ပင့်ရန် ပီကင်းသို့ ကြွရောက်ခဲ့ကြောင်းလည်း တွေ့ရပေသည်။

ပုဂံခေတ်နောက်ပိုင်းမင်းများမှာ အရည်အချင်း ညံ့ဖျင်းသူများဖြစ်သောကြောင့် နယ်စွန်နယ်ဖျားဒေသတို့တွင် တည်ငြိမ်မှု မရှိတော့ပါ။ မြန်မာနိုင်ငံမြောက်ဘက်နယ်စပ်တွင် တရုတ်ကုန်သည်များလာရောက်ပြီး ရောင်းဝယ်သလို၊ အခြေချနေထိုင်သူများလည်း ရှိခဲ့၏။ မွန်ဂိုဘုရင်ကူဗလိုင်ခန်မင်းသည် မြန်မာနိုင်ငံကို သူ၏ လက်အောက်ခံနိုင်ငံအဖြစ် သဘောထားလေသည်။ ထို့ကြောင့် (၁၂၅၄-၁၂၇၈) နရသီဟပတေ့မင်း လက်ထက်တွင် ဘဏ္ဍာဆက်သွင်းရန်တိုက်တွန်းဖို့ သံအဖွဲ့ကိုစေလွှတ်လိုက်၏။ ထိုသံတမန်တို့အား သတ်ပစ်သဖြင့် တရုတ်စစ်တပ်ပုဂံသို့ ဝင်ရောက်လာခဲ့သည်။ ထို့နောက်သားလွန်မင်း တရားကြီး၏သားတော် ပင်းတလဲမင်း

လက်ထက်(၁၆၄၈-၁၆၆၁)တွင် တရုတ်ပြေးယုန်လီမင်းကိုလက်ခံ၍ တရုတ်စစ်တပ် အင်းဝသို့ ထပ်မံရောက်လာခဲ့ပြန်သည်။

ကုန်းဘောင်ခေတ်သို့ ရောက်လာသောအခါ ဗန်းမော်မြို့ဝန်နှင့် တရုတ်ကုန်သည်လောလီတို့ဖြစ်ပွားသောပဋိပက္ခကြောင့်လည်းကောင်း၊ ကျိုင်းတုံတွင် တရုတ်ကုန်သည်လောဘာရီ ခေါင်းဆောင်သောအဖွဲ့နှင့် မြန်မာတို့ ဖြစ်ပွားသော ပဋိပက္ခကြောင့်လည်းကောင်း တရုတ်တို့သည် စစ်ကြောင်းအမျိုးမျိုးဖြင့် ကျူးကျော်ဝင်ရောက်လာသလို ဆင်ဖြူရှင်မင်း(၁၇၆၃-၁၇၇၈)ဦးဆောင်သော မြန်မာတို့ကလည်း စစ်ပရိယာယ်အမျိုးမျိုးဖြင့် ခုခံတိုက်ထုတ်နိုင်ခဲ့သည်။

ရှေးခေတ် သက်ဦးဆံပိုင်ဘုရင်များလက်ထက်တွင်တရုတ်မြန်မာဆက်ဆံရေးမှာ ယင်းအခြေအနေမျိုး ဖြစ်ပွားခဲ့သော်လည်း၊ ယခုအခါ ဆွေမျိုးပေါက်ဖော်အဆင့် ဆက်ဆံရေးမျိုး ဖြစ်လျက်ရှိကြလေသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ကွန်မြူနစ်တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်သော်လည်း ဘာသာရေးကိုလွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထား၏။ မဟာယာန ဗုဒ္ဓဘာသာကိုလူအများစု ကိုးကွယ်ကြသည်။

## အိန္ဒိယနိုင်ငံ

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတည်ရှိသည်။ မြန်မာနှင့်အိန္ဒိယနိုင်ငံအကြားတွင်မြင့်မားသောတောင်တန်း

ကြီးခြားလျက်ရှိ၏။ ထိုတောင်တန်းကြီး၏ တောင်ကြားလမ်းများမှ တစ်ဆင့် ကူးလူးဆက်ဆံမှုမှာ ရှေးကရှိခဲ့သလို၊ ယနေ့တိုင်လည်း ရှိနေဆဲပင်ဖြစ်သည်။

အိန္ဒိယသည် အာရှတိုက်တွင် ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်သည်။ လူဦးရေများခြင်း၊ လူမျိုးစုံခြင်း၊ ကိုးကွယ်သည့် ဘာသာမျိုးစုံရှိခြင်း၊ ရှေးကျသော ကိုယ်ပိုင်ယဉ်ကျေးမှုရှိခြင်း၊ စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်ခြင်းတို့ကြောင့် တရုတ်ကဲ့သို့ အိန္ဒိယကိုလည်း အင်အားကြီးနိုင်ငံဟု သတ်မှတ်ကြသည်။

အိန္ဒိယနှင့် မြန်မာတို့၏ ဆက်ဆံရေးမှာ ရှေးအကျဆုံး ဆက်ဆံရေးမျိုး ရှိခဲ့ကြသည်။ တိဗက်တိုဘာမင်ခေါ် တိဗက်မြန်မာ လူမျိုးနွယ် သကျသာကီဝင်လူမျိုးတို့သည် အာသံမှတဆင့် မြန်မာ နိုင်ငံမြောက်ပိုင်းသို့ အကြိမ်ကြိမ် ဝင်ရောက်လာပြီး မြို့ပြနိုင်ငံ တည် ထောင်စိုးစံခဲ့ကြသည်။ သူတို့နှင့်အတူ စိုက်ပျိုးရေးပညာ၊ မွေးမြူရေး ပညာ၊ အဝတ်အထည်ယက်လုပ်ရေးပညာနှင့် ဆောက်လုပ်ရေး အတတ်ပညာတို့ကိုလည်း ယူဆောင်လာခဲ့ကြသည်။

ထို့အတူ အိန္ဒိယတောင်ပိုင်းသားတို့သည် ရေလမ်းမှတစ်ဆင့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ကုန်ကူးသန်းရောင်းဝယ်ခဲ့ကြသည်။ သူတို့မှတစ်ဆင့် စာပေအက္ခရာ အရေးအသားများ၊ ဗိသုကာပညာ များအပြင်၊ ဟိန္ဒူဘာသာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု တို့ကို ရရှိခဲ့သည်။ ၁၀၂၅ – ခုတွင် အိန္ဒိယချောဠ်ပိုင်း ချိုလာဘုရင် ရာဂျင်ဒရာဒေဝမင်းသည် မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမ၊ ပဲခူးတို့ကို လာရောက်တိုက်ခိုက်ခဲ့သည်။ ထိုအကြောင်းတို့ကြောင့် ဟိန္ဒူ

ဘာသာကို မြန်မာနိုင်ငံတောင်ပိုင်း၌ ကိုးကွယ်လာခဲ့သည်ဟုယူဆစရာရှိပေသည်။

မြန်မာနိုင်ငံတွင် ယနေ့တိုင်လက်ခံကျင့်သုံးလျက်ရှိသော ဘာသာရေးယဉ်ကျေးမှုနှင့် စာပေယဉ်ကျေးမှုမှန်သမျှတို့မှာ အိန္ဒိယ အငွေ့အသက်မကင်းဟုအဆိုရှိလေသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၁၉၇၁ – ခုတွင် အနောက်ပါကစ္စတန်နိုင်ငံမှ ခွဲထွက်၍ ဘင်္ဂလားဒေ့ရှ်ဟူသော အမည်ဖြင့် သီးခြားလွတ်လပ်သော နိုင်ငံဖြစ်လာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်မှာမြန်မာနိုင်ငံအနောက်တောင်ဘက်စွန်းနှင့် ထိစပ်လျက်ရှိသောနိုင်ငံဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အကျယ်အဝန်းမှာ၅၇၂၉၅ – စတုရန်းမိုင်သာရှိသော နိုင်ငံငယ်လေးဖြစ်သည်။ နိုင်ငံမှာ ထိုမျှလောက်သေးငယ်သော်လည်း နိုင်ငံထဲတွင် နေထိုင်သော လူဦးရေမှာ သန်းပေါင်း(၁၆၀)ခန့်ရှိကြသည်။ ထိုနိုင်ငံတွင် ဘင်္ဂါလီလူမျိုးများမှာ အများစု ဖြစ်သကဲ့သို့ လူဦးရေ၏ ၈၈.၃ရာခိုင်နှုန်းမှာ အစ္စလာမ် ဘာသာဝင်များဖြစ်ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရှေးအခါကအိန္ဒိယပိုင် ဘင်္ဂေါ နယ်တစ်နယ်ဖြစ်ခဲ့၏။ အိန္ဒိယဘုရင် ဟာရှမင်းကြီး ကွယ်လွန်သွားသောအခါ ဘင်္ဂေါပြည်ကို မင်းမဲ့နိုင်ငံမဖြစ်စေရန် (အေဒီ – ၇၃၀ လောက်တွင်) **ဂေါပါလ**ဆိုသူကို မင်းမြှောက်လိုက်သည်။ သူ၏ အဆက် အနွယ်မင်းများကို ပါလမင်းများဟုခေါ်ဆိုသည်။ (၁၀၁၃ –

တွင်) **မဟီပါလ**မင်းဆက်။ (၁၀၃၈-တွင်) **ရာမပါလ**မင်းဆက်ဟူသောပါလ မင်းဆက်သုံးဆက်တို့သည် (အေဒီ-၇၃၀မှ ၁၁၉၇ အထိ) နှစ်ပေါင်း (၄၆၇)နှစ်မျှ အုပ်ချုပ်စိုးစံခဲ့ကြသည်။ ယင်းပါလမင်းဆက်တို့ပိုင်နယ်ထဲတွင် ဘင်္ဂလား၊ ဗီဟာ၊ အာသံနှင့် ကာလိင်္ဂနယ်တို့ပါဝင်လေသည်။

ပါလမင်းဆက်တို့သည် ဥဒ္ဒန္တပူရမြို့ (ယခုဗီဟာ)တွင် နန်းစိုက်၍ စိုးစံကြသည်။ သူတို့သည် ဗုဒ္ဓဘာသာကို ထောက်ပံ့အားပေးသော သာသနာပြုမင်းများဖြစ်၏။ ဂေါပါလမင်းသည် ဥဒ္ဒန္တပူရမြို့တွင် ကျောင်းဆောက်လှူဒါန်းသကဲ့သို့ သူ၏သား**ဓမ္မပါလ**မင်းသည် **ဝိက္ကမသီလာ**ကျောင်းတိုက်တွင် ကျောင်းဆောက်လှူဒါန်းလေသည်။ **မဟီပါလ**မင်းသည် ပဏ္ဍာစ်ဓမ္မပါလနှင့် အဖွဲ့ကို **တိဗက်သို့စေလွှတ်၍ သာသနာပြုစေသည်**။ ထို့အပြင် နယပါလမင်းသည် ဝိက္ကမသီလကျောင်းတိုက်ကြီးမှ ဆရာတော် အရှင်အတိဆနှင့် အဖွဲ့ကို သာသနာပြုရန် တိဗက်သို့ ထပ်မံစေလွှတ်လိုက်ပြန်သည်။

အေဒီ-၁၂ရာစုခန့်တွင် ဒက္ခိဏကုန်းမြေဘက်မှ ဆာမန္တဒေဝမင်းလာရောက် တိုက်ခိုက်သဖြင့် ထိုပါလမင်းဆက်ပြတ်လေသည်။ အဆိုပါဆာမန္တဒေဝမင်းဆက်ကို **ဆေနာမင်းဆက်**ဟုခေါ်ဆိုပြီးသူတို့သည် **ဟိန္ဒူဘာသာဝင်**မင်းများဖြစ်သည်။ အေဒီ-၁၂၀၄-ခုတွင် ဗီဟာမှဘင်္ဂါသို့ ဝင်ရောက်လာသော မွတ်ဆလင်များသည် အဆိုပါဆေနာမင်းဆက်နှင့် ထိုမင်းဆက်ထောက်ပံ့အားပေးသော ဟိန္ဒူဘုရားကျောင်းများစွာတို့ကို မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်။ ထိုဒေသကို ထိုအချိန်မှစ၍ မွတ်ဆလင်တို့ အုပ်ချုပ်လာခဲ့ခြင်းဖြစ်သည်။

မွတ်ဆလင်တို့အုပ်ချုပ်သော ဘင်္ဂါလီအရှေ့ဘက်နှင့် ထိစပ်လျက်ရှိသည့် ရခိုင်ဒေသတွင် အေဒီ - ၁၄၃၀ မှ ၁၇၈၄ထိ နှစ်ပေါင်း ၃၅၄ - နှစ်မျှ မြောက်ဦးခေတ်ထွန်းကားလျက်ရှိသည်။ ထိုမြောက်ဦးခေတ်၏ရွှေပိုင်းကာလတွင်ရခိုင်မင်းများသည်(ဒက္ကာ၊စစ်တကောင်း) အပါအဝင် ဘင်္ဂါလီ(၁၂)နယ်ကိုပိုင်ဆိုင်ခဲ့ရာ (၁၆၆၆)အထိဖြစ်သည်။ ထိုစဉ်က ရခိုင်မင်းတို့သည် ထိုဒေသက**ဖမ်းလာသော စစ်သုံ့ပန်း ဘင်္ဂါလီမွတ်ဆလင်**များ၊ ၁၇ - ရာစုတွင် ပေါ်တူဂီနှင့် ရခိုင်တို့၏ ကျွန်ဈေးကွက်မှ ဖမ်းလာသော **ဘင်္ဂါလီမွတ်ဆလင်**များကို ရခိုင်ဒေသတွင် လယ်ယာအလုပ်သမားအဖြစ်စေခိုင်းခဲ့သည်။

၁၈၂၄ တွင်အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ၌ စစ်ရှုံး၍ အင်္ဂလိပ်တို့ထံ ရခိုင်ကို ပေးအပ်လိုက်ရလေသည်။ သို့ဖြစ်၍ ရခိုင်နှင့် ဘင်္ဂလားတို့သည် အတူယှဉ်တွဲ နေလာခဲ့ရ၏။ ယင်းကာလတွင်လည်း ဘင်္ဂါလီမွတ်ဆလင်များ ရခိုင်သို့ ဝင်ရောက်လာခဲ့ပြန်သည်။ တဖန် **၁၉၄၂ - ခုနှစ်**တွင် စစ်ရှုံး၍ ရန်ကုန်မှ ဆုတ်ခွါလာသော အင်္ဂလိပ်စစ်တပ်သည် မောင်တော၌ နေထိုင်သည့် **ဘင်္ဂါလီတို့အား** လက်နက်တပ်ဆင်ပေးသွားခဲ့၏။ ကုလားရခိုင် ပဋိပက္ခဖြစ်ပွားသော အခါ ထိုလက်နက်ဖြင့် တိုက်ခိုက်ခံရသောကြောင့် ရခိုင်လူမျိုး (၂၀၀၀၀)ခန့်သေဆုံးသွားခဲ့ရ လေသည်။ ထို့အတူ သူတို့မီးရှို့ဖျက်ဆီး၍ပျက်စီးသွားသော ရခိုင်ရွာများနေရာတွင် ထိုဘင်္ဂါလီတို့က အပိုင်စီးနေထိုင်လိုက်ကြသည်ဟု ဆိုလေသည်။ ထို့အပြင် ဘင်္ဂါလီများရှိရာ မောင်တောသို့ စစ်တကောင်းဘက်မှ ဘင်္ဂါလီဒု

ကလည်း တစိမ့်စိမ့်တိုးဝင်လာသည်မှာလည်း မနည်းပါ။ ယခုအခါ သူတို့က တိုင်းရင်းသားဖြစ်ခွင့်နှင့် သီးခြားနယ်မြေပိုင်ခွင့်ကိုတောင်းဆို ရန် ဟန်ပြင်လျက်ရှိကြလေသည်။

✳

## ကျမ်းကိုးစာအုပ်

| | |
|---|---|
| ၁။ မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဘော) | - ဗုဒ္ဓသာသနာ - ၂၅၀၀ခရီး စာပေလောကစာပေတိုက်၊ ၂၀၁၀-ခုနှစ်၊ ဖေဖော်ဝါရီလ။ |
| ၂။ အရှင်ပညိန္ဒာဘိဝံသ | - အိန္ဒိယမြန်မာဗုဒ္ဓဘာသာ သာသနာရေးဦးစီးဌာန၊ ၁၉၉၇-ခုနှစ်၊ အောက်တိုဘာလ။ |
| ၃။ ရဲဘော်လှမျိုး | - နှစ်ပေါင်းခြောက်ထောင်နိုင်ငံတကာသမိုင်းဝင်မှတ်တမ်းများနှင့် စာချုပ်စာတမ်းအတွဲ(၁) လှမျိုးစာပေ၊ ၁၉၇၀-ခုနှစ်၊ |
| ၄။ ဦးဖိုးကျား | - ခေတ်မီရာဇဝင် ၁၂၉၉-ခုနှစ်၊ ဝါခေါင်လ။ |
| ၅။ ဦးမြင့်သိန်း | - ရခိုင်ဒေသအတွင်းသို့ မွတ်ဆလင်များဝင်ရောက်လာခြင်းနှင့်နိုင်ငံရေး လှုပ်ရှားမှုအဆင့်ဆင့်။ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၉-ခုနှစ်၊ မတ်လ။ |
| ၆။ ဘဒ္ဒန္တကောသလ္လ (စံပြကမ္ဘာအေး) | - ဗုဒ္ဓဘာသာမြစ်ဖျားနှင့်သမိုင်းရှုထောင့်။ ပန်းဝေဝေစာပေတိုက်၊ ၂၀၁၃-ခုနှစ်၊ မတ်လ။ |

✳

## လေ့ကျင့်ရန်မေးခွန်း

၁။ အိမ်နီးချင်းနိုင်ငံများအနက်မြန်မာနိုင်ငံကိုအထောက်အကူပေးနိုင်သည်ဟု ယူဆသောနိုင်ငံနှင့် ထိခိုက်ဆုံးရှုံးမှု ဖြစ်စေအောင်လုပ်နိုင်သည်ဟု ယူဆသောနိုင်ငံ(၂)ခုကိုရွေးချယ်ပြီး၊အဘယ့်ကြောင့် ထိုသို့ရွေးချယ်ရကြောင်းဖော်ပြပါ။

၂။ အိမ်နီးချင်းနိုင်ငံများတွင်မိတ်ဆွေကောင်းဖြစ်ရန်အလားအလာကောင်းသော နိုင်ငံကို ရွေးချယ်၍ ထိုနိုင်ငံနှင့် ပေါင်းသင်းလျှင် ရရှိနိုင်သည့် အကျိုးကျေးဇူးကိုဖော်ပြပါ။

၃။ အိမ်နီးနားချင်းကောင်း မပီသသောနိုင်ငံဟု ယူဆသောနိုင်ငံကို မည်သို့ လက်တုန့်ပြန်ဆက်ဆံသင့်ကြောင်းရေးသားဖော်ပြပါ။

၄။ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံတို့၏ဆက်ဆံရေးနှင့်ပတ်သက်၍ သင်၏ ထင်မြင်ယူဆချက်ဖြင့် ဝေဖန်သုံးသပ်ပြပါ။

အသောကမင်းစေလွှတ်သော သာသနာပြုအဖွဲ့များနှင့်
ထိုအဖွဲ့များရောက်ရှိရာဒေသဇယား
(ဗုဒ္ဓသာသနာ ၂၅၀၀ ခရီးစာအုပ်မှယူသည်။)

| စဉ် | သာသနာပြုအဖွဲ့ | တိုင်းဒေသ | ယခုထိုဒေသအမည် |
|---|---|---|---|
| ၁။ | မဇ္ဈန္တိကထေရ်နှင့် အဖွဲ့ | ကသ္မီရနှင့် ဂန္ဓာရ | ပါကစ္စတန်၊ အာဖဂန် နစ္စတန်နိုင်ငံအစိတ်အပိုင်း များနှင့်ကက်ရှ်မီးယား။ |
| ၂။ | မဟာဒေဝထေရ် နှင့်အဖွဲ့ | မဟိသကတိုင်း | အိန္ဒိယနိုင်ငံ မိုက်ဆိုးနယ် နှင့်ကနာရနယ်များ။ |
| ၃။ | ရက္ခိတထေရ် နှင့်အဖွဲ့ | ဝနဝါသီတိုင်း | အိန္ဒိယနိုင်ငံ ကန္ဒတမီးလ် နယ်၊ တေလဂူနယ်နှင့် မလဘာနယ်များ။ |
| ၄။ | ယောနကဓမ္မ ရက္ခိတထေရ် နှင့်အဖွဲ့ | အပရန္တတိုင်း | အိန္ဒိယနိုင်ငံ ဆင်းနယ်၊ ဘလူချီစတန်နယ်နှင့် ဆော်ရပ်ရှိတရာနယ်များ။ |
| ၅။ | မဟာဓမ္မရက္ခိတ နှင့်အဖွဲ့ | မဟာရဋ္ဌတိုင်း | အိန္ဒိယနိုင်ငံ မဟာရပ်ရှိ တရာနယ်။ |
| ၆။ | မဟာရက္ခိတ နှင့်အဖွဲ့ | ယောနကတိုင်း | အာဖဂန်နစ္စတန်၊ အီရန်၊ အီရတ်၊ ဆီးရီးယား၊ အီဂျစ်၊ ဂရီနှင့်ဥရောပနယ်များ။ |
| ၇။ | မဇ္ဈိမထေရ်နှင့်အဖွဲ့ | ဟိမဝန္တာဒေသ | နီပေါလ်၊ ဘူတန်၊ ဆစ်ကင်း နှင့်တိဗက်နိုင်ငံများ။ |
| ၈။ | သောဏနှင့် ဥတ္တရအဖွဲ့ | သုဝဏ္ဏဘူမိ | မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား နှင့်မလေးရှားနိုင်ငံများ။ |
| ၉။ | ရှင်မဟိန္ဒနှင့်အဖွဲ့ | သီဟိုဠ်ကျွန်း | သီရိလင်္ကာနိုင်ငံ။ |

မှတ်ချက်။ ။ အိန္ဒိယနိုင်ငံအတွင်း (၅) ဖွဲ့နှင့် အိန္ဒိယနိုင်ငံ အပြင်ဘက် (၄) ဖွဲ့ဖြစ်သည်။

## ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများနှင့်ဗုဒ္ဓဘာသာဝင်ဦးရေဇယား

(၂၀၁၂–ခုနှစ်ထုတ် ကောင်းရျာန်သိမ်း၏ကမ္ဘာ့ဗုဒ္ဓစာအုပ်မှယူသည်။)

| စဉ် | ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများ | နိုင်ငံလူဦးရေ | ဗုဒ္ဓဘာသာ ဝင်ဦးရေ | ရာနှုန်း |
|---|---|---|---|---|
| ၁။ | ကမ္ဘောဒီးယားနိုင်ငံ | ၁၃၉၉၅၉၀၄ | ၁၃၉၃၈၄၆၀ | ၉၆.၅ |
| ၂။ | ထိုင်းနိုင်ငံ | ၆၅၀၆၈၁၄၉ | ၆၁၈၁၄၇၄၁ | ၉၅.၀ |
| ၃။ | လာအိုနိုင်ငံ | ၆၅၂၁၉၉၈ | ၆၁၉၅၈၉၈ | ၉၅.၀ |
| ၄။ | မြန်မာနိုင်ငံ | ၅၉၇၈၀၃၂၉ | ၅၃၄၂၅၈၀၃ | ၉၃.၀ |
| ၅။ | သီရိလင်္ကာနိုင်ငံ | ၂၀၉၀၆၃၁၅ | ၁၁၆၀၅၄၈၄ | ၇၆.၇ |
| | ထေရဝါဒဗုဒ္ဓဘာသာဝင် လူဦးရေစုစုပေါင်း | **၁၆၆၂၇၂၆၉၅** | **၁၄၆၉၈၀၃၈၆** | |

မှတ်ချက်။ ။ ထေရဝါဒဗုဒ္ဓဘာသာဝင်ဦးရေ ၁၂၃.၄၆ သန်းခန့်ရှိသည်။ နိုင်ငံပေါင်း(၅၉)နိုင်ငံတွင် မဟာယာနဗုဒ္ဓဘာသာမှာ (၁၃၅၇.၃)သန်းရှိသည်။

## မြန်မာနိုင်ငံ ဘာသာပေါင်းစုံကိန်းဂဏန်းစာရင်းဇယား

(၂၀၁၂ခုနှစ်ခန့်မှန်းစာရင်း)

| ဘာသာ | အရေအတွက် | ဘုရားကျောင်း | ရဟန်း | ရာနှုန်း |
|---|---|---|---|---|
| ဗုဒ္ဓဘာသာ | ၅၃၄၂၅၈၀၃ | ၆၃၃၄၉ | ၅၉၄၈၅၄ | ၈၉.၃၇ |
| ခရစ်ယာန် | ၂၉၈၁၂၉၁ | ၅၉၈၆ | - | ၄.၉၉ |
| အစ္စလာမ် | ၂၂၇၆၈၈၀ | ၂၈၈၃ | - | ၃.၈၁ |
| ဟိန္ဒူ | ၃၀၅၇၆၅ | ၆၂၅ | - | ၀.၅၁ |
| နတ်နှင့်အခြား | ၇၈၈၇၈၀ | - | - | ၁.၃၂ |
| စုစုပေါင်း | ၅၉၇၇၈၅၁၉ | ၇၂၈၄၃ | ၅၉၄၈၅၄ | - |

## ဘဒ္ဒန္တကောသလ္လ၏၁၉၆၈ခုမှယခု၂၀၁၃–ခုအတွင်း
## သာသနာပြုလုပ်ငန်းမှတ်တမ်း

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁။ | ***၁၉၆၈ မှ ၁၉၉၃ ထိ နှစ်ပေါင်း(၃၀) ဘ/က မူလတန်းကျောင်း ဖွင့်လှစ်သင်ကြားခြင်း။*** | |
| | (က) လက်ခံသင်ကြားပေးခဲ့သော တပည့်ပေါင်း | ၁၈၅၀၄ – ဦး |
| | (ခ) စတုတ္ထတန်းဖြေဆိုအောင်မြင်သူ တပည့်ပေါင်း | ၁၈၇၂ – ဦး |
| | (ဂ) ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဖြေဆို အောင်မြင်သူပေါင်း | ၅၄၆၃ – ဦး |
| ၂။ | **၁၉၈၀ မှ ၂၀၁၀ အထိ နှစ်ပေါင်း(၃၀)သံဃာ့အဖွဲ့အဆင့်ဆင့် တာဝန်များ** | |
| | (က) ၁၉၈၀ မှ ၁၉၉၀ ရပ်/ကျေးသံဃာအဖွဲ့အကျိုးတော်ဆောင် | ၁၀ – နှစ် |

(ခ) ၁၉၉၀ မှ ၁၉၉၅ မြို့နယ် သံဃနာယကအဖွဲ့ဝင် ၅-နှစ်
(ဂ) ၁၉၉၅ မှ ၂၀၁၀ အထိ တိုင်းသံဃနာယကတွဲဖက် အကျိုးတော်ဆောင် ၁၅-နှစ်

၃။ **သံဃာ့အဖွဲ့ ပညာရေးဆိုင်ရာ တာဝန်များ**

(က) ၁၉၈၀ မှ ၁၉၉၆ မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ အတွင်းရေးမှူး ၁၆-နှစ်
(ခ) ၁၉၈၅ မှ ၂၀၀၀ ပထမပြန်အခြေပြုမူလတန်းစာမေးပွဲ အတွင်းရေးမှူး ၁၅-နှစ်
(ဂ) ၁၉၈၀ မှ ၁၉၉၅ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ၁၅-နှစ်
(ဃ) ၁၉၉၁ မှ ၁၉၉၅ နိကာယ်စာမေးပွဲကျင်းပရေးအဖွဲ့ အတွင်းရေးမှူး ၅-နှစ်
(င) ထိုစာမေးပွဲအားလုံး၏ စာစစ်အဖွဲ့ အတွင်းရေးမှူး ၁၁-နှစ်
(စ) အဘိဓမ္မာနှင့် ဝိသုဒ္ဓိစာမေးပွဲဩဝါဒါစရိယ ၉-နှစ်
(ဆ) ၂၀၀၃ မှ ၂၀၁၁ အထိ ပထမပြန်စာမေးပွဲ အထူးကြီးကြပ်ရေး ၈-နှစ်

၄။ **၁၉၉၅ မှ ၂၀၀၃ မြို့နယ် ဝိုက်းပေါင်းစုံ သက်တော်ရှည်ပူဇော်ပွဲ အတွင်းရေးမှူး**

(က) (၇၅) နှစ်အထက် ဝိုက်းပေါင်းစုံ သက်တော်ရှည် ဆရာတော်ကြီး ၇၂-ပါး

(ခ) (၉)နှစ်အတွင်းပစ္စယပူဇာတန်ဖိုးစုစုပေါင်း သိန်း၂၇၀

၅။ ကိုယ်တိုင်ရေးကျမ်းစာအုပ်ပေါင်း ၃၁-အုပ်

၆။ ၂၀၀၃မှ ယနေ့ထိ လောကတ္ထစရိယ ဖောင်ဒေးရှင်းအဖွဲ့၏ လုပ်ဆောင်ချက်

(က)လူမှုဖွံ့ဖြိုးရေးသင်တန်းမျိုးစုံ(၆၅)ကြိမ်
(သင်တန်းသားပေါင်း ၁၆၂၅ယောက်) သိန်း-၉၇၅

(ခ) နာဂစ်ဒေသကယ်ဆယ်ရေးနှင့်တည်ဆောက်ရေး
လုပ်ငန်းသုံးအလှူငွေ သိန်း- ၆၀၀၀

(ဂ) အစိုးရမူလတန်းသံကူကွန်ကရစ်ကျောင်း
(၄)ကျောင်းဆောက်လုပ်လှူဒါန်းငွေ သိန်း-၂၁၀၀

(ဃ)ပညာဒါနအဖြစ်မူလတန်းကျောင်း
ကျောင်းသုံးစာအုပ်နှင့်ဝတ်စုံငွေ သိန်း-၄၅၀

(င) သက်ကြီးအဘိုးအဘွား(၁၀၈)ယောက်တို့အား
ပူဇော်ပွဲငွေ သိန်း-၁၅၀

(စ) ချောင်းကူးသံကွန်ကရစ်တံတား တစ်စင်း
ဆောက်လုပ်လှူဒါန်းငွေ သိန်း-၁၃၀

(ဆ)ကျေးလက်ဆေးပေးခန်းဆောက်လုပ်
လှူဒါန်းငွေ သိန်း-၁၅၀

(ဇ) ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့(၁၄)ဖွဲ့တို့အား
ထောက်ပံ့ငွေ သိန်း-၂၈၅

(ဈ) ကျေးလက်စာကြည့်တိုက်(၉) တိုက်
ထောက်ပံ့ငွေ သိန်း-၂၃၀

(ည)ကရင်ပြည်နယ်ဖောင်သရောဒေသ
ရေဘေး ကယ်ဆယ်ရေးငွေ သိန်း-၄၅၀

(ဋ) (၄) လက်မစက်ရေတွင်း(၂)တွင်းနှင့်ရေစက်၊
ရေစင်တို့ကိုတူးဖော်လှူဒါန်းငွေ သိန်း-၁၅၅

(ဌ) မွေးနွားမအကောင်(၄၀)ထောက်ပံ့ငွေ သိန်း-၆၀

(ဍ) ကျေးလက်ဘုန်းတော်ကြီးအပါး(၅၀၀)တို့အား
ဝါဆိုသင်္ကန်းအစုံ(၅၀၀)စုံကပ် သိန်း-၄၅၀

(ဎ) ပညာထူးချွန်သောတက္ကသိုလ်ကျောင်းသား(၁၀)ယောက်
တို့အား ပညာသင်ထောက်ပံ့ငွေ သိန်း-၃၂၀

(ဏ)ပထဝီဘာသာရေးသမိုင်း မြေပုံသင်တန်း(၂)
ကြိမ်ဖွင့်လှစ်သင်ကြားစရိတ် သိန်း-၃၀

၄၅နှစ်ကာလအတွင်းသာသနာရေးလုပ်ငန်းအပြင်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းပေါင်းများစွာ လုပ်ကိုင်သာသနာပြုခဲ့သည်။

## ထုတ်ဝေပြီးစာအုပ်များ

၁။ စာရိတ္တနည်းပြ(၁၉၇၈)
၂။ မေတ္တာသည်သာအပန်းဖြေရာ
၃။ အမေနှင့် အမေ့မေတ္တာကဗျာ
၄။ သိမ်နှင့်သာသနာ
၅။ မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်အကျဉ်း
၆။ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ
၇။ မှတ်တိုင်မရောက်မီ သံဝေဂခမ္မကဗျာများ
၈။ ခန္ဓာဉာဏ်ရောက် မိုးကုတ်ဝိပဿနာ
၉။ မိုးကုတ်ဝိပဿနာ ဉာဏပဋိညာ
၁၀။ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ
၁၁။ သီဟိုဠ်နှင့် တရုတ်နိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်သမိုင်း
၁၂။ ရှင်ပြုရဟန်းခံခြင်း၏ အကျိုးကျေးဇူးများ
၁၃။ စံပြသာသနာပြုကျောင်းဘက်စုံသတင်း

၁၄။ ယဉ်ကျေးလိမ္မာ ကိုယ်ကျင့်မင်္ဂလာ
၁၅။ သာသနာတော်နှင့် သိမ်အကြောင်းသိကောင်းစရာများ
၁၆။ ထေရဝါဒခရီးဖော်
၁၇။ လူမှုဖွံ့ဖြိုးရေးအမြင်ဖွင့်စာစောင်
၁၈။ ကိုယ်ကျင့်မင်္ဂလာ
၁၉။ ဖွံ့ဖြိုးရေးမင်္ဂလာ
၂၀။ လူငယ်ဘဝအနာဂတ်ပုံရိပ်
၂၁။ လူမှုဖွံ့ဖြိုးရေးအတွေးအမြင်
၂၂။ ကထိန်အကြောင်းသိကောင်းစရာများ
၂၃။ ဘဝလက်ခံဖြတ်ပိုင်း
၂၄။ ဖူးသစ်ဝေ
၂၅။ မေတ္တာအဓိဋ္ဌာန်
၂၆။ ဘာသာကြီးလေးခု၏ နောက်ခံသမိုင်းအကျဉ်း
၂၇။ ဘာသာရေးဆောင်ပါးအပုဒ်(၂၀)
၂၈။ မြန်မာ့ယဉ်ကျေးမှုအခြေခံသော
လူမှုဖွံ့ဖြိုးရေးမင်္ဂလာဆံရာလက်စွဲ
၂၉။ သူတို့လိုကျောင်းဒကာများ
၃၀။ ဗုဒ္ဓဘာသာမြစ်ဖျားနှင့် သမိုင်းရှုထောင့်
၃၁။ သမိုင်းနှင့် သမိုင်းကိုဖန်တီးသူများ(ယခု)